WWW.DHAMMARANSI.NET

ဘာသာ၊သာသနာနှင့် ယဉ်ကျေးမှုအနုပညာ

# ရတနာမှန်

မဂ္ဂဇင်း



WWW.DHAMMARANSI.NET

ဘာသာသာသနာနှင့်ယဉ်ကျေးမှုအနုပညာ

# ရတနာမွန် မဂ္ဂဇင်း

၁၉၈၇-ခုနှစ်၊ ဇူလိုင်လ၊ အတွဲ-၁၄၊ အမှတ်-၇

**မျက်နှာဖုံးအညွှန်း**

၂ မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)
....အိုနာသေဘေးတို့မှကင်းလွတ်ရာသို့

**ခေါင်းကြီး**

၄ စာတည်းချုပ်....
ဝါတွင်းကာလနှင့် အဘိဓမ္မာတရားတော်

**အတိတ်ကမြန်မာမှု**

၆၂ မောင်အေးမြင့်....ဇာတ်လည်းပိုင် အထားအသို
လည်းနိုင်သည့် မြန်မာ့ရှေးရိုး ပန်းပုလက်ရာ

**ကလေးဖတ်စရာ ဇာတ်ငါးရာ**

၃၇ မင်းသုဝဏ်.... ဝတ္ထုရားကျေပွန်ရှ၍ ကျွန်ဘဝမှ
၆၃ ဝိုင်အစ်ဘီအေ သတင်းလွှာ

**ဆောင်းပါး**


၁၃ ရဝေထွန်း....ကလေးပုတီးစိပ်
၁၆ ဓမ္မာစရိယဦးမောင်မောင်လေး....
မြေလျှိုးမိုးပျံ နိုင်သော ဈာန်အဘိညာဉ်
၁၈ ဌေးလွင်(ဆားလင်းကြီး)....
ဘာကိုအားကိုးမလဲ
၂၀ စိတြ....အဘိဓဇမဟာရဋ္ဌဂုရု ခန္တီဆရာတော်
ဘုရားကြီး၏ မပြီးသေးသောဈာပန
၂၄ ဓမ္မာစရိယဦးအေးနိုင်....
လူဝင်စားဆိုတာ တကယ်ရှိသလား
၂၆ ထီးချိုင့်မြို့-တည်တောဆရာတော်....
အကျိုးသိမြင် အသူရှင်
၂၉ ဉူးမာနိတသိရီ.... စံကင်း ဆရာတော် ဘုရား
ကြီး၏ မြေတန်ဖိုး ဩဝါဒ
၃၁ ကေသရာ....မဟာဏ္ဍသိ ပါဏိနိ
၃၂ သခ်ါ....ကိုယ်တွေ့သင်္ခါရ
၃၅ တင်အောင်သွင်....အသေးအဖွဲ
၄၉ မောင်မဲ....သာမညတောင်
၅၃ သိန်းဆန်းသစ်....အနန္တောအနန္တငါးပါး
ဂုဏ်ကျေးဇူး

**ဝတ္ထု**

၅ သုခ....မွေးကျေးဇူးကို တော်လှန်သူ
၄၁ ပါရဂူ....ကုမာရဒေါသနှင့် ကာလီဒေါသ
၄၅ ချစ်ဦးညို....ငြိမ်းချမ်းရေး မဟာတမန်
လွတ်သူ

WWW.DHAMMARANSI.NET

[illegible]



WWW.DHAMMARANSI.NET

# အို၊ နာ၊ သေဘေးတို့မှ ကင်းလွတ်ရာသို့

နူပျိုရာမှ အိုကြရ၏။
ကျန်းမာရာမှ နာကြရ၏။
အသက် ရှင် လှုပ်ရှားနေရာမှ သေကြရ၏။

ဆင်းရဲ ချမ်းသာမရွေး၊ ဂုဏ်အနိမ့်အမြင့်မရွေး၊ လူမျိုးဘာသာမရွေး၊ မည်သူမဆို သတ္တဝါမှန်သမျှ မလွန်ဆန်နိုင်သော နိယာမတရားပင်တည်း။



## သူအို

ငယ်ရွယ် နုပျိုစဉ်က အားအင်ပြည့် ပြည့် သန် စွမ်း ခဲ့သမျှသော ကြားခြင်း၊ မြင်ခြင်း၊ စားသောက်နိုင်ခြင်း၊ ခံစားနိုင်ခြင်း၊ လှုပ်ရှားနိုင်ခြင်း စသည့် အင်အားမှန်သမျှတို့သည်သက်ရွယ်ကြီးရင့် ''သူအို'' အဖြစ်တရွေ့ရွေ့ရောက် လာ သည် နှင့်အမျှ အနုတ်လက္ခဏာသို့ဖြကာဆုတ် ယုတ် လျော့ ပါး လာ တော့သည်။

## သူနာ

သုံးဆယ့်နှစ် ကောဋ္ဌာသဖြင့် ဖွဲ့စည်းထားသော ဤခန္ဓာကိုယ်တွင်း မြင် မြင်နိုင်၊ မမြင်နိုင်၊ ကြီး၊သေး၊ အစိတ်အပိုင်း၊ကလာပ်စည်းအားလုံးတို့သည် မြေမြဲစ် ညီညွတ်စွာ အချိုးမှန်မှန် လှုပ်ရှား၍ ကျန်းမာလည်ပတ်နေသည့် အခြေအနေမှ အနေ အထားမမှန် အစိတ်အပိုင်းတစ် ခု ခု၊ တစ်စုစုတို့ အိုဟောင်းဖောက်ပြန် လာ သည် နှင့် အမျှ ''သူနာ'' အဖြစ်သို့ တငြိုးငြိုး တငြူငြူရောက်ရှိလာတော့သည်။

## သူသေ

ချစ်သူသားချင်း၊မိသားစု၊ ဆွေမျိုးစု၊ မျိုးနွယ်သင်္ဂဟ၊ ဇာတိမြို့ရွာ၊ တိုင်းပြည်လူမျိုး၊ ရာထူးဂုဏ်သိမ်၊ စည်းစိမ်ဥစ္စာ ဆက်နွယ်ပိုင်ဆိုင်မှုများအပါအဝင် လူ့ပတ်ဝန်းကျင်နှင့် ချစ်ခင်မပျက်၊ တည်တံ့ခိုင်မြဲစွာ အသက်ရှည်ရှည် နေချင်ပါသော်လည်း မနေကြရ၊ သေကြရ၏။ဤသို့ ''သူအို'' အဖြစ် ထက် ''သူနာ'' အဖြစ်က စိတ်မချမ်းမြေ့ဖွယ်ပါတကား။

''သူနာ'' အဖြစ်ထက်''သူသေ'' အဖြစ်က စိတ်နှလုံး ကြေပြုန်းဖွယ်ပါတကား၊ အို၊ နာ၊ သေဘေးမှ ရှောင်လိုကြ၏။ မိမိတို့ စွမ်းအားရှိသရွေ့ ကာကွယ်ကြ၏။ ခုခံကြ၏။ ရှောင် ပြေးကြည့်ကြ၏။ အခိုက်အတန့် အား ဖြင့်မူ ကာ ကွယ် နိုင်သယောင်၊ ခုခံနိုင်သယောင်၊ရှောင်ပြေး နိုင်သယောင်ရှိ၏။အဆုံးတွင်မူ အို၊ နာ၊ သေဘေး၏ ခံတွင်းသို့သာ သက်ဆင်းကြရလေ သည်ပါတကား။

ဗုဒ္ဓမြတ်စွာ၏ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးသည် အိုနာ သေဘေးတို့မှ ကင်းငြိမ်းရာနိဗ္ဗာန်သို့ အလင်းဆောင်လမ်းညွှန်လျက် ရှိချေသည်။

ဘုရားအလောင်း သိဒ္ဓတ္ထသည် အို နာ သေဘေးတို့ကို သိမြင်တော်မူပြီးနောက် များ ပြား လှသော ကာမဂုဏ်စည်းစိမ်၊နန်းစည်းစိမ်နှင့် သမုဒယ နှောင်ကြိုးတို့ကို ဖြတ်တောက် ကျော ပေး ကာ မဟာသက္ကရာဇ် ကိုးဆယ့်ခုနှစ်ခု၊ သက်တော် နှစ် ဆယ့် ကိုး နှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် တောထွက်တော်မူခဲ့လေသည်။ ။

မောင်အေးမြင့်
(မြန်မာ့ရိုးရာဓိုင်း)

WWW.DHAMMARANSI.NET



# ဝါတွင်းကာလနှင့် အဘိဏှ တရားတော်

မဝေးလွန်းသော ကာလတွင် ဝါတွင်းသို့ ရောက်ပေဦးတော့မည်။ ထို ဝါတွင်းကာလ၌ ရဟန်းတို့အနေဖြင့် ညဉ့်အိပ်ညနေ သွားလာခြင်း မပြုကြကုန်ဘဲ မိမိဝါဆိုရာကျောင်းတွင် တရားအလုပ်ကို အားထုတ်၍ နေတော်မူကြကုန်၏။ လူတို့အနေအားဖြင့်လည်း ဥပုသ်သီတင်း စောင့်သုံးခြင်း ဟူသော ကုသိုလ်ခလေ့ဖြင့် မွေ့လျော်လေ့ ရှိကြပေသည်။

ပဉ္စအင်္ဂုတ္တရ ပါဠိတော်ကြီး၌ အမြဲသတိချပ်ရန် သုတ်တစ်သုတ်ကို ဗုဒ္ဓမြတ်ဘုရား ဟောကြားသွားတော်မူ၏။ သုတ်၏အမည်မှာ "အဘိဏှ-ပစ္စဝေက္ခိတဗ္ဗဋ္ဌာနသုတ်" ဟူပေ၏။ ထိုသုတ်၏ အနှစ်ချုပ်မှာ ရဟန်းရှင်လူ သူခပ်သိမ်းတို့ အမြဲ သတိချပ်ကြရမည့် အချက်ကြီးငါးချက် ဖြစ်လေသည်။

(၁) ငါသည် အိုခြင်းသဘော ရှိ၏။ အိုခြင်းသဘောကို မလွန်-ဆန်နိုင်။

(၂) ငါသည် နာခြင်းသဘော ရှိ၏။ နာခြင်းသဘောကို မလွန်-ဆန်နိုင်။

(၃) ငါသည် သေခြင်းသဘော ရှိ၏။ သေခြင်းသဘောကို မလွန်-ဆန်နိုင်။

(၄) ငါ ချစ်မြတ်နိုးသော အရာများနှင့် သေကွဲ၊ ရှင်ကွဲ၊ ကွဲရချေမည်။

(၅) ငါသည် ကံသာလျှင် မိမိဥစ္စာရှိ၏။ ကံသာလျှင် အမွေခံရှိ၏။ ကံသာလျှင် ဆွေမျိုး၊ ကံသာလျှင် ကိုးကွယ်ရာရှိ၏။

ဤသို့ အမြဲသတိချပ်ရမည့် အချက်ကြီး ငါးချက်ကို ဟောတော်မူပြီး တစ်ဆက်တည်းပင် ဤသို့ အမြဲ ဆင်ခြင်ခြင်း၏ အကျိုးသက်ရောက်မှုများကိုပါ မြွက်ကြားသွားတော်မူပေသည်။

ဝါတွင်းကာလသည် သူတော်ကောင်းတို့ တရားခလေ့ဖြင့် မွေ့လျော်ရာ အချိန်ကာလ ဖြစ်သောကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားသွားတော် မူသော လူတိုင်း လူတိုင်း အမြဲမပြတ် သတိချပ်ကြရမည့် အဘိဏှသုတ် တရားကို ပွားများ အားထုတ်သင့်ကြောင်း ရေးသားဖော် ပြလိုက်ရပါသတည်း။




''ဘဘ''

''ဆိုစမ်း မောင်လှအေး''

''လက်ယာရံ ဓမ္မသေနာပတိ၊ အရှင်သာရိပုတြာကြီးကတော့ ပရိနိဗ္ဗာန်စံယူကာနီး မိခင်ကြီးကို သောတာပန် အရိယာဖြစ်အောင် ''မွေးကျေးဇူး'' ဆပ်တော်မူခဲ့တယ်။ လက်ဝဲရံ ဖြစ်တော်မူတဲ့ အရှင်မဟာမောဂ္ဂလာန်ကြီးကကော အရှင်သာရိပုတြာလို မိခင်ရဲ့ မွေးကျေးဇူး ဆပ်ခဲ့သေးသလားလို့။''

''အင်း....မင်းကတော့, သံသရာ အဆက်ဆက်က ဆိုးတူကောင်းဘက်, ဆက်ဆံပေါင်းသင်း လာကြတဲ့ သူငယ်ချင်းနှစ်ယောက် ဖြစ်တာမို့ တစ်ယောက်နည်းတူ တစ်ယောက်က ပြုမှုနိုင် လိမ့်မယ်သို့ ယုံကြည်

WWW.DHAMMARANSI.NET



မျှော်လင့်ဟန် တူပါရဲ့။ မင်း....မေးလိုက်တဲ့ စကားစ ကြောင့် ယူကျုံးမရစရာတွေ တသ, အောက်မေ့မိ လိုက်တယ်ကွယ်။ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး အတူတူ ဆုတောင်းပြီး အတူတူ ကျင့်ကြံ လာခဲ့ကြတဲ့ သူငယ်ချင်းနှစ်ယောက်။ တစ်ယောက်က မြွေးကျေးဇူးကို ကောင်းစွာဆပ်ပြီးမှ ပရိနိဗ္ဗာန် ပြု တော်မူရတယ်။ တစ်ယောက်ကတော့ မွေးကျေးဇူးကို တော်လှန်ပစ်မှား စော်ကားရက်စက်ခဲ့တဲ့ တစ်ခုသော ဘဝက 'အပရာပရိယကံ' ကြောင့် ဖွတ်ဖွတ်ညက်ညက် ကြေအောင် အရိုက်အနှက်ခံရပြီးမှ ပရိနိဗ္ဗာန်ပြုတော် မူရရှာတယ်ကွယ်။''

''အို...ဖြစ်မှဖြစ်ရလေ ဘဘရယ်။ လူ့ဘဝတုန်း ကလဲ အဆင့်အတန်းတူ၊ ဉာဏ်ပညာ အရည်အချင်း ကလဲတူ၊ မေတ္တာစစ်ကလဲ ချစ်ရည်တူ၊ ဘုရားကိုယ် တော်မြတ်ကြီးရဲ့ အဂ္ဂသာဝက ရာထူးကြီးရပြန်တော့ လဲ လက်ဝဲရံ၊ လက်ယာရံ၊ ဖြစ်တော်မူခဲ့ ကြရ တာ မနော် ဘဘ''

''ဟုတ်ပါတယ်၊ မောင်လှအေးရယ်။ အရှင် ၂ ပါးကို အဂ္ဂသာဝက အရာပေးတော် မူတုန်းက ပုထု ဇဉ် ရဟန်းတော်များ သံသယ အ,ကုသိုလ် မဖြစ်ရ အောင် ဟောတော်မူရ သေးတယ်။ အဂ္ဂသာဝက အရာ ချီးမြှင့်ခြောက်စားတော် မူရတာဟာ လွန်ခဲ့ သော တစ်သင်္ချေ ကမ္ဘာတစ်သိန်းက 'အနောမဒဿီ' မြတ်စွာဘုရား အထံတော်မှ 'နိယတ' ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ကြရသည့်အတွက် သူတို့ နှစ်ဦးရဲ့ ပါရမီ၊ ဿမ္ဘာရအလျောက်, ချီးမြှောက်ရကြောင်း (မျက်နှာ လိုက်၍ ပေးတော် မူခဲ့သည် မဟုတ်ကြောင်း) မိန့် မြွက်တော်မူရ ပါတယ်။ 'အဂ္ဂသာဝက' ဆိုတဲ့ အဓိ- ပ္ပါယ်က တပည့်သာဝကတို့ ရှိသမျှ အထဲတွင် အဂ္ဂ အသာလွန်ဆုံး၊ အမြင့်ဆုံးဆိုတဲ့ ဘွဲ့ထူးကြီး ပေကိုး မောင်လှအေးရဲ့။ မြတ်စွာဘုရား ကိုယ်တော်မြတ်က အဲသလို ရှင်းလင်းဟောပြတော် မူလျက်နှင့် အရှင် ဒေဝဒတ်တို့များ မလိုတမာ, ဣဿာ မစ္ဆေရ အညှိုး ကြီးတော် ထားလိုက်ပါသေးတယ်။ ဒီရာထူးကြီးကို ပေးချင်းပေးလျှင် သူ့ကိုသာ ပေးဆိုက် တယ်ပေါ့။ သူက သကျသာကီဝင် အစစ်၊ မြတ်စွာ ဘုရား၏ ညီတော် တစ်ဝမ်းကွဲ ယသော်ဓရာဒေဝီရဲ့ မောင်တော် အရင်း ဖြစ်လို့ မြတ်စွာ ဘုရား၏ ယောက်ဖတော် စစ်စစ်။ နောက်ပြီး, မြတ်စွာဘုရားကို နောက်တော် ပါးက ပြုစုလုပ်ကျွေးရအောင် မင်းစည်းစိမ် တွေကို စွန့်ပြီး ရဟန်းလိုက်ဝတ်ကြတဲ့ မင်းသား ညီနောင် ခြောက် ယောက်မှာ တစ်ယောက် အပါအဝင်။ ဒါ့ကြောင့် ပေးချင်းပေးရင် သူ့သာပေးဆိုက်တယ်။ ဖိတ်ချင်းဖိတ်ရင် ကိုယ့်အိတ်ထဲဖိတ်ရမယ်ပေါ့။''

''အင်း...သာဝက အချင်းချင်းသဲ မနာလိုစိတ် ရှိကြတာဘဲနော်။ ကြောက်စရာ ကောင်းလိုက်တာ။''

''သံဝေဂယူစရာပေါ့ကွယ့်။ ဒေဝဒတ်ဟာ လော ကုတ္တရာ တရား မရသေးဘူး။ ဒီတော့ သုပ္ပဋိပန္နဂုဏ်၊ ဥဇုပ္ပဋိပန္နဂုဏ်၊ ဉာယပဋိပန္န ဂုဏ်၊ သာမီစိပဋိပန္န ဂုဏ် တော်တို့နှင့် မပြည့်စုံလို့နေမှာပေါ့။ သူတွေး သလိုသာ တွေးရမယ်ဆိုရင် ပဉ္စဝဂ္ဂီတို့ရဲ့ အကြီးအမှူး ဖြစ်တဲ့ အရှင်ကောဏ္ဍည မထေရ်ကြီးဆို ဘယ့်နှယ် လုပ်မတုန်း။ မင်းကြည့်စမ်း။ ဗုဒ္ဓသာသနာတော်၌ အစ ပထမဦးစွာ ရဟန္တာဖြစ်ရတဲ့ ပုဂ္ဂိုလ်ကြီး။ တရားဦး ဓမ္မစကြာ ဟောတော်မူတဲ့ အခါမှာ ရှေးဦးစွာ (အရှင် ဆုံး) နားလည် သဘောပေါက် သွားသူ ဖြစ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင်က–

''အညာသိဝတဘော ကောဏ္ဍညော၊ အညာသိ ဝတဘော ကောဏ္ဍညော'' လို့ နှစ်ခွန်း ထပ်ဆင့် ဝမ်းမြောက်ကျေနပ်သော ဥဒါန်းတော်ကို ကျူးရင့် တော်မူခဲ့ပါသတဲ့။''

''အဲဒီ စကားအဓိပ္ပါယ်ကို သိချင်လိုက်တာ ဘဘ ရယ်။''

''ဘော=အိုအချင်းတို့။ ဝတ=စင်စစ် အားဖြင့် 'တကယ်ကို'၊ ကောဏ္ဍညော=ကော ဏ္ဍ ည သည်၊ အညာသိ=သစ္စာ ၄ ပါးတရားတော်ကို သိလေပြီတဲ့။ အဲသလို မြတ်စွာဘုရား၏ နှစ်ခြိုက်အားရစွာ ဥဒါန်း မိန့်မှုကို ခံယူရတဲ့အတွက် မူလ 'ကောဏ္ဍည' ဆိုတဲ့ ဘွဲ့နာမတော်ရှေ့က 'အညာသိ' ဆိုတဲ့ ဘွဲ့ကို ထပ်တိုး ၍ 'အညာသိကောဏ္ဍညော'=ရှေးဦးစွာ တရားရသူ ကောဏ္ဍညလို့ ထင်ရှားခဲ့ပါသတဲ့။ အဲဒီတော့ မနိုင်း ကောင်း မယှဉ် ကောင်း နှိုင်းယှဉ် ကြည့်ရ ရင်

WWW.DHAMMARANSI.NET


(ဒေဝဒတ်စိတ်မျိုးနဲ့ဆိုရင်ပေါ့ကွာ) အရှင်ကောဏ္ဍည မထေရ်ကြီးဟာ ဝမ်းနည်းစရာ မကောင်း ဘူးလား ကွာ။''

''ဝမ်းနည်းစရာကြီးပေါ့ ဘာဘရယ်။ ဘယ့်နှယ်, ရှေးဦးစွာ တရားသိသူ။ ရှေးဦးစွာ ရဟန္တာဖြစ်သူ ပုဂ္ဂိုလ်ကြီး မဟုတ်လား။''

''အေး အဲဒါပေါ့ကွ၊ သံဃာ့ဂုဏ်တော်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်နဲ့ မပြည့်စုံတဲ့ပုဂ္ဂိုလ် ကွာခြားနေတာ။ အ ရှင် ကော ဏ္ဍ ညမထေရ်ကြီးက မတုန်လှုပ်တဲ့အပြင် ဘယ်ကလောက်များ အလိုက်သိတော်မူသလဲ၊ဘယ်လိုကြံ စည် တော် မူသလဲ၊ ပြောရဦးမယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ပါရမီဆုတောင်း ဗျာဒိတ်တော် အရ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို အ မြင့် ဆုံး သာ ဝ က နှစ်ပါးအဖြစ် ရာထူးဌာနန္တရ ပေးတော်မူတယ်။ ဂုဏ်အားဖြင့် ဆိုလျှင် ငါကိုယ်တိုင်က ရှိသေလေးစား 'သ ဂါရ ဝ ပြုမူရမယ်။ အဲသလိုပြု မူ တဲ့ အခါတိုင်း အရှင်နှစ်ပါးတို့မှာ မိမိက ဝါကြီး သူ ဖြစ် ၍ 'မခံမကောင်း၊ ခံမကောင်း' ကောဏ္ဍညမထေရ်က သက်တော်အားဖြင့်လည်း ဗုဒ္ဓမြတ်စွာထက်ပင် တစ်ဆယ့်ခြောက်နှစ် ကြီးသေးတယ်ကိုး။ ဒါကြောင့် အားတုံ့ အားနာ ကသိကအောင့် စိတ်ဆင်းရဲခြင်း ဖြစ်တန်စရာရှိတယ်။ အရှင်နှစ်ပါးက ဤသဘောမျိုးမရှိတဲ့တိုင်အောင်အများသော သာဝကတို့အလယ်မှာ မဘင့်မတယ် ဖြစ်နိုင်စရာရှိတယ်။ ငါ့မှာ မြတ်စွာဘုရား၏ ကျေးဇူးတော်ဖြင့် အရဟတ္တဖိုလ်ပေါက်၊ သံသရာဝဋ်မှ ကူးမြောက်ပြီးသော ရဟန္တာစင်စစ်ဖြစ်လေတယ်။ ဒါ့ကြောင့် သံဃာများအလယ်တွင် သီတင်းသုံးနေထိုင်ရသည်ထက် မြတ်စွာဘုရားအား ခွင့်ပန်၍ ဆဒ္ဒန်အိုင်ကြီးတွင် စေတာရီ ကျင့်နေခြင်းက နှစ်ဦးနှစ် ဖက် သက် သောင့် သက် သာ သာယာစရာဖြစ်ပေလိမ့်မယ်လို့ ဆုံးဖြတ် ကြံစည်တော်မူပါသတဲ့ကွယ်။ ဒီတော့ ဗုဒ္ဓမြတ်စွာထံခွင့်ပန်၍ ဆဒ္ဒန်အိုင်ကြီးမှာ ဆင်အပေါင်းရဲ့ အလုပ်အကျွေးကို ခံယူကာ စံနေတော်မူလိုက်တာဟာ ပရိနိဗ္ဗာန်ပြုကာနီးမှ ဗုဒ္ဓထံမှောက် ထိုကစ်ခေါက်သာ အရောက်လာတော်မူပါသတဲ့ကွယ်''

''သူတော်ကောင်းကြီးများဟာမိမိကိုယ်တိုင်အပြစ်ဆိုလို့ မြူမှုန်ကလေးလောက်မျှ အငြိအငြင် အတွယ်အကပ်မရှိအောင် ကျင့်တော်မူရုံ မဟုတ်သေးဘူး။ မိမိကြောင့် သူတစ်ပါးမှာ အပြစ်တစ်စုံတစ်ရာ မရှိရအောင် စောင့်ရှောက် ထိန်းသိမ်းတော်မူကြပါတယ်။''

''အံ့ဩစရာကြီးပါဘဲ၊ ကြည်ညိုစရာကြီးပါဘဲ''

''အေး....မင်းနဲ့ငါနဲ့စကားစပျောက်ပြီး အူပေါက်သွားပြီနဲ့တူတယ်၊ အရှင်မဟာမောဂ္ဂလာန်အကြောင်း ပြောရာက အရှင်ကောဏ္ဍည မထေရ်ကြီးအကြောင်း ရောက်လာပြီလေ။''

''စကားစပ်မိလို့ သာဖြင့် ပြောသာ ပြောစမ်းပါဘာဘရယ်၊ကျွန်တော်တို့က ရှုသမျှအမြတ်ချည်းပဲ။''

''ကဲ....ဒီတော့အ ရှင်မဟာမောဂ္ဂလာန်အလောင်း လက်ဝဲတော်ရံ ဗျာဒိတ်ခံတော်မူတဲ့ အကြောင်းကစ၍ ကောက်ကြဦးစို့၊ ရှင်သာရိပုတ္တရာအလောင်း သရဒ ရသေ့ဖြစ်တော်မူစဉ် ကအနောမဒဿီ မြတ်စွာဘုရား ထံမှာလက်ယာရံအဂ္ဂသာဝကဆုကို တောင်းခဲ့ကြောင်း မင်းကိုငါပြောပြီးပြီနော်၊ အေး.... ရသေ့ မလုပ်ခင် သေဋ္ဌေးသားသရဒဟာ စန္ဒဝတီမြို့မှာ နေစဉ်က ချစ်ကျွမ်းဝင်တဲ့သူငယ်ချင်းတစ်ယောက် ရှိတယ်၊ သူ့အမည်က 'သိရိဝဍ္ဎန'တဲ့၊၊သရဒရသေ့ကအနိစ္စတရားကိုဆင်ခြင်မိလို့ တောထွက်မယ်ပြုတဲ့အခါ သူငယ်ချင်း 'သိရိဝဍ္ဎန'ကို တိုင်ပင်ပါတယ်၊ ဒီတော့ 'သိရိဝဍ္ဎန' သေဋ္ဌေးက လောလောဆယ်တော့တောထွက်၍ရသေ့လုပ်ပြီးတရားမကျင့်နိုင်သေးတဲ့အကြောင်း၊လူ့ဘောင်ထဲမှာပင်အလှူဒါနတို့ဖြင့် မွေ့လျော်ပြီး နေနေခဲ့မည့် အကြောင်း၊အကယ်၍သရဒလုလင်၌ ထူးထူးခြားခြား တရားအမွန်အမြတ်ရလျှင်ဖြင့် သူ့ကိုပြန်၍မိန့်ဟ ပြောဆိုဖို့အကြောင်း တောင်းပန်လိုက်ပါသတဲ့၊ အဲသည်နောက် သရဒလုလင်ဟာ ရသေ့ ပြုလုပ်တယ်ကွယ့်၊ သူ့ကို အားကျပြီး အခြားသော မိတ်ဆွေအပေါင်း အသင်းများက တရားလိုက်ကျင့်ကြတာ ခုနစ်နှစ်ကြာတော့ တပည့်ပေါင်း ခုနစ်သောင်းလေးထောင်ရှိလာပါသတဲ့၊ သရဒရသေ့ကိုယ်တိုင်က လောကီဈာန်သမာပတ်များရရှိထားပြီးလေတော့ တပည့်အပေါင်းကိုလည်း သင်ကြားပြသပေးပါတယ်။

WWW.DHAMMARANSI.NET



တစ်နေ့တော့အနောမဒဿီမြတ်စွာဘုရားကသရဒရသေ့ထံကြွတော်မူလာတယ်ကွယ်၊ သရဒရသေ့နှင့် တပည့်ပေါင်း ခုနစ်သောင်းလေးထောင်က မြတ်စွာဘုရားနှင့်လက်ဝဲရံ၊လက်ယာရံ နောက်ပါ သံဃာတော်အပေါင်းကို သစ်သီးဆွမ်းနှင့်တကွ ပန်းမွေ့ရာပလ္လင်ခင်းပြီး ဝတ်ပြုလှူဒါန်းတယ်လေ၊ အနောမဒဿီ မြတ်စွာဘုရားက လက်ယာရံအဂ္ဂသာဝကဖြစ်တဲ့ အရှင်နိသဘရဟန္တာမြတ်ကို အနုမောဒနာတရား ဟောကြားတော်မူစေတယ်၊ အဲဒီအခါမှာသရဒရသေ့က လက်ယာရံကိုယ်တော်ကိုအားကျကြည်ညိုပြီး၊ သူကိုယ်တိုင်နောင်ပွင့်လတ္တံ့သောဘုရားတစ်ဆူ၏အဂ္ဂသာဝကလက်ယာရံဖြစ်ရပါစေကြောင်း ဆုတောင်းပြီး ဗျာဒိတ်ခံယူတော်မူတဲ့အခါအနောမဒဿီမြတ်စွာဘုရားက'နောင်သောကာလ ဘဒ္ဒကမ္ဘာတွင် ထင်ရှားတစ်ဆူပွင့်တော်မူမည့် ဂေါတမမြတ်စွာဘုရား၏ လက်ယာတော်ရံဖြစ်လိမ့်မည့်အကြောင်း' ဗျာဒိတ်ပေးတော်မူပါသတဲ့၊ ဒါတွေကိုမွေးကျေးဇူးနဲ့ပတ်သက်ပြီး၊ မနေ့က ငါပြောခဲ့ပြီးထင်ပါရဲ့ကွာ။''

''ဟုတ်ပါရဲ့ဘဘ၊ မနေ့က ကျွန်တော်တစ်ခု မေးမလို့ဟာ ဒီနေ့မှ သတိရတယ်၊ ရှင်သာရိပုတ္တရာအလောင်း သရဒ ရသေ့ကတော့ အဂ္ဂသာဝကဆုတောင်းတယ်၊ တပည့်ပေါင်း ခုနစ်သောင်း လေးထောင်ကတော့ ဘာဆုများ အသီးသီး တောင်းကြသလဲ။''

''ဘာဆုမှမတောင်းကြဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် တရားအမြိုက်ဆေး တိုက်ကျွေးဆုံးမတော်မူလို့ အာသဝေါကင်းကွာပြီး ရဟန္တာဖြစ်ကုန်ကြပါလေရော။''

''ဟင်....အဲဒီဘဝမှာပဲ နိဗ္ဗာန်ကို စံဝင်တော်မူကုန်ကြတာပေါ့နော်။''

''အေးပေါ့ကွ။''

''အရှင်သရဒ ရသေ့ကတော့ မြတ်စွာဘုရားနဲ့တွေ့တော်မူပြီး တရားနာယူရတာတောင် ရဟန္တာမဖြစ်ဖူးပေါ့နော်၊ ဟုတ်လားဘဘ။''

''အေး....ဆုကြီးပန်ပုဂ္ဂိုလ်တိုင်း တစ်ဘဝတည်းနဲ့အဆုံးသတ်ပြီး ကိုယ်လွတ်ရုန်းတော် မမူကြပါဘူး၊ သတ္တဝါ ဝေနေယျအတွက် နောင် လာလတ္တံ့သောသာသနာတော်အတွက် အာဇာနည်ပီပီ သံသရာရှည်ကြာအောင် ပါရမီတော်များ ဖြည့်ကျင့်ရပါသတဲ့။ တို့မြတ်စွာဘုရား ဂေါတမဗုဒ္ဓ အလောင်းတော်ကိုပဲကြည့်။သုမေဓာရှင်ရသေ့ ဘဝက ဒီပင်္ကရာမြတ်စွာဘုရားနဲ့တွေ့ပြီးရဟန္တာဖြစ်နိုင်ပါလျက်နဲ့ သမ္မာသမ္ဗုဒ္ဓဆုကြီးကိုပန်ပြီး၊ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ ဘဝ, ဘဝများစွာ ပါရမီဖြည့်တော်မူခဲ့ရပါတယ်။''

''ကဲ....ရှင်မဟာမောဂ္ဂလာန် အကြောင်းကို ပြန်ဆက်ကြပါဦးစို့၊ သရဒရသေ့က လက်ယာရံဖြစ်ရပါမည့်အကြောင်းဗျာဒိတ်ဆုတောင်းပြီးတော့သူငယ်ချင်းဟောင်း သိရိဝဍ္ဎနသေဌေးထံပြန်လာပြီး အကြောင်းကြားတယ်တဲ့ကွယ်၊ ငါတော့ လက်ယာရံ ဆုရခဲ့ပြီ။ အသင်သေဌေးလည်း ငါနဲ့မကွေမကွာ သံသရာမှာကောင်းကျိုးပြုရအောင် ဆုတစ်ခုခု တောင်းပါလို့တိုက်တွန်းတော်မူသတဲ့။ ဒီတော့ သိရိဝဍ္ဎန သေဌေးက 'သင်ကလက်ယာရံဆိုရင် ကျွန်ုပ်က လက်ဝဲရံအဖြစ်ဆုတောင်းရမှာပေါ့လို့ ဝမ်းသာအားရ ပြောပြီးအနောမဒဿီမြတ်စွာဘုရားနှင့်တကွ သံဃာတော်တစ်သိန်းကိုပင့်၍ ကြီးကျယ်စွာအလှူဒါန ပြုပါတယ်။ အဲဒီနောက်လက်ဝဲရံ အဂ္ဂသာဝကဖြစ်ရပါစေကြောင်းဆုတောင်းတယ်။အနောမဒဿီမြတ်စွာဘုရားကလည်း အနာဂတံသဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူ၍ ပြည့်စုံလုံလောက်သော ဥပနိဿယအကြောင်းတို့ကိုမြင်ဇတော်မူပြီး၊ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါမှာ တန်ခိုးအဘိညာဉ်အရာ၌ ဧတဒဂ်ဆုနှင့်တကွ လက်ဝဲတော်ရံအရှင်မဟာမောဂ္ဂလာန် ဖြစ်လာလိမ့်မယ်လို့ ဗျာဒိတ်ပေးတော်မူပါသကွဲကွယ်။ အဲဒါ သူငယ်ချင်းနှစ်ယောက်တို့ရဲ့ဗျာဒိတ်ခံရာအကြောင်းပဲ။''

''ထူးဆန်းလိုက်တာဘဘရယ်၊ အနောမဒဿီဘုရားလက်ထက်တော်တုန်းကလဲ သူငယ်ချင်းနှစ်ယောက်ဟာ တစ်ဦးကတရားရလျှင် တစ်ဦးကိုပြောစတမ်းလို့ ကတိကဝတ်ပြုခဲ့ကြတယ်နော်။ယခု မြတ်စွာဘုရားလက်ထက်ကျတော့လဲ ဥပတိဿနဲ့ ကောလိတ သူငယ်ချင်းနှစ်ယောက်ဟာ တစ်ဦးက တရားရလျှင် တစ်ဦးကိုပြောစတမ်းလို့ကတိကဝတ်ပြုကြပြန်တာပဲ။''

WWW.DHAMMARANSI.NET



''အေးပေါ့ကွ၊ ကလျာဏမိတ္တဆိုတဲ့ သူငယ်ချင်းမျိုးတွေကိုး။ တို့ဝါတွေအတွက်လည်း ဒီလိုသူငယ်ချင်းမျိုးလိုတယ်နော်။ ကဲ....ဆက်ကြဦးစို့။ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ဟာ တန်ခိုးအဘိညာဉ်အရာမှာ ဧတဒဂ်ရတော်မူတယ်။ ဘယ်လောက်များ တန်ခိုးတော်နှင့်ပြည့်စုံသလဲဆိုရင် အခါတစ်ပါးမှာ သိကြားမင်းရဲ့ နတ်နန်းဝေဇယံပြာသာဒ်ဖျားကို ခြေမတော်နှင့်ညှပ်၍ သွက်သွက်ခါအောင် တုန်လှုပ်ချောက်ချားစေ၍ တန်ခိုးပြပြီး ဆုံးမတော်မူခဲ့ဘူးတယ်။ တစ်ခါကလည်း မြတ်စွာဘုရားအား ပြစ်မှားသတ်ဖြတ်လိုတဲ့ နန္ဒောပနန္ဒနဂါးမင်းကို အပြစ် ကြီးစွာ ပြုမိသော ကျောင်းသားသူငယ်မိုက်အား ကျောင်းဆရာက ရိုက်နှက်ဆုံးမသကဲ့သို့ တန်ခိုး အဘိညာဉ် အမျိုးမျိုးဖြင့် ညဉ်းဆဲ ဆုံးမတော်မူခဲ့ရဘူးတယ်။ ငရဲပြည်နှင့် နတ်ပြည်တို့ကို လူးလာတုံ့ခေါက် ကြွရောက်တော်မူနိုင်ခဲ့တယ်။ အဲဒီ အကြောင်းတွေကို အကျယ် သိချင်ရင် ''မဟာဗုဒ္ဓဝင်''ကို ဖတ်ပါကွာ။ ငါပြောချင်တာက အဲ့သလောက် တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံတော်မူတဲ့ လက်ဝဲတော်ရံ ရဟန္တာကြီးပင်လျှင် မွေးကျေးဇူးကို ပြစ်မှားမိခဲ့တဲ့ ကံဟောင်းကြောင့် ဖွဲ့အိတ်တမျှ အရိုးတွေ၊ အသားတွေ ဖွတ်ဖွတ်ကျေပြီးမှ ပရိနိဗ္ဗာန်စံယူတော်မူရတဲ့အကြောင်းပါပဲ။

''ဖြစ်ရပုံအစက ဒီလိုကွာ....။ အခုနငါပြောခဲ့သလို လက်ဝဲတော်ရံကိုယ်တော်ကြီးက ငရဲပြည်ကိုကြွပြီး ပြန်လာတဲ့အခါမှာ တိတ္ထိဆရာကြီး မည်သူ မည်သူတို့၊ တပည့်ဥပါသကာ, မိစ္ဆာဒိဋ္ဌိ မည်သူ မည်သူ တို့ဟာ ဘယ်ငရဲ,ဘယ်ငရဲမှာ ခံနေကြရရှာကြောင်း ပြန်လည်ဟောပြတယ်၊ နတ်ပြည်အသီးသီးမှပြန်ကြွလာတဲ့အခါတိုင်းလည်း ဗုဒ္ဓသာသနာ၊ ဗုဒ္ဓရဲ့အဆုံးအမတို့ကိုလိုက်နာကျင့်ဆောင်ခဲ့ကြတဲ့ ဥပါသကာ,ဥပါသိကာမတို့ဟာ ဘယ်ဘုံဘယ်ဘုံမှာနတ်စည်းစိမ်ချမ်းသာတို့ကို စံစားနေရကြောင်း ဟောပြောတော်မူပါသတဲ့။ အဲ့ဒီစကားကို ကြားရတော့ တိတ္ထိဆရာကြီးများရဲ့တပည့် ဝေနေယျတို့ဟာ မိမိတို့ရဲ့ဂိုဏ်းဆရာ၊ မိမိတို့ရဲ့ အယူဟောင်းတို့ကို စွန့်ပယ်ပြီး ဗုဒ္ဓသာသနာကို ကူးပြောင်းလာကြပါသတဲ့။ ဒီတော့ တိတ္ထိဂိုဏ်း အသီးသီးမှာ လာဘ်လာဘဆုတ်ယုတ်ပြီး 'စားရှာမဲ့၊ သောက်ရှာမဲ့'ဖြစ်ကုန်ကြပါရော။ အဲ့ဒီမှာတင် အရှင်မဟာမောဂ္ဂလာန်ကို အညှိုးထားပြီး သူခိုးငှား၍ အရိုက်ခိုင်းရန် စီမံနေကြပြီ။

''အဲ့ဒီအချိန်က အရှင်သာရိပုတြာကြီးလည်း ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီ၊ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်လည်း နောင် ၃ လ လွန်သောအခါ ပရိနိဗ္ဗာန်ပြုတော်မူဖို့ **အာယုသင်္ခါရ လွှတ်တော်မူခဲ့ ကတိ ၊ပြီးခဲ့ပြီ။** ဝေလုဝရွာမှာ မြတ်စွာဘုရား ဝါဆိုတော်မူစဉ်အခါက ရှင်မဟာမောဂ္ဂလာန်မှာ ရာဇဂြိုဟ်ပြည် အနီးကာဠသိဂိလိတောင်နံပါး၊ ကာဠသိလာကျောက်ဖျာကို ကျောင်းပြု၍ တစ်ပါးတည်း သီတင်းသုံးနေတော်မူတယ်။

''မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်သို့ ကြွရောက်သီတင်းသုံးတော်မူတဲ့အခါမှာရှင်မဟာမောဂ္ဂလာန်က လက်ယာရံသာရိပုတြာ မထေရ်ကဲ့သို့မိမိလည်း မြတ်စွာဘုရားထက်ဦးစွာ ပရိနိဗ္ဗာန်ပြုရမည်ကို သိထားတော်မူပါသတဲ့။

တစ်နေ့တော့ တိတ္ထိ ဆရာကြီး များက အသပြာတစ်ထောင်ပေးငှားထားတဲ့လူဆိုးကြီး 'သမဏဂုတ္တိက' ဟာ အရှင်မဟာမောဂ္ဂလာန်ကို ခြေရာခံမိလို့ တပည့်ပေါင်း ၅၀၀နှင့် လာကြတယ်။ ရိုက်နှက်သတ်ဖြတ်ကြရအောင်ပေါ့ကွာ။ အဲ့ဒါကို တန်ခိုးတော်ရှင်လက်ဝဲရံကိုယ်တော်ကြီးက ကောင်းကင်ထက်ကိုကြွပြီး ရှောင်ရှားနေတော်မူပါတယ်။ 'သမဏဂုတ္တိက'အဖွဲ့ကအရှင်မြတ်ကြီးအား မတွေ့တော့၊ နောက်တစ်နေ့ ပြန်လာကြပြန်ရော။ အရှင်မြတ်ကြီးကလည်း အဘိညာဉ်နှင့် ကောင်းကင်ကိုကြွပြီး ရှောင်ပြန်ပါသတဲ့။ အဲ့သလိုနဲ့ ခြောက်ရက်မြောက်ပြီးတဲ့ နောက်တစ်နေ့ မှာတော့ အရှင်မြတ်ကြီးက ရှောင်နေလို့ဖြင့် ဘဝဟောင်း က အ,ကုသိုလ်ကံကြွေးကို ပြေးလွတ်မှာ မဟုတ်တဲ့အတူ လူငါးရာတို့ရဲ့အရိုက်အနှက်ကိုခံတော်မူလိုက်ရပါသတဲ့ကွယ်''

''ဘယ်လို အ,ကုသိုလ်ကံကြွေးလည်း ဘဘရယ်''

''ဟို....ယခင့်–ယခင်ကာလ၊ နှစ်ဥ ဘဝ တစ်ခုမှာ ရှင်မောဂ္ဂလာန်အလောင်းဟာ မျက်မမြင် မိဘနှစ်ပါး

WWW.DHAMMARANSI.NET



ကို ခစား လုပ်ကျွေး နေရှာပါသတဲ့။ အဲဒီအခါမှာ ယုတ်မာဆိုးဝါးတဲ့ မယား ဖြစ်သူက မနာလိုငြူစူ တဆူဆူနေပါသတဲ့။ နောက်ဆုံး....ဘယ်အဖြစ်အထိ ရောက်လာသလဲဆိုတော့ 'မိဘကိုပစ်မလား ၊ ကျွန်မကို ပြစ်မလား'လို့ အရေး ဆိုလာတယ်ပေါ့။ ဒီတော့ လင်လုပ်တဲ့သူက 'မင်းကိုချစ်လွန်းလို့ မပစ်နိုင်ပါဘူး ကွယ်။ ငါ့မိခင်၊ ဖခင်ကို ပစ်ရအောင်ဆိုလည်း သူတို့ ခမျာမှာ မျက်စိနှစ်ကွင်း အလင်းမရရှာကြတဲ့ ဒုက္ခိတ ကြီးတွေမို့ ဘယ်ကိုသွားပြီး ဘယ်လို စားနေကြရရှာ မလဲ'လို့ အသနားခံရှာ ပါသတဲ့။ 'ဒီလိုဆိုရင် လည်း ရှင်းပါတယ်တော်၊ တောထဲခေါ်သွားပြီး နှစ်ယောက်စလုံးကို ရိုက်သတ် လိုက်ပေါ့' အဲသလို တိုက်တွန်းသတဲ့။''

''တော်တော်ရက်စက်တဲ့ မိန်းမဘဲနော် ဘဘ''

''ရက်စက်ဆို သူကလည်း သူ့ ဆုတောင်းနဲ့ ''စိဉ္စမာန''အလောင်းပေကိုးကွယ့်။ နောက်ပြီးတော့ လည်း ချွေးမနဲ့ ယောက္ခမ မတည့်နိုင်ကြတဲ့ သဘော တရားတွေကလည်း ရှိသေးတယ်လေ။ လောကမှာ 'အတ္တ'ဆိုတဲ့ 'အတ္တ'က ကိုယ့်အတွက်သာကိုယ်သိတတ် ကြတယ်၊ ကြည့်တတ်ကြတယ်မဟုတ်လား။ မိဘအနေနဲ့ ကြည့်ရင် 'ငါ့သားမှ ငါ့သား'၊ ကိုးလလွယ် ဆယ်လ ကျမ်းဖွားခဲ့ရတဲ့ သား။ ဖဝါးလက်နှစ်လုံး၊ ပခုံးလက် နှစ်သစ်က နို့ချိုကျွေးပြီး မွေးခဲ့ရတဲ့ သား။ လူလား မြောက်တဲ့အထိ မိမိတို့ရင်ခွင်မှာ ပျော်ရွှင်ချမ်းမြေ့ စွာ ထားခဲ့ရတဲ့သား။ ငွေကုန်ကြေးကျ ကရိကထနှင့်ပရိ ယေသန အသက်မွေးနိုင်အောင် ပညာသင်ပေးခဲ့ရတဲ့ သား။ လောကမှာ တစ်ဦးတည်းသာ ရှမဝချစ်မဝတဲ့ သား။ အဲ့ဒီသား 'မျက်ရွဲ'ကို ကိုယ့်ရင်ခွင်ထဲကဆွဲထုတ် ပြီး အသည်းနှုတ်သလို နှုတ်ယူသွားတဲ့ တစိမ်းမိန်းမ ဆိုတော့ ချွေးမကို မုန်းတတ်ကြတာပေါ့ကွယ်''

''ဟုတ်တော့ ဟုတ်တာပဲ ဘဘရဲ့''

''နေဦးလေ။ ချွေးမဘက်ကအမြင်ကိုလည်း ကြည့် ကြဦးစို့၊ တစ်မိသားနဲ့တစ်မိသား ချစ်လွန်းလို့ ညား ခဲ့ကြရတာ၊ ခေါင်းကဆံပင်၊ ရင်က 'အသည်း'၊ ဆွဲ ထုတ်ပေးနိုင်လောက်အောင် ချစ်ရတဲ့ မယား။ တစ် ကိုယ်လုံးပုံအပ်ပြီး ကြားကွက်သပ်မထားနိုင်အောင် ကြင်နာလွန်းရတဲ့မယား။ ကိုယ့်မိဘနှစ်ပါးကို သူစိမ်း လို'ပစ်'ထားခဲ့ပြီး လင်သားကိုအားကိုးပြီး တဇွတ်ထိုး လိုက်ခဲ့ရတဲ့ မယား။ သေတပန်သက်ဆုံး ထင်းပုံကို ခေါင်းအုံးရတဲ့အထိ ချစ်သွားရမယ့် မယား။ သူ့ မိဘတွေထက် မေတ္တာပိုလို့ ကိုယ့်ကို မြှောက်စားတာ ခံနေရတဲ့မယား။ သူ့သားပေမယ့် ကိုယ့်လင်ရယ်လို့ ဖြစ်လာတော့ တစ်ဦးတည်း မူပိုင် ချုပ်ကိုင်ရမယ့် မယား။ 'ဘုရားကောင်းလျှင် စင်ခံ။ လင်ကောင်းလျှင် စံရ'မှာက မယား။ လင့်ဥစ္စာ ကိုယ်သာပိုင်တဲ့မယား။ လင့်ဝေယျာဝစ္စနှင့် အိမ်ဘွင်းဗာယီရမှန်သမျှမှာ မိမိ သာလျှင် အချုပ်အခြာ အာဏာပိုင်ဖြစ်ရမယ့် မိန်းမ။ အဲ့သလို ချွေးမကလည်းတွေးကြမှာပေါ့ကွယ် မဟုတ် ဘူးလား''

''ဟုတ်တယ်နော်....ဘဘ၊ ဘဘ ခုနပြောတဲ့ အတ္တ ဆိုတာ ဒါမျိုးဖြစ်နေမှာပဲ''

''အေးပေါ့ကွ။ သူ့ဘက်ကိုယ့်ဘက် စုံလုံးကန်း ချစ်ကြတော့ အတ္တရယ်လို့ ဖြစ်လာတာပေါ့၊ အတ္တ ဆိုတဲ့ အတ္တက—

'ငါပြောတာ အမှန်
ငါကြံတာ အဟုတ်
ငါလုပ်တာ အကောင်းလို့

ထင်လာတတ်ကြတယ်။ ဒီချွေးမနဲ့ ယောက္ခမ 'အတ္တ တိုက်ပွဲ'မှာ မြေစာပင်ဖြစ်ပြီး 'မိဘနှင့်မယား' အကြား မှာ ဗျာများရတာကတော့ 'မိဘရဲ့သား၊ မယားရဲ့ လင်'ပေါ့ကွာ။အခုလည်း ရှင်မောဂ္ဂလာန် အလောင်း ဖြစ်တဲ့ ယောကျ်ားဟာ မယားက 'နေ့လည်းတိုးတိုး– တိုးတိုး၊ ညလည်း တိုးတိုး–တိုးတိုး၊ အမျိုးမျိုးသော ပရိယာယ်မာယာနဲ့ ချော့တစ်ခါ ခြောက်တစ်လှည့်၊ ငို၍တစ်မျိုး၊ မူ၍တစ်မျိုး၊ ပြောဖန် များလာလေ တော့ လင်ဖြစ်သူက ခေါင်းညိတ်လိုက်ရရှာပါရောတဲ့ ကွယ်''

''လင်ယောကျ်ားကလည်း မိုက်လိုက်တာနော်''

WWW.DHAMMARANSI.NET



"ပြောဖန်များ၊ မယားစကား အောင် ဆိုတာ ရှိတယ်မဟုတ်လားကွယ့်၊ တို့ယောက်ျားများကလည်း အခက်သားကလားကွယ့်။ 'မ'နဲ့ ပတ်သက်လာရင် ဆင်ခြင်ဉာဏ် ကင်းတတ်ကြတယ်။ ကာမတာဝန်၊ - တဏှာကျွန်တွေအတွက် မန်လည် ဆရာတော်ဘုရား ရေးသားထားတာကိုကြည့်–

'ဤလောကဌ်၊ ရာဂမကင်း
ကိုယ်တွင်းမဆိတ်၊ ယောက်ျားစိတ်ကို
မပိတ်ဆို့နိုင်၊ ယိမ်းယိုင်ကိုယ်လုံး
ကျုံး၍ပစ်သို့၊ ဖြစ်ပြစ်ကုန်စင်
မမြင်အောင်၊ ဆင်ခြင်ဉာဏ်ကင်း
မကြွင်းစေကြောင်း၊ စိတ်ကောင်းဟူသမျှ
ပြုန်းပြုန်းကျ၏–တဲ့။

ဒါ့ကြောင့် ရှေးခေတ်ကမပြောနဲ့ ယခုခေတ်မှာ တောင် မယားအလိုလိုက်ပြီး မိဘကိုတော်လှန်ကြတာ တွေ၊ မိဘကိုညှဉ်းဆဲကြတာတွေ။ မိဘကို သတ်ပစ်ကြတာတွေ မကြာမကြာ ကြားနာ ဖတ်ရှုနေကြရ တယ်မဟုတ်လား။ အရှင်မောဂ္ဂလာန်အလောင်း မျက်မမြင်မိဘနှစ်ပါးကို ဥပါယ်တံမျဉ်နဲ့ လှည်းပေါ်တင် ပြီး တောထဲခေါ်လာသတဲ့။ မရိုပ်မိတဲ့ မိဘများက တော့ သားနဲ့အတူလာကြရတာမို့ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြမှာပေါ့။ အိမ်မှာက ချွေးမကြောင့်သားဖြစ် သူနဲ့ လွတ်လွတ်လပ်လပ် ပူးပူးကပ်ကပ် နေခွင့်မရခဲ့ကြ ရှာဘူးလေ"

"ဘဘ–အဲ့ဒီအခန်းကို ရုပ်ရှင် ရိုက်ပြရရင် သိပ် ကောင်းမှာပဲနော်"

"အေး–ရုပ်ရှင်ကားပေါ်မှာ မြင်ရသလို တွေးပြီး ကြည့်ကြစမ်းပါလားကွာ။ သားလုပ်တဲ့ လူက မယား ဖြစ်တဲ့သူကို မတော်လှန်နိုင်လို့သာ လှည်းနဲ့တင်ပြီး မောင်းထွက်ခဲ့ရတယ်။ 'အိုကြီး၊အိုမ မျက်မမြင် ဒုက္ခိတ အဖေနဲ့အမေကို မသတ်ရက်၊ သတ်ရက်ဖြစ်နေရှာလိမ့် မယ်။ ဒီတော့ သူ့မျက်နှာထားဟာ ကြင်နာတာက တစ်ပိုင်း၊ ရက်စက်ရမှာက တစ်ပိုင်းမို့ အံ့ကြိတ်ပြီး မျက်ရည်ဝဲရမယ့် 'အက်တင်' မျိုး ဖြစ်နေရမှာပေါ့။ ဒီအတွင်းသားမျက်နှာထားနဲ့ အမူအရာကို မမြင်ရှာ တဲ့ အဖေနဲ့အမေတို့က သားကို ပျော်ပျော်ရွှင်ရွှင်၊ ချိုချိုသာသာ စကား ပြောရင်း လိုက်လာကြမယ့် အက်တင်မျိုးတွေလည်းတွေးကြည့်ပေါ့ကွာ။

"ဒီလိုနဲ့တောနက်ထဲ ရောက်လာကြတယ်။ အကြံနဲ့ လာတဲ့သားက လှည်းကို ဖြုန်းကနဲ ရပ်လိုက်ပြီး၊ 'အဖေတို့အမေတို့ရေ၊ ခါးပြတွေ့ လာပြီဗျ'လို့ ကြောက်ကြောက်လန့်လန့်အသံနဲ့ အော်ပြီး လှည်းပေါ်က ဆင်း ပြေး တယ်။ သည် အခါမှာ မိဘနှစ်ပါးက သည်းထိပ်ရင်ဖို ပျိုစပ်းစပ်း ဒီစပ်းစပ်း ဝမ်းပန်းတနည်း ဖြင့် 'ချမ်း သာ ပေး ကြပါ၊ မောင်တို့ရယ်၊ ဒုက္ခိတ အဘွားအိုနဲ့ အဘိုးအို၊ ပစ္စည်းဆို ဘာမှ မပါပါဘူး' လို့ ငိုယို တောင်းပန်နေကြရှာတယ်။ ဒီအခါမှာလည်း လှည်းပေါ်က ဆင်းပြေးတဲ့ သားဖြစ်သူက ခါးပြ အဖြစ် ဟန် ပန် လေ သံ ပါ ပြောင်းပြီး တစ်ဖြောင်း ဖြောင်းနေအောင် မိဘကို ရိုက်တော့တာပါပဲ။ နဖူး ပေါက်၊ ခေါင်းကွဲနဲ့ သွေးတွေက ယိုစီးပြီး ငိုကြွေးတဲ့မျက် ရည်များနဲ့ ရောထွေးနေကြပါပြီ။ 'ချမ်းသာပေးကြ ပါမောင်တို့ရယ်။ သေခါနီးတဲ့ အဘိုးကြီးနဲ့ အဘွား ကြီးပါကွယ်။ အမယ်လေး နာလှပါပြီ။ ကြောက်လှပါ ပြီလို့ မရှုမလှ ငိုယိုတောင်းပန်နေတဲ့ မိဘကို တအား ရိုက်နေတဲ့သူက သားအရင်းလေ။


"ဒါကို သူတို့ကတော့ မမြင်ကြရှာဘူး။ မြင်နေကြ ရမှာက ရုပ်ရှင်ကြည့် ပရိသတ်မဟုတ်လား။ မိဘနှစ် ပါးမပြောနဲ့၊ လှည်းမှာ တပ်ထားတဲ့ နွားနှစ်ကောင် ကတောင် လန့်ဖြန့်ရုန်းကန်နေကြပြီ။ ဤအတွင်း မျက် ရည်နှင့် အံ ခဲပြီး သဲ သဲ မဲ မဲ ရိုက်နေတဲ့ သားကို ဆို့နင့်သွားလောက်အောင် ဖြစ်စေတဲ့ စကားတွေက ပေါ် လာ ပါ တယ်။ "ရှင်မရေ သိပ်အော်ပြီး မငိုနဲ့၊ သားလေးက ကြားသို့ မိဘနှစ်ပါးကို လာကယ်ရင် သူပါ အချိုက် ခံ ရရှာတော့မယ်။ တို့နှစ်ယောက်သာ ကြိတ်မှိတ်ပြီး ခံကြပါစို့ရဲ့" အဘိုးကြီးက ကြိတ်ပြော တယ်။

"ဒီအခါ အဘွားကြီးက အောင့်မနေနိုင်တော့ပဲ။

စာမျက်နှာ (၅၇) သို့

WWW.DHAMMARANSI.NET

## အတိတ်မှမြန်မာမှု



### ဇာတ်လည်းပိုင်
### အထားအသိုလည်းနိုင်သည့်
### ''မြန်မာ့ရှေးရိုး ပန်းပုလက်ရာ''

ရှေးမြန်မာ ဘုန်းတော်ကြီးကျောင်း လက်ရမ်းထောင့် တိုင်ဖုံးတွင် ရာမ ဇာတ်တော်မှ ''မယ်သီတာအား ဒဿဂီရိ ခိုးပြေးခန်း''ကို စိတ်လှုပ်ရှားဖွယ်ရာ သရုပ်ဖော် ထုလုပ်ထားသည်။

ဇာတ်လမ်း ဇာတ်ကွက်ပိုင်နိုင်ခြင်း၊ နေရာ၊ သစ်သားအနေအထားနှင့် လိုက်လျောညီထွေ ရုပ်လုံးများ ထားသိုတတ်ခြင်း၊ တစ်ရုပ်ချင်း၏ ဟန်ပန်အမူအရာများကောင်းခြင်း၊ အားလုံးခြုံ၍ အပို့အယူစုစည်းထားရှိခြင်း စသည့် ဖန်တီးမှုအရည်အသွေးများ မြင့်မားလှသည်။

မျက်ခမှာက်ခေတ် ပန်းပုပညာသည်များက ဆက်လက် ထိန်းထားသင့်သော အရည်အသွေး များလည်း ဖြစ်ပေသည်။

**မောင်အေးမြင့်** (မြန်မာ့ရိုးရာ ဒီဇိုင်း)

WWW.DHAMMARANSI.NET

# ရဝေထွန်း

## ကလေးပုတီးစိပ်

ကောင်းဆ်

''အရ,ဟံ၊ အရဟံ၊ အ,ရဟ''

ကလေး ပုတီးစိပ် ဟု ဆိုသဖြင့် ဘုရား ဂုဏ်တော်ကို ကလေးကလား ပြောဆိုရာ ရောက်သည်ဟု ဆိုလိုက ဆိုနိုင်ပါသည်၊ အမှန်,မှာ ကလေးဘဝက ဆိုခဲ့စိပ်ခဲ့ရသော ပုတီးစိပ်ဖြစ်၍ လွယ်လွယ် အမည်မှည့်လိုက်ခြင်းသာ ဖြစ်ပါသည်၊ နှိမ့်ချ၍ဆိုခြင်း မဟုတ်ပါ၊ နှိမ့်ချ၍လည်း မဆိုထိုက်ပါ၊ ကလေးများအတွက် အလွယ်ကူဆုံး ပုတီးစိပ်နည်း ဖြစ်သော်လည်း အကျိုးတရားကမူ ရေး၍ကုန်နိုင်ဖွယ်ရာမရှိပါ၊

ဟုတ်ကဲ့ ပြောပြပါမည်၊ စာရေးသူတို့ ကျောင်းသားဘဝ၊ ကိုရင်ပေါက်စ ဘဝက ဆရာ ဘုန်းတော်ကြီးက ည ဘုရားရှိခိုးပြီး ဩဝါဒစကား မိန့်ကြားယင်း ''မင်းတို့ ကျောင်း သားတွေ၊ ကိုရင် တွေ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ဆိုရင် မှားမှားယွင်းယွင်း ဖြစ်ဖြစ်နေကြတယ်၊ အလွယ်ဆုံး ပုတီးစိပ်ဘစ်ခု မှတ်ထားကြ'' ဟု ဆိုကာ ဤပုတီးစိပ်နည်းကို သင်ပေးပါသည်။

''ပထမ 'အရ-ဟံ' ဟု ပုဒ်ဖြတ်၊ အရ-က ကိလေသာ ရန်သူ၊ ဟံ-က တို့မြတ်စွာ ဘုရားက တစ်ထောင့်ငါးရာ ကိလေသာ ရန်သူဟူသမျှ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ အောင်မြင်ခဲ့တယ်၊ ဒီ 'အရ-ဟံ' လို့ ဆိုယင် ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှာ ထိုင်ပြီး ဘုရားအဖြစ် ရောက်တော်မူစ မြတ်စွာဘုရားကို မြင်ကြရမယ်၊ နောက် 'အရဟံ'-လို့ တစ်ဆက်တည်းဆိုဒါက တို့ မြတ်စွာဘုရားဟာ လူမင်း နတ်မင်း ဗြဟ္မာမင်း ဆိုတဲ့ မင်းဟူသမျှတွေရဲ့ အပူဇော်ခံ ဖြစ်တယ်၊ အရဟံလို့ ဆိုယင်း လူနတ် ဗြဟ္မာ မင်းတစ်ကာတွေ ဝိုင်းဝန်း ကော်ရော် ပူဇော်နေတဲ့ မြတ်စွာဘုရားကို မြင်ကြရမယ်။ နောက်ဆုံး 'အ-ရဟံ' လို့ အ-တစ်ပုဒ် ရဟံ တစ်ပုဒ် ပုဒ်ဖြတ်ပြီး ဆိုတဲ့အခါ တို့ မြတ်စွာဘုရားဟာ တောထဲတောင်ထဲ တစ်ပါးတည်း သီတင်းသုံးပေမယ့် တောတောင်ဆိုတဲ့ ဆိတ်ကွယ်ရာ အရပ်ဖြစ်သော်လဲ ကာယကံမှု, ဝစီကံမှု, မနောကံမှုဆိုတဲ့ မကောင်းမှု အပြစ်တွေကို မလုပ်ဘူး။ တစ်နည်းအားဖြင့်လဲ မြတ်စွာဘုရား ဉာဏ်တော်အမြင်မှာ မကောင်းမှု ပြုစရာ ဆိတ်ကွယ်ရာ ဆိုတာ လုံးဝ မရှိဘူးလို့ သိတော်မူတယ်။ မာရ်နတ် ကြီးဟာ မြတ်စွာ ဘုရားအလောင်း တောထွက်ချိန်ကစပြီး တောထဲတောင်ထဲမှာ ဘာမကောင်းမှုများ လုပ်မလဲဆိုပြီး အပြစ်ရှာဖို့ ခြောက်နှစ်တိုင်တိုင် စုံထောက်ခဲ့တယ်။ ဘုရား မဖြစ်မီ ဘုရားလောင်းဘဝ ခြောက်နှစ်လုံးလုံး အပြစ်ရှာမရခဲ့ဘူး။ ဘုရားအဖြစ်သို့ ရောက်တော့ မာရ်နတ်သမီး နတ်သမီးတွေ တစ်ဦးစီ တစ်ဦးစီ တောတောင်ထဲမှာ မြတ်စွာဘုရားကို အဆင်းမျိုးစုံ အလှမျိုးစုံဖန်ဆင်းပြီး ဖြားယောင်းကြည့်ကြတယ်။ ဘုရားလောင်း ဘဝတုန်းကတောင် ဆိတ်ကွယ်ရာ မရှိလို့ သိတော်မူထားတဲ့ မြတ်စွာဘုရားဟာ ဘုရား ဖြစ်မှတော့ ဘယ်လောက် အလှအပတွေနဲ့ ဖြားယောင်းပေမယ့် ဘယ်မှာ လက်ခံပါ့မလဲလေ။ အေး-ဒါ့ကြောင့် အ-ရဟံ လို့ ဆိုတဲ့အခါ အဲဒီ မကောင်းမှု ပြုစရာ ဆိတ်ကွယ်ရာ ရှိတော်

WWW.DHAMMARANSI.NET



မမှုသော မြတ်စွာဘုရားကို အာရုံပြုကြရမယ်။ အဲဒီ ပုတီးစိပ် 'အရ-ဟံ။ အရဟံ။ အရ-ဟံ' ဆိုတာကို တစ်ညတစ်ပုဒ် ပုတီးဆယ်ပတ်စီစိပ်ကြ''။

ဆရာ ဘုန်းတော်ကြီး၏ ဩဝါဒအတိုင်း စာရေးသူ တို့သည် ယင်း အရဟံ ပုတီးစိပ်နည်းကို ညစဉ် တစ်ညဆယ်ပတ် စိပ်ကြပါသည်။ ''သည် ပုတီးစိပ်ကို စွဲစွဲမြဲမြဲစိပ်ယင် သိဒ္ဓိမျိုးစုံပြီးတယ်'' ဟု သိရသော် လည်း ကလေးဘဝ အခြား သိဒ္ဓိတို့ကို သိလည်းမသိ၊ စိတ်လည်းမဝင်စား။ ပီယသိဒ္ဓိ လောက်သာ စိတ်ဝင် စားကြသည်။ ယင်းသိဒ္ဓိလည်း မည်မျှ ပြီးသည် မပြီး သည် မသိ။ ထိုစဉ်မှစ၍ ပုတီးစိပ်မပြတ်ခဲ့။ နောင် အကျင့်ရသွားပြီး ညစဉ် ပုတီးမစိပ်ရမနေနိုင်။ ပုတီး စိပ်မပြီးလျှင် အိပ်၍မရတော့သည် အထိ စွဲမြဲသွားပါ သည်။ ထို့ကြောင့်လောမယ်။ စာရေးသူ၏ ဘဝခရီး ဝယ် ဘေးဥပဒ်အန္တရာယ် ဟူ၍ ကြီးကြီး ကျယ်ကျယ် မတွေ့စဖူးခဲ့ပေ။ သေနတ်ကြား ဗုံးကြား ခဏခဏ ခရီးသွားခဲ့ရ သော်လည်း အန္တရာယ် ကင်းခဲ့သည်။ မှောက်မည့် ရထား, တိုက်မည့်ကား တို့ကိုလည်း အကြောင်းတစ်ခုခုကြောင့် မစီးဖြစ်ဘဲ လွဲမိ ရှောင်မိ သည်ချည်း ဖြစ်ရသည်။

အသက်လည်းကြီးလာ အတွေ့အကြုံလည်း များ လာသော ယခု အချိန်ဝယ် ဖော်ပြပါ ကလေး ပုတီး စိပ် အပြင် ပုဏ်တော် ကိုးပါး ဆယ်ပါး ကွန်ခြာ အနုလုံပဋိလုံ စသည် အမျိုးမျိုးသော ပုတီးစိပ်များပါ စုပေါင်း စိပ်ရာ တစ်ကြိမ် တစ်ကြိမ် နာရီဝက်ခန့် တစ်နာရီခန့် ကြာပါယ်မှဲ့မည်။ ထိုအခါ စိတ်ထဲတွင် ကလေး ပုတီးစိပ်ကို အထင်သေး မိသည်။ အခြား ပုတီးစိပ်များကို အချိန်ပေးရ၍ ဤ ပုတီးစိပ်ကို လွှတ် ထားသော့မည်ဟု စဉ်းစားမိ၏။

ယမ်ညတွင် စာရေးသူအား လူဆိုးများက ကြုံးဖြင့် ပုပ်နှောင် ဖမ်းဆီးသွားရာ လက်ထဲတွင် ပုတီးပါလာ သဖြင့် အမှတ်မထင်''အရ့,ဟံ၊အရဟံ၊ အ,ရဟံ''ဟု စိပ်လိုက်မိသည်။ လူဆိုးများသည် ချက်ချင်းပင် ကြုံး များကို အလျင်အမြန်ဖြေ၍ တောင်းပန် ဝန်ချပြီး အိမ်အရောက် ပြန်ပို့ကြသည်။ ဤသို့ အိပ်မက်သဖြင့် စာရေးသူက ဤပုတီးစိပ်နည်းကို ကလေးပုတီးစိပ်ဖြစ် ၍ သိန်ငယ်သည်ထင်ပြီး စွန့်လွှတ်တော့မည် ကြံမိသဖြင့် ဤပုတီးစိပ်မှာ မသိန်ငယ်ကြောင်း အန္တရာယ်အသွယ် သွယ်ကို ကာကွယ်ခဲ့ကြောင်း အိပ်မက်ဖြင့် သတိပေး ခြင်းပင်ဖြစ်သည်ဟုသတိရကာ ယခုအထိ မပစ်ပယ်နိုင် ဘဲအမြဲစိပ်လျက် ရှိနေရပါသည်။

## ဘာသာ ခြားနှင့် ကလေးပုတီးစိပ်

ဤအတွင်း ဤပုတီးစိပ်၏ တန်ဖိုးကြီးမားလှသော အဖြစ်အပျက်တစ်ခုကို ကြားသိရပြန်ပါသည်။

စာရေးသူ ဆရာသမားကဲ့သို့ ရင်းနှီးခင်မင်သည့် ဆရာတော်တစ်ပါး၏ အတွေ့အကြုံဖြစ်ပါ၏။ ထိုဆရာ တော်သည် တစ်ခါက အိန္ဒိယပြည် ဗာရာဏသီမြို့၌ ဘာသန္တရသင်ကြားနေပါသည်။ ထိုအခါ သူနှင့်အတူ တစ်ကျောင်းတည်း ဘာသန္တရ သင်ကြားသူ အင်္ဂလို အိန္ဒိယန်း(ဖခင်အင်္ဂလိပ်၊မိခင်အိန္ဒိယသူမှ မွေးလာသူ) အမျိုးသမီး (အခြားဘာသာဝင်)တစ်ဦးနှင့် ရင်းနှီး ခဲ့၏။ ရံဖန်ရံခါ ဘာသာတရား ဆွေးနွေးကြ၏။ ရံဖန် ရံခါ ငြင်းကြ ခုန်ကြ၏။ တစ်နေ့၌ ထိုအမျိုးသမီးက ''ရှင်တို့ ဗုဒ္ဓဘာသာက ထူးထူးခြားခြား အကျိုး ကျေး ဇူး ပြနိုင် ရင် (တန်ခိုးပြနိုင်ရင်) ကျွန်မ ဗုဒ္ဓ ဘာသာထဲ ဝင်မည်''ဟုပြော၏။ ဆရာတော်က''တစ် ကယ်လား''ဟု မေးရာ ''တစ်ကယ်ပြောတာပါ''ဟု ဝန်ခံလေ၏။ ထိုအခါဆရာတော်က သူစိပ်နေကျ ပုတီး ကိုပေး၍ ဖော်ပြပါ ပုတီးစိပ်နည်းကို ပြောပြသည်။ ဆရာတော်၏နည်းမှာ အရ့,ဟံကို ကိုးပတ်ကိုးရက် စိပ် ရမည်။ အရဟံကို ကိုးပတ်ကိုးရက် စိပ်ရမည်။နောက် အ,ရဟံကို ကိုးပတ်ကိုးရက်စိပ်ရမည်ဟု ဖြစ်ရာ ဖော် ပြပ ါအတိုင်း အရ့,ဟံ၌ နှလုံးသွင်းရပုံ၊ အရဟံ၌ နှလုံး သွင်းရပုံနှင့်အ,ရဟံ၌နှလုံးသွင်းအဓိပ္ပာယ်တို့ကိုပါ သင် ကြားပေးလိုက်သည်။

ထို့ပြင် အထူးအားဖြင့် ဤသို့ ၂၇-ရက်ပုတီးစိပ် နေစဉ်အတွင်းတွင်-

၁။ စားကောင်းသောက်ဖွယ် စားသောက်ရသည် ဟု အိပ်မက်မက်ခြင်း။

၂။ သီဆို ကခုန်ရသည်။ ၎င်းတို့ကို ကြည့်ရှုရသည် ဟု အိပ်မက်မက်ခြင်း။

၃။ ကာမဂုဏ်မှုတို့ကို အိပ်မက်မက်ခြင်း။

WWW.DHAMMARANSI.NET


ဤအိပ်မက်သုံးမျိုး တစ်မျိုးမျိုးမက်လျှင် ပျက်ပြီဟု အမှတ်ပြု၍ အစမှစပြီး စိပ်ရမည်။ ၂၇-ရက်ပုတီးစိပ် နေစဉ် ဤ အိပ်မက်သုံးမျိုး တစ်မျိုးမျိုးမျှ မမက်က အောင်မြင်ပြီဟု မှတ်လေ၊ ထိုအခါ မိမိလိုရာကို တမ်းတ တောင်းဆိုလေ၊ မုချရမည်။ ဤသည်မှာ ဗုဒ္ဓဘာသာ ၏ သမထနည်း၊ ဝိပဿနာနည်းတို့လို အဆင့်မမြင့်သေး သည့် အသေးစားပုတီးစိပ်ရုံမျှဖြင့်ဖြစ်နိုင်သော အကျိုး ကျေးဇူးပင် ဖြစ်သည်ဟု ပြောပြရာ၊ ထိုအမျိုးသမီးက ကောင်းပါပြီဟု ဆိုကာ ပုတီးကို ယူသွားလေသည်။

၂၇-ရက် ကျော်လွန်ပြီး နောက်နေ့တွင် အမျိုး သမီးရောက်လာကာ "ကဲ....ရှင်ပြောတဲ့အတိုင်း ၂၇-ရက်စိပ်ပြီးပြီ။ အိပ်မက်သုံးမျိုးလဲ မမက်ဘူး၊ အောင် ပြီဆိုပါတော့၊ ရှင်ပြောတဲ့အကျိုး ရမလား"ဟု ပြော လာသဖြင့် ဆရာတော်က "ဒီအတိုင်းဆို ရရမှာပေါ့၊ ကဲ....ဆုတောင်းလေ"ဟု ဆိုလျှင် အမျိုးသမီးက "ခု ကျွန်မဖခင် အတော်နေမကောင်းနေတယ်။ သူစားချင် တာက ပန်းသီး၊ ဆရာဝန်ကလဲစားပါပြောတယ်။ ခက် တာက သည်နွေရာသီမှာ အပူလွန်ကဲနေတယ်။ အိန္ဒိယ တစ်ပြည်လုံးမှာ ပန်းသီး ဘယ်မှာမှ မရနိုင်ဘူး၊ အဲဒီ တော့ကျွန်မက ပန်းသီးရရပါစေဆိုရင် ရပါ့မလား" ဟု မေး၏။ "အို.... ရရမှာပေါ့"ဟု ဆရာတော်က ဆိုလေသည်။

ထို့ နောက် ဆ ရာ တော်သည် အမျိုးသမီးအား ဘုရားစင်ရှေ့သို့ ခေါ်သွားကာ ဒူးတုပ် ထိုင်စေ၍ "**သုံးရက်အတွင်း ပန်းသီးရလိုပါ၏**"ဟု သုံးကြိမ် နှုတ်မြွက်၍ ဆိုစေပြီး ပြန်လွှတ်လိုက်လေသည်။

၃-ရက်ခန့်ကြာလျှင် အမျိုးသမီးသည် စက္ကူအိတ် တစ်ခုထဲတွင် ပန်းသီး၅-လုံးခန့်ထည့်၍ယူလာပြီး ဆရာ တော်အား ကပ်ကာ ဤသို့ အားရပါးရ ပြောဆိုလေ သည်။

"အား.... သိပ်အံ့သြစရာ ကောင်းတာပဲ၊ မနေ့က ဒက်ဒီနှင့် ညီအစ်ကိုတော်သူ ကျွန်မဘကြီး (မြောက် ပိုင်းပြည်နယ်က)လာတယ်၊ သူတို့ဆီမှာ ရာသီဥတုအေး လို့ ပန်းသီးတွေသီးတယ်၊ ကိစ္စရှိလို့ ဗာရာဏသီကို လာတာ၊ သည်မှာ သည်အချိန် ရှားမှန်းသိလို့တဲ့။ ပန်းသီးတစ်ခြင်း ယူလာတယ်လေ။ မမျှော်လင့်ဘူး၊ ဘယ်လိုမှ မမျှော်လင့်ဘူး။ အခုလိုရတာ ဗုဒ္ဓတန်ခိုး ပါပဲ။ ရှင်တို့ဂေါတမဗုဒ္ဓ သိပ်တန်ခိုးကြီးပါလား" ဟုပြောကာ မိဘတွေ ဘာပဲပြောပြော သူ ဗုဒ္ဓဘာသာ ဝင်မည်ဟု ဝန်ခံလေတော့သည်။ နောက်တွင် ၎င်း၏ မိဘများပါ ဗုဒ္ဓဘာသာ ဖြစ်ကြသည်ဟု ဆိုပါသည်။

အထက်ပါ ဖြစ်ရပ်များကို ကြားသိရသောအခါ စာရေးသူအဖို့ ကလေးပုတီးစိပ်ကို ပိုမိုစွဲမြဲစရာ ဖြစ်လာ ပါသည်။ထို့ ကြောင့် စာရေးသူသည်(အခြားဝိပဿ-နာ လုပ်ငန်းများ ရပ်နားထားသောအချိန်တွင်) ပုတီး စိပ်ရန် စိပ်ပုတီးကိုကိုင်မိသည်နှင့် တစ်ပြိုင်နက် အလို လို နှုတ်သွင်းမိနေသော ပုတီးစိပ်မှာ ကလေးပုတီး စိပ်၊ ဝါ-အရဟံသုံးပါး ပုတီးစိပ်ပင် ဖြစ်ပါလေ၏။

## ဥယျောဇဉ်

ထို့ ကြောင့်စာရေးသူနည်းတူစာဖတ်သူများအား လည်း မျက်မှောက်၌ပင် အန္တရာယ်ကင်းခြင်း၊ စီးပွား ဥစ္စာတိုးတက်ခြင်း၊ ကျက်သရေမင်္ဂလာ ကောင်းကျိုး ချမ်းသာများကို ရရှိစေနိုင်ခြင်း စသော ဘုရားဂုဏ် တော်များကိုပွားများခြင်း၊ ပုတီးစိပ်ခြင်းလုပ်ငန်းများ ကို အာစိဏ္ဏကံမြောက်အောင်မြဲမြဲစွဲစွဲကြိုးစားလုပ်ကိုင် ကြရန် နှိုးဆော်လိုပါသည်။ အမှန်အားဖြင့် ဂုဏ်တော် ပွားများခြင်း၊ ပုတီးစိပ်ခြင်းတို့မှာ အင်္ဂပုဂ္ဂလ၊ဥတ္တမ ပုရိသထွက်ဖျား ဗုဒ္ဓမြတ်စွာဘုရား၌ လေးစားကြည် လင်သက်ဝင်သော သြပက္ကမိကသဒ္ဓါတရား တဖွား ဖွားဖြစ်လာနိုင်ခြင်းအကျိုး ရှိပေသည်။ ထိုသဒ္ဓါတရား က တစတစဖြင့် မဂ်သီး ဖိုလ်ပွင့်ကိုတဆင့်တဆင့် ရရှိ စေနိုင်သော မျိုးစေ့သဖွယ်ပင်ဖြစ်သဖြင့် ထိုမျိုးစေ့မှ ပေါက်လာသော အပင်သည် သာသနာတော်တည်း ဟူသောရေမြေကောင်းကိုမှီ၍ သဒ္ဓါ၊ပိတိ၊ပဿဒ္ဓိ၊သုခ၊ သမာဓိတည်းဟူသော ခက်လက်ဥက်ပွင့် အဆင့်ဆင့် မှသည် ကာမစ္ဆန္ဒ၊ဗျာပါဒစသော နီဝရဏ ကိလေသာ တို့ကိုပယ်ခွာနိုင်ခြင်းအကျိုးတည်းဟူသော အပွင့်အသီး များ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသတည်း။ ။

ရဝေထွန်း



WWW.DHAMMARANSI.NET

# မြေလျှိုးမိုးပျံနိုင်သော
# ဈာန်အဘိညာဉ်တန်ခိုး

ဓမ္မာစရိယ ဦးမောင်မောင်လေး

ဗုဒ္ဓစာပေ၌ ရဟန်းရှင်လူတို့ လက်တွေ့ ကျင့်ကြံအားထုတ်လျှင် ထူးခြားသော အကျိုး ကျေးဇူးကို ရရှိစေနိုင်သည့် ကမ္မဋ္ဌာန်းနည်း နှစ်မျိုးရှိသည်။ ယင်းတို့မှာ သမထကမ္မဋ္ဌာန်းနည်းနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းနည်းတို့ဖြစ်၏။

ဖော်ပြပါ ကမ္မဋ္ဌာန်းနည်း နှစ်မျိုးတို့တွင် သမထကမ္မဋ္ဌာန်းနည်းသည် သမာဓိ ခိုင်မြဲအောင် လေ့ကျင့်ခြင်း ဖြစ်ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းနည်းကား ဉာဏ်အမြင် တိုးတက်အောင် အားထုတ်ခြင်း ဖြစ်ပေသည်။

သမထ ကမ္မဋ္ဌာန်းဖြင့် လောကီဈာန် အဘိညာဉ်တို့ကို ရရှိနိုင်ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိနိုင်ပါသည်။

သမထ ကမ္မဋ္ဌာန်းဖြင့် လောကီဈာန် အဘိညာဉ်တို့ကို ရရှိထားသော ပုဂ္ဂိုလ်သည်လည်း ထို ဈာန် အဘိညာဉ်တို့ကို အခြေခံပြု၍ ဝိပဿနာကို ဆက်လက်ပွားများလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ တိုင်အောင် ဆိုက်ရောက်နိုင်ပေသည်။

"လောကီဈာန် အဘိညာဉ်" ဟု ဆိုရာ၌ ရူပါဝစရဈာန် လေးပါးနှင့် အရူပါဝစရဈာန် လေးပါးကို လောကီဈာန်ဟုဆိုပါသည်။အဘိညာဉ်မှာမူ ဣဒ္ဓိဝိဓ စသော အဘိညာဉ်ငါးပါးပင် ဖြစ်ပါသည်။

"အဘိညာဏ အဘိညာဉ်" ဟူသည် "ထူးကဲသော အသိအမြင်" ဟူ၍ အဓိပ္ပာယ် ရပါသည်။ သမာဓိအားကောင်း၍ လိုအပ်သော အာရုံ၌ စိတ်ကို စူးစိုက်ချထားနိုင်လျှင် ထို စိတ်သည် ထူးခြားသော တန်ခိုးသတ္တိများနှင့် ပြည့်စုံလာပါသည်။ ထို စိတ်ဖြင့် တစ်စုံ တစ်ခုကို ဖြစ်စေရန် အဓိဋ္ဌာန် လိုက်လျှင် အဓိဋ္ဌာန်သည့်အတိုင်း ဖြစ်လာပါသည်။ သာမန်လူတို့ မမြင်နိုင် မကြားနိုင်သော အရာတို့ကိုလည်း မြင်နိုင် ကြားနိုင်လာပါသည်။ ဤက အဘိညာဉ် တန်ခိုးပင် ဖြစ်ပါသည်။

အဘိညာဉ်သည် သမာဓိ၏ အကျိုးအာနိသင်ဖြစ်သည်။ ထို့ကြောင့် အပ္ပနာသမာဓိဟုခေါ်သော ဈာန်သမာပတ် ရှစ်ပါးကို ကျွမ်းကျင်နိုင်နင်းစွာ ဝင်စားနိုင်သော ပုဂ္ဂိုလ်မှသာလျှင် အဘိညာဉ်ကို ရရှိနိုင်သည်။

အဘိညာဉ် တန်ခိုးများကို ဖြစ်စေရာ၌မူ စတုတ္ထဈာန်ကို အခြေခံ ပြုလုပ်ရသည်။ မိမိ ဖြစ်စေလိုသည့်အတိုင်း အဓိဋ္ဌာန်၍ စတုတ္ထဈာန်ကို ဝင်စားလျှင် အဘိညာဉ်တန်ခိုးများ ပြီးမြောက်လာနိုင်သည်။

အဘိညာဉ် ငါးပါးတို့တွင် ဣဒ္ဓိဝိဓ အဘိညာဉ်ကို ဖြစ်စေပုံနှင့် ပတ်သက်၍ သုတ္တန် ပါဠိတော်တို့၌ အောက်ပါအတိုင်း ဟောကြားထားပါသည်။

"ထို စတုတ္ထဈာန်ကိုရရှိသော ရဟန်းသည် ဤသို့ စိတ်တည်ငြိမ် ကြံ့ခိုင်သောအခါ တန်ခိုးအမျိုးမျိုးကို ဖြစ်စေရန် စိတ်ကို ရှေ့ရှုဆောင်၏။ စိတ်ကို ရှေ့ရှု ညွတ်စေ၏။

ထိုရဟန်းသည် အမျိုးမျိုးသော တန်ခိုးဖန်ဆင်းမှုကို ပြီးမြောက်စေ၏။

တစ်ယောက်တည်းဖြစ်လျက် အများဖြစ်၏၊ အများဖြစ်လျက် တစ်ယောက်တည်းဖြစ်၏။

ထင်ရှားဖြစ်ခြင်း ဖုံးကွယ်ခြင်းကိုပြု၏။

နံရံတစ်ဖက် တံတိုင်းတစ်ဖက်၊ တောင်ကုန်း တစ်ဖက်သို့ ကောင်းကင်ပြင်မှာကဲ့သို့ မငြိမကပ် မထိမခိုက်ဘဲ သွားလာနိုင်၏။

မြေပြင်၌လည်း ရေအဲမှာကဲ့သို့ ငုပ်ငိုး ပေါ်ခြင်းကို ပြုနိုင်၏။

ရေပြင်၌လည်း မြေပြင်မှာကဲ့သို့ မကွဲ မနစ်အောင် သွားလာနိုင်၏။

ကောင်းကင်ပြင်၌လည်း တောင်ပံရှိသော ငှက်ကဲ့သို့ တင်ပျဉ်ခွေထိုင်၍ သွားလာနိုင်၏။

WWW.DHAMMARANSI.NET



အလွန် တန်ခိုးအာနုဘော်ကြီးသော လနှင့် နေတို့ကိုပင် လက်ဖြင့်သုံးသပ် ဆုပ်နယ်နိုင်၏။

ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ဖြင့် မိမိအလိုကို ဖြစ်စေနိုင်၏။

အထက်ပါ ဖော်ပြချက်များသည် သာမန်လူသားတို့အတွက် ယုံတမ်းစကား ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။ သို့ရာတွင် ယင်းတို့မှာ ဗုဒ္ဓကိုယ်တော်တိုင်ဟောကြားသော သုတ္တန် ဒေသနာတို့၌ အထင်အရှားပါရှိသော ဖော်ပြချက်များဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် သိပ္ပံပညာဖြင့် အလွန် ထူးဆန်းသော လူသုံးပစ္စည်းများ ဟက်နက် ကိရိယာများကို တီထွင်ပြုလုပ်နိုင်ခဲ့ကြသည်။ မိုင် သန်းပေါင်းများစွာ ကွာလှမ်းသော လဗိမာန်ပေါ်သို့ပင် ခြေချနိုင်ခဲ့ကြပြီး ဖြစ်ပေသည်။ သိပ္ပံပညာ ဟူသည် စင်စစ်အားဖြင့် လူသားတို့၏ စိတ်ကူးဉာဏ်မှ ပေါ်ယ်ဖွားလာခြင်း ဖြစ်ပါသည်။ တနည်းဆိုသော် သိပ္ပံပညာ၏ အခြေခံ သည်လည်း စိတ်စွမ်းအားပင် ဖြစ်ပါသည်။

''အဘိညာဉ် တန်ခိုးများသည် သမာဓိ၏ အကျိုးအာနိသင် ဖြစ်ကုန်၏'' ဟူ၍ ဝိသုဒ္ဓိမဂ်ကျမ်း၌ မိန့်ဆိုပါသည်။ သမာဓိဟူသည် စိတ်တည်ငြိမ်ခြင်းပင် ဖြစ်သောကြောင့် မိမိစိတ်ကို တည်ငြိမ်အောင် ထိန်းပြီး ဝသီဘော်နိုင်အောင် လေ့ကျင့်ထားသော ပုဂ္ဂိုလ်များသည် သာလျှင် အဘိညာဉ်တန်ခိုးကို ဖန်တီးနိုင်ကြပါသည်။

ဗုဒ္ဓသည် စိတ်ကို တည်ငြိမ်အောင် လေ့ကျင့်ရန်အတွက် သမထ ကမ္မဋ္ဌာန်းနည်း လေးဆယ် တို့ကို ထုတ်ဖော် ညွှန်ပြခဲ့ပါသည်။ ထို သမထ ကမ္မဋ္ဌာန်းနည်းများကို စနစ်တကျ လေ့လာ အားထုတ် သူနှင့် စိတ်၏ သဘောသဘာဝကို လေးလေးနက်နက် ဆင်ခြင်သုံးသပ် မိသူတို့ အဖို့ကား ပိဋကတ် ကျမ်းလာ အဘိညာဉ် တန်ခိုးများကို ''ယုံတမ်းစကား'' ဟု ထင်မှတ်ဖွယ်အကြောင်း ရှိလိမ့်မည် မဟုတ်ပါ။

အဘိညာဉ်တန်ခိုး အမျိုးမျိုးကို ရရှိ ပိုင်ဆိုင်၍ လက်တွေ့အသုံးချနိုင်သော ရသေ့ ရဟန်း များသည် ဗုဒ္ဓခေတ်မတိုင်မီကပင် ထင်ရှား ရှိခဲ့ကြောင်း ဇာတ်နိပါတ်တော်တို့၌ လေ့လာတွေ့ရှိရ၏။

ဗုဒ္ဓခေတ်၌မူ ဗုဒ္ဓကိုယ်တော်တိုင်နှင့်တကွ ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလ္လာန် စသော သာဝကကြီးများသည် အကြောင်းအခွင့် ကြုံကြိုက်သည့် အခါ သင့်လျော်သော တန်ခိုး ဣဒ္ဓိပါဒ်များကို ပြတော်မူခဲ့ကြရကုန်၏။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နောက်ပိုင်း တွင်လည်း ရှင်မဟာမောဂ္ဂလိပုတ္တတိဿ စသော တန်ခိုး ရှင်များခေတ်အဆက်ဆက်၌ ပေါ်ထွက်ခဲ့လေသည်။

ယနေ့ အချိန်တွင်လည်း ထိုကဲ့သို့သော တန်ခိုးရှင်များ မရှိနိုင်ဟူ၍ ငြင်းဆိုရန် အကြောင်း မရှိပါ။ မှန်ကန်သော အားထုတ်နည်းနှင့် ယုံကြည်၍ စွဲမြဲစွာ အားထုတ်သူများ ရှိနေသမျှ ကာလပတ်လုံး ဤကမ္ဘာလောက၌ တန်ခိုးရှင်များ ရှိနေမည်သာ ဖြစ်ပါသည်။

ဤနေရာ၌ ယနေ့ခေတ် လူတို့ အထူးသတိပြုသင့်သော အချက်တစ်ရပ် ရှိပါသည်။ ယင်း အချက်မှာ တန်ခိုးဟူသည် ''သူခိုးရွှေရ တပြုံပြုံ'' လုပ်ရမည့်အရာ မဟုတ်ကြောင်း သတိပြုရန် ဖြစ်ပါသည်။

ဘုရား အစရှိသော သူတော်သူမြတ်တို့သည် မိမိတို့ ရရှိပိုင်ဆိုင်ထားသော အဘိညာဉ် တန်ခိုး များကို ဂုဏ်သတင်းကျော်ကြားရေး လာဘ်လာဘ ပေါများရေး အစရှိသော မိမိတို့ အကျိုးစီးပွား အတွက် ထုတ်ပြသုံးစွဲလေ့ မရှိကြပါ။ အမြင်မှားနေသူတို့ကိုခြေဖျက်ရန်၊ မာန်မာန ထောင်လွှားနေသူတို့ကို ဆုံးမရန် စသည်ဖြင့် အမှန်တကယ် လိုအပ်သော အခါ၌သာ သုံးစွဲလေ့ရှိကြပါသည်။

စင်စစ် တန်ခိုးဟူသည် သူတော်သူမြတ်တို့ လျှို့ဝှက်စွာ ထိန်းသိမ်းအပ်သော အရာ ဖြစ်ပါသည်။ ထို့ကြောင့် ယခုခေတ်တွင် ''ဘယ်သို့ တန်ခိုးကြီးသည်။ ညာလို တန်ခိုးကြီးသည်'' စသည်ဖြင့် ကျော်ကြားသော ပုဂ္ဂိုလ်ကြီးများကိုမှ တကူးတက ရှာ၍ကိုးကွယ်ဆည်းကပ်ခြင်းသည် ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် မှန်ကန်သောလုပ်ရပ် မဟုတ်ကြောင်း သတိပြုမိကြဖို့ လိုပါသည်။ မကျော်ကြားသော်သည်း တန်ခိုး ဣဒ္ဓိပါဒ် ရှိနေသော ပုဂ္ဂိုလ်များ၊ တန်ခိုးဣဒ္ဓိပါဒ် မရှိသော်လည်း သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များ အမြောက်အမြားပင် ရှိနိုင်ပါသည်။

စာမျက်နှာ (၆၀) သို့

WWW.DHAMMARANSI.NET

# ဘာကို အားကိုးမလဲ

ဒွေးလှိုင်(ဆားလင်းကြီး)

ပန်းချီ၀မောင်ကျော်တင့်



သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဗုဒ္ဓ ရှင်တော်မြတ် သီတင်းသုံးတော်မူချိန်က ဖြစ်သည်။

နေမွန်းတည့်ချိန်ဖြစ်၍ နေရှိန်ကပူပြင်းလှသည်။ ခြစ်ခြစ်တောက်ပူနေသည်။ အမှိုက်သရိုက် ကင်း၍ သန့်ရှင်းလှသော ဇေတဝန် ကျောင်း တော်၏ တလင်းပြင်သည် ပို၍ပူနေသလားဟု ထင်ရသည်။ ဇေတဝန် ကျောင်းတိုက်ကြီး တစ်ခုလုံး အသံက တိတ်ဆိတ်နေ၏။ ဤအချိန် ဤအခါ သည်ကား ရဟန်းတော်များ ဆွမ်းကိစ္စပြီးချိန်ဖြစ်၍ ဇေတဝန် ကျောင်းတော်၏ တိတ်ဆိတ်ချိန်ပင် ဖြစ်သည်။

ယနေ့ ဇေတဝန်ကျောင်းတိုက် အတွင်းဝယ် ရုတ်ရုတ်သဲသဲမဟုတ်သော်လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သို့သော် ရဟန်းတော်များ၏ လှုပ်ရှားမှုကား မဟုတ်ပေ။ သာဝတ္ထိပြည့်ရှင် ဘုရင် ကောသလမင်း ဇေတဝန်ကျောင်းတိုက်အတွင်းသို့ ကြွရောက်လာခြင်းဖြစ်သည်။

ကောသလမင်းသည်ဘုရားရှင်ထံ တစ်ခါတစ်ရံ ဆည်းကပ်ရန် ရောက်လာတတ်သည်။ သူ့စိတ်ထဲတွင် ပေါ်လာသော ပြဿနာများကို လည်း လျှောက်ထားတတ်သည်။ နေပူရှိန်ခြစ်ခြစ်တောက် ပူပြင်းချိန်တွင် ရောက်လာခြင်းကား အကြောင်း ထူးရှိ၍ပင်လော။

သူသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်သို့ဝင်ပြီး ဘုရားရှင်ကိုဦးချဝတ်ပြုကာ သင့်လျော်ရာနေရာအရပ်၌ ထိုင်နေသည်။ သူ့မျက်နှာမှာ မသာလှ။

"မင်းမြတ်၊ ယခုလို နေမွန်းတည့်ပူနေချိန်မှာ ဘယ်အရပ်က လာခဲ့ပါသလဲ"

ဗုဒ္ဓရှင်တော်မြတ်က မေးတော်မူသည်။

"အရှင်ဘုရား၊ အိုမင်းကြီးရင့်၍ ရေးမီသော နောက်ဆုံးအရွယ်သို့ရောက်နေသည့် အသက် တစ်ရာ့နှစ်ဆယ်ရှိသော တပည့်တော်၏ အဘွားသည် သေဆုံးပါသည်ဘုရား"

ကောသလမင်းသည် ဝမ်း နည်း ပူ ဆွေး လှ၍ အတော်ပင်အားငယ်၍ လျှောက်ထားရသည်။ သူသည် ဆက်လက်၍ လျှောက်ထားပြန်သည်။

"အရှင်ဘုရား၊ တပည့်တော်သည် အဘွားကို အလွန် ချစ်ခင်လှပါသည်ဘုရား၊ တပည့်တော်သည် ဆင်ရတနာပေး၍ လဲလှယ်က အဘွားမသေခဲ့ပါလျှင် ဆင်ရတနာကို ပေးပါမည်။ မြင်းရတနာကို ပေး၍လဲလှယ်က အဘွားမသေခဲ့ပါလျှင် မြင်း

WWW.DHAMMARANSI.NET



ရတနာကိုပေးပါမည်။ အခွန်တသိန်း ထိုက်တန်သော ရွာမြတ်ကိုပေး၍လဲလှယ်ပါက အဘွားမသေခဲ့ပါလျှင် ရွာမြတ်ကိုပေးပါမည်။ (ဇနပုဒ်)မြို့နယ်တစ်ခုကိုပေး၍လဲလှယ်ပါက အဘွား မသေခဲ့ပါလျှင် မြို့နယ်တစ်ခုကိုပေး၍လဲလှယ်ပါမည် ဘုရား၊ တပည့်တော် အဘွားကိုဤမျှထိ ချစ်ခင်လှပါသည် ဘုရား''

ကောသလမင်း၏မွေးမိခင် မယ်တော်သည် သူငယ်စဉ်ကပင်ဆုံးခဲ့(နတ်ရွာစံ)သည်။ မယ်တော်မရှိ၍အဘွားကပင် အမိသဖွယ် ပြုစုယုယခဲ့ရသည်။ အဘွားလက်ပေါ်တွင်ကြီးပြင်းခဲ့ရသည်။ အဘွားသည်ပင်သူ၏ မယ်တော်ဖြစ်နေသည်။ ထို့ကြောင့်ပင် ကောသလမင်းသည် သူ့အဘွားကို အလွန်ချစ်ခင်သည်။

ဗုဒ္ဓရှင်တော်မြတ်သည် ကော သ လ မင်း ၏ သောကကို ငြိမ်းသတ်ပယ်ဖျောက်ရန် ဤသို့ မိန့်တော်မူသည်။

''မင်းမြတ်၊ သတ္တဝါမှန်သမျှသေခြင်းသဘောရှိကုန်၏။ သေခြင်းလျှင်အဆုံးရှိကုန်၏။ သေခြင်းသဘောကိုမလွန်ဆန်နိုင်ကုန်''

ဆို မိန့်ဆိုတော်မူချက်ကို ကြားလိုက်ရလျှင်ပင် ကောသလမင်း၏ သောက သည် သက်သာသွားသည်။ သူ့စိတ်ထဲတွင် အလေး အနက် သဘောပေါက်သွားသည်။

''အရှင်ဘုရား၊ အံ့ဩဖွယ် ရှိပါပေစွ၊ အရှင်ဘုရား မဖြစ်ဖူးမြဲဖြစ်ပါပေစွ၊ အလုံးစုံသော သတ္တဝါတို့လည်း သေခြင်းသဘောရှိကုန်၏။ သေခြင်းလျှင်အဆုံးရှိကုန်၏၊ သေခြင်းကို မလွန်ဆန်နိုင်ကုန် ဟုရှင်တော်ဘုရားမိန့်ကြားတော်မူခြင်းသည်အလွန်မှန်ကန်သော စကား ဖြစ်ပါသည် ဘုရား'' ဟု လျှောက်ထားလေသည်။

ဗုဒ္ဓရှင်တော်မြတ်က ထပ်ဆင့်၍ မိန့်တော်မူပြန်သည်။

''မင်းမြတ်၊ ဤစကားသည် ဆိုတိုင်းမသွေ မှန်လှပေ၏။ အလုံးစုံသောသတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏၊ သေခြင်းလျှင် အဆုံးရှိကုန်၏။ သေခြင်းကိုမလွန်ဆန်နိုင်ကုန်၊ မင်းကြီး ဥပမာအားဖြင့် အိုးထိန်းသည်တို့၏ မီးမဖုတ်ရသေးသော အိုးအစိမ်း၊ မီးဖုတ်၍ကျက်ပြီးသော အိုးခွက်ဟူသမျှတို့သည် ကွဲခြင်းသဘောရှိကုန်၏။ ကွဲခြင်းလျှင် အဆုံးရှိကုန်၏။ ကွဲခြင်းသဘောကို မလွန်ဆန်နိုင်ကုန်။ ထို့အတူသာလျှင် သတ္တဝါအားလုံးသည် သေခြင်းသဘောရှိကုန်၏။ သေခြင်းလျှင် အဆုံးရှိကုန်၏။ သေခြင်းသဘောကို မလွန်ဆန်နိုင်ကုန်။

''မင်းမြတ် အချို့အိုးခွက်တို့သည်အိုးထိန်းစက်ပေါ်တွင် ပြုလုပ်ဆဲမှာပင် ပျက်စီးသွားသည်။ အချို့အိုးထိန်းစက်ပေါ်ကချချိန်မှာပျက်စီးသည်။ အချို့စက်ပေါ်မှချ၍ မြေကြီးပေါ် အရောက်တွင် ပျက်စီးသည်၊ အချို့နောက်မှ ပျက်စီးသွားသည်။ ထို့အတူပင် သတ္တဝါတို့သည် အချို့ ပဋိသန္ဓေယူပြီးစက သေကြရသည်။ အချို့ အမိဝမ်းကမဖွားမီ သေကြရသည်။အချို့ ဖွားပြီးလျှင်ပြီးချင်းသေဆုံးရသည်။အချို့နောက်မှသေဆုံးပျက်စီးကြရသည်''

ကောသလမင်း၏ ပူဆွေး တက်ကြွ နေသော သောကမီးသည် ငြိမ်းအေးသွားသည်။

''ဩော်....ငါ့အဘွား ဒါ့ကြောင့် သေတာပါလား''ဟု စိတ်ထဲတွင်အသိဉာဏ်က ဝင်လာသည်။ ညှိုးနွမ်းနေသော သူ၏ မျက်နှာသည် ကြည်လင်မှုအရိပ်အယောင်များ သန်းလာသည်။

ဗုဒ္ဓ ရှင်တော် မြတ်သည် ကော သ လ မင်း ၏ သောက သက်သာငြိမ်းအေးမှုကို သိတော်မူသည်။ သူ့မျက်နှာ၊ သူ့အသံ၊ သူ့စကားတို့က ထင်ရှားပေါ်လွင်နေသည်။ ရေလောင်း၍ငြိမ်းအေးသွားသောမီးကို ထပ်မံရေလောင်းလျှင် အခိုးအငွေ့ပါ ငြိမ်းသွားနိုင်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် ကြီးမားသောမဟာကရုဏာတော်ဖြင့် ကောသလမင်း

WWW.DHAMMARANSI.NET



၏သောကကို တစ်ခါတည်း ငြိမ်းအေးသွားစေရန် သာယာသောအသံတော်ဖြင့် ဓမ္မဂီတိ ဂါထာများကို ဆက်သက်မိန့်ကြားတော်မူပြန်သည်။

"မင်းမြတ် သတ္တဝါအားလုံးတို့သည် သေကြကုန်လတ္တံ့၊ ထိုစကားကားမှန်လှပေ၏။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။ သတ္တဝါ အားလုံးတို့သည် (သေပြီးနောက်) ကောင်းကျိုး မကောင်းကျိုး (တစ်မျိုးမျိုးကို) ရကုန်၍ မိမိတို့ ကံအားလျော်စွာ လားရကုန်လတ္တံ့"

"မကောင်းမှုကို ပြုသော သူတို့သည် ငရဲသို့လားကုန်လတ္တံ့"

"ကောင်းမှုပြုသော သူတို့သည် နတ်ပြည်သို့ လားကုန်လတ္တံ့"

ထို့ကြောင့် တမလွန် (နောက်ဘဝ)အကျိုးကို ဆည်းပူးသောသူသည် ကုသိုလ်ကောင်းမှုကို ပြုရာ၏။

ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏။

ကောသလမင်း၏ ရင်တွင်းဝယ် ပူဆွေးနေသော သောကသည် ငြိမ်းအေးသွားသည်။ လေးနက်သော အသိဉာဏ်က သူ့နှလုံးသားတွင် လက်ခနဲဝင်လာလည်။

"သြော်၊ သတ္တဝါမှန်သမျှသေမှာပါကလား"

"ကုသိုလ်သည်သာ နောက် ဘ ဝ အ တွက် ဆောက်တည်အားထားရပါဘကား"

ဤအတွေး ဤအသိကြောင့်ပင် သာဓု၊ သာဓု၊ သာဓု သုံးကြိမ်ခေါ်လိုက်သည်။ မြတ်ဗုဒ္ဓကို ဦးချ၍ ဇေတဝန်ကျောင်းတော်မှ ပြန်ထွက်လာခဲ့ပါတော့သည်။ ။

ဝန်ခံချက်။ [ကောသလသံယုတ် ပါဠိတော်နှင့် အဋ္ဌကထာကို မှီးမံထားသည်။]

ရွှေလှိုင် (ဆားလင်းကြီး)

## အဘိဓဇ
## ခန္တီ ဆရာတော်ဘုရားကြီး

ကျေးဇူးရှင် ဖြစ်တော်မူသော စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ခန္တီး စာသင်တိုက်နှင့် ခန္တီးရိပ်သာ တိုက်ကြီးနှစ်တိုက်တို့၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ခန္တီးဆရာတော်ဘုရားကြီးသည် ၁၃၄၈-ခု၊ဝါဆိုလဆန်း၈ရက် (၁၄-၇-၈၆) တနင်္ဂလာနေ့ နံနက် ၁၁နာရီ ၄၅မိနစ်အချိန်တွင် သီတင်းသုံးတော်မူရာ ခန္တီးရိပ်သာ အုတ်တိုက်ကျောင်းပေါ်၌ ခန္ဓာဝန်ချတော်မူခဲ့ပြီး ဖြစ်ပေသည်။

သို့သော်လည်း ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနနှင့် ပတ်သက်၍ သိရှိသူ နည်းပါးသဖြင့် ဆရာတော်ဘုရားကြီး၏ နှစ်ပတ်လည်အခါသမယ တွင် အမှန်အတိုင်း သိရှိကြစေရန် တင်ပြအပ်ပေသည်။

### မြန်မြန်သင်္ဂြိုဟ်လိုက်ကြ

ကျေးဇူးရှင် ခန္တီး ဆရာတော်ဘုရားကြီးသည် တပည့် ဒါယကာကြီးငယ်များအား ခန္ဓာဝန်မချမီကပင် "ငါပျံလွန်ခဲ့လျှင် ပွဲလမ်းသဘင် မထည့်ရ။ ကြီးကျယ် ခန်းနားစွာ မပြုလုပ်ရ၊ နှစ်ပတ်ထက်ကျော်လွန်၍ မထားရ၊ အမြန်သင်္ဂြိုဟ်ကြရမည်"ဟု မိန့်ကြားတော်မူခဲ့ပါသည်။


### နိဗ္ဗာန်ကျောင်းတင် ပြုစီငည်

ဝါဆိုလဆန်း (၈)ရက်တွင် ခန္ဓာဝန်ချတော်မူသဖြင့် ဝါးတွင်းကာလ နီးကပ်နေသည့်အတွက် အန္တိမစျာပန ပြုလုပ်ရန်မလွယ်ကူဖြစ်နေကြသဖြင့်

WWW.DHAMMARANSI.NET

# အဘိဓဇမဟာရဋ္ဌဂုရု
# ခန္တီးဆရာတော်ဘုရားကြီး၏
# မပြီးသေးသောရုပ်ပန
# စိဖြ

ဆ ရာ တော် ဘုရားကြီး သိတင်းသုံးတော်မူသည့် အုတ်တိုက်ကျောင်း အလယ်တည့်တည့်တွင် သလွန် တော် ပြင်ဆင်ပြီး၊ နိဗ္ဗာန်ကျောင်းတင် အခမ်း အနားကို ၁၃၄၈-ခု ဝါဆိုလဆုတ်ဖရက် (၂၇-၇-၈၆)တနင်္ဂနွေနေ့တွင် စီစဉ်ပြုလုပ်ကြပါသည်။



### အန္တိမဈာပန

နိဗ္ဗာန်ကျောင်းတွင် အခမ်းအနား ပြုလုပ်စဉ် က ဝါဆိုလဖြစ်နေ၍ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ စသည့် မြို့နယ် အသီးသီးမှ ဆရာတော် သံဃာ တော်များ မကြွရောက်နိုင်ခဲ့ကြပါ။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ မွေးလဖြစ်သော တော် သလင်းလဆုတ် (၈)ရက်နေ့တွင် အန္တိမဈာပန ပြု လုပ် ရန် ဆရာတော်တစ်ပါးက ဆုံးဖြတ်ချက် ချပြီး အတည်ပြုလိုက်ပါသည်။ ဝါတွင်းကာလ မိုးကျနေချိန်ဖြစ်၍ ဆရာတော်ဘုရားကြီး၏ တပည့် ဒါယကာ ဒါယိကာမများက သဘောတူညီမှု မရှိ

**အဘိဓဇခန္တီး ဆရာတော် ဘုရားကြီးနှင့်**
**တောင်ပုလု ဆရာတော် ဘုရားကြီး....**

WWW.DHAMMARANSI.NET



ဘာတီယခြောက် ခန္တီးဆရာတော်ဘုရားကြီး

ကြပါ။ အဝေးရောက် တပည့် သံဃာတော်များအား အကူအညီတောင်းခံ၍ အန္တိမဈာပနရက်ကို ပြန်လည် ပြင်ဆင်ရန် လျှောက်ထားတောင်းပန်ကြပါသည်။

သို့သော် လည်း ဆုံးဖြတ်ချက်အတိုင်း စီစဉ်ချမှတ်ဆောင်ရွက်ရန် အဆင်သင့် ဖြစ်နေ၍ ရက်ပြောင်းရွှေ့ရန် မဖြစ်နိုင်တော့ကြောင်း ဈာပနကော်မတီဥက္ကဋ္ဌ ဆရာတော်က မေတ္တာရပ်ခံသဖြင့် ဈာပနရက် ကိစ္စနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားမှုများ ပြေငြိမ်းသွားခဲ့ပါသည်။

ဈာပနရက် ဝိဝါဒဖြစ်မှု လျော့ပါးသွားသော်လည်း ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်မှု မပြုဘဲ အရိုးဂူစေတီတော်အတွင်း ယည့်သွင်း ပူဇော်ထားလိုကြောင်း ဆရာတော်ဘုရား၏ တပည့်တစ်ဦးက အတိုက်အခံတောင်းဆိုနေသဖြင့် ဈာပနကော်မတီက ပါတီကောင်စီနှင့် ညှိနှိုင်း၍ တိုင်ပင်ကြရသည်။

ဈာပနကော်မတီဝင် လူကြီးများနှင့် ပါတီ၊ ကောင်စီ၏ ညှိနှိုင်း ဆောင်ရွက်မှုကြောင့် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ၂-နှစ်အတွင်း ပူဇော်ခွင့်ပြုလိုက်ပြီး၊ ၂-နှစ်ပြည့်မြောက်ခဲ့လျှင် သက်ဆိုင်ရာ တပည့်ဒါယကာ ဒါယိကာမများ၏ ဆန္ဒအရလည်းကောင်း၊ ဆရာတော်ဘုရားကြီး မိန့်ကြားတော် မူခဲ့သည့် ဆန္ဒအရ လည်းကောင်း၊ မီးသဂြိုဟ်ခွင့် ပြုထားပြီး ဖြစ်ပေသည်။


## အန္တိမ မဟုတ်သော ဈာပန

၁၃၄၈-ခု၊ တော်သလင်းလဆုတ် (၈)ရက်နေ့ ဆရာတော်ဘုရားကြီး၏ မွေးနေ့၊ မွေးလ၊ မွေးရက် တိုက်ဆိုင်နေသည့်ရက်တွင် ရုပ်ကလာပ်တော်ထားရှိရာအုတ်တိုက်ကျောင်းကြီးပေါ်မှ ဆွဲရထားဖြင့် ဆရာတော်ဘုရားကြီးကြိုတင် တည်ခိုင်းထားသော 'အဘယအရိုးဂူစေတီတော်' သို့ ပင့်ဆောင်ကြပါသည်။

ကြွရောက်တော်မူလာကြသော တပည့် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများမှာ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်မှုမပြုသဖြင့် စိတ်ဆိုးဝမ်းနည်းဖြစ်ကြသည်။ ဆရာတော်ဘုရားကြီးမှာ ခန္ဓာနာမ်ရုပ် ချုပ်ငြိမ်းတွယ်ရှုစဖွယ်ဖြစ်သော ခန္ဓာကိုယ် အတ္တဘောကြီးအား ငှက်ပျောတုံး၊ လက်ပံတုံးသဖွယ်စင်ကြယ်စွာရှုမြင်၍ အသခ်တနယ်သို့ ကူးပြောင်းသွားပြီ ဖြစ်သော်လည်း၊ ဆရာတော်၏ ရုပ်ကလာပ်တော်မှာ သက္ကာယစွဲ အတ္တကဲ နေသော ပုထုဇဉ် ပုဂ္ဂိုလ်များ၏ တောင်းဆိုချက်အရ အန္တိမ မဟုတ်သော ဈာပန

WWW.DHAMMARANSI.NET





ခန္တီးဆရာတော်ဘုရားကြီး၏ ဓာတ်ရုပ်ပွားတော်
မော်ကွန်း ကျောက်စာတိုင်ကြီး

ကို ဆောင်ရွက်နေကြသဖြင့် စိတ်မကောင်းဖြစ်ကြရပေသည်။

## ရုပ်ကလာပ်တော် ရွှေချပွဲ

၁၃၄၇–ခု၊ တပေါင်းလဆန်း (၁၃–၁၄–၁၅)နေ့ များတွင် ရုပ်ကလာပ်တော် ပူဇော်ခွင့်ရရှိသော တပည့်တစ်ပါးက သူ၏ ဆန္ဒအတိုင်း ရုပ်ကလာပ်တော် ရွှေချပွဲကို ဆောင်ရွက်ခဲ့သည်။ ထို နေ့ များ တွင် မိုးမှောင်ကျခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ရုတ်တရက် ဖြစ်ပေါ်လာခဲ့သဖြင့် ဝန်းသိုတစ်မြို့လုံး ထူးဆန်း အံ့ဩမှု ဖြစ်ကြရသည်။ ရပ်ဝေး ရပ်နီးမှ တပည့်သံဃာတော်များ ကြွရောက်ခြင်း မရှိကြပါ။ ပရိသတ်အနည်းငယ်သာရှိသည်။

## တတိယခန္တီးဆရာတော် ပူဇော်ပွဲ

ခန္တီးတိုက် သာသနာ့ရက္ခိတ အသင်းမှကြီးမှူး ဦး ဆောင် ၍ ၁၃၄၈–ခု တပို့တွဲလဆန်း (၄–၅–၆)ရက်နေ့တွင် တတိယ ခန္တီးဆရာတော် ချီး ကျူး ဂုဏ် ပြု ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ဝန်းသိုမြို့ ခန္တီးစာသင်တိုက် ဓမ္မာရုံကြီးအတွင်း ခမ်းနား သိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ကြသည်။

ခ န္တီး တိုက် ၏ အာဒိကမ္မိက ပထမ ခန္တီးဆရာတော်ဘုရားကြီးမှာ ဆရာတော် ဦးစန္ဒိမာ မ ဟာ ထေရ်ဖြစ်သည်။ ဒုတိယ ခန္တီးဆရာတော်ဘုရားကြီးမှာ အဂ္ဂါကိဝဇ္ဇ နိုင်ငံတော်ဩဝါဒါစရိယ ဂန္ထကာရကအကျော် သက်တော်ရှည် ခန္တီးဆရာတော် ဘုရားကြီးဖြစ်သည်။ ယခု ဆက်လက်၍ ခန္တီးစာသင်တိုက်ကြီးနှင့် ခန္တီးရိပ်သာ နှစ်ဌာနတို့အား နာယကပြုလုပ် အုပ်ချုပ်တော်မူသည်မှာ အထက်ပါ ဆရာတော်နှစ်ပါး၏ တပည့်ရင်း ဖြစ်တော်မူသော ဘဒ္ဒန္တကုသလ မဟာထေရ်ဖြစ်သည်။

ခန္တီး ဆ ရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မမူမီ လွန်ခဲ့သည့် ၁၃၂၇–ခုနှစ်မှစ၍ ခန္တီးရိပ်သာနှင့် ခန္တီးစာသင်တိုက်နှစ်ဌာနစလုံးတာဝန်ယူအုပ်ချုပ်ရန် လွှဲပြောင်းခြင်း ခံရသည့် တပည့်ကောင်း ဖြစ်သည်။ ခန္တီးရိပ်သာနှင့် ခန္တီးစာသင်တိုက်ကွဲပြားမှုမရှိစေရန် ဘဒ္ဒန္တကုသလမဟာထေရ် (ယခုတတိယခန္တီးဆရာတော်)၏ဩဝါဒကိုခံယူ၍ ဆောင်ရွက်ကြရန် ကျေးဇူးရှင် (အဘိဓဇ မဟာရဋ္ဌဂုရု) ခန္တီးဆရာတော်ဘုရားကြီးက ၁၃၂၇–ခုနှစ်၊ တော်သလင်းလဆုတ် ၈–ရက် စနေနေ့တွင် လူသိရှင်ကြား လွှဲအပ်ထားတော် မူခဲ့ပြီး ဖြစ်သည်။

စာမျက်နှာ (၅၉) သို့

WWW.DHAMMARANSI.NET



ဓမ္မာစရိယ

# ဦးဓော်ရှိုင်

## လူ့ဝင်စားဆိုတာတကယ်ရှိသလား

တနင်္ဂနွေနေ့တစ်နေ့တွင်အခြေခံဗုဒ္ဓဘာသာ အဘိ–
ဓမ္မာသင်တန်း(ဝိုင်အမ်ဘီအေ) ပြီးသွားရ၍ ဆရာများ
စားပွဲ၌ ဤစာရေးသူထိုင်နေစဉ် ၇အဘိဓမ္မာသင်တန်း
သား တစ်ယောက် အနားသို့လာရောက်ထိုင်ပါသည်။

''ရတနာမွန် မဂ္ဂဇင်းထဲမှာ ဆရာရဲ့ လူ့ဝင်စား
အကြောင်းကိုဖတ်ရတာ ကျွန်တော် သိပ်စိတ်ဝင်စား
ပါတယ်၊ အတိတ်ဘဝက ဘာတွေလုပ်ခဲ့လို့ အခု
လက်ရှိဘဝမှာ ဘာတွေဖြစ်တယ်ဆိုပြီး ကြောင်းကျိုး
ဆက်ပြထားတာတွေကိုဖတ်ရတော့ ကျွန်တော်အံ့သြလဲ
အံ့သြသွားပါတယ်။ ရှေ့ကမယုံခဲ့တာကိုလဲအခုယုံကြည်
ယလိုဖြစ်သွားပါတယ်။ ဆရာ....အဲဒါတွေကို ပြန်သိ
တယ်ဆိုတာ တကယ်ပဲသိပါသလား''လို့ စတင်မေး
မြန်းလိုက်ပါသည်။

''ဆရာဟာ အာဇီဝဋ္ဌမကသီလကို သတိထားပြီး
အမြဲစောင့်ထိန်းနေသူပါ။ တကယ်သိလို့ သိတယ်ပြော
တာပေါ့။ မသိတာကျတော့လဲ ဆရာ တစ္ဆေဖြစ်ခဲ့တဲ့
ဘဝကို မသိဘူးလို့ ပြောထားသားပဲ။ ဘာလဲ....
တပည့်က လူ့ဝင်စားဆိုတာကို မယုံခဲ့ဘူးလား''

''ဟုတ်ကဲ့....အမှန်အတိုင်းပြောရရင် သိပ်မယုံခဲ့ဘူး
ဆရာ''

''ဆရာတို့ အဘိဓမ္မာ သင်တန်းကို ရှေ့နှစ်တွေက
တက်ဖူးသေးသလား''

''မတက်ဖူးသေးပါ ဆရာ၊ အခုနှစ်မှပဲ စတ
တာပါ''

''သြော်....ဒါကြောင့် မယုံကြည်ဘဲဖြစ်နေတာပ
ဆရာတို့ ဗုဒ္ဓဘာသာမှာ အခြေခံ ယုံကြည်ချက်ကြ
၁၀–ချက်ရှိပါတယ်။ ပါဠိလိုတော့ 'ဒသဝတ္ထုကသမ္မ
ဋ္ဌိဒိ'လို့ ဘုရားဟောထားတယ်။ အဲ့ဒီ ၁၀–ချက်
ယုံကြည်မှ ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်တယ်။ အဲ့ဒီ ၁
ချက်ထဲမှာ ရှေ့ဘဝဆိုတာရှိတယ်။(အတ္ထိအယံလော
ကော)။ နောက်ဘဝဆိုတာ ရှိတယ်။(အတ္ထိပရလော
ကော)ဆိုတဲ့ အချက်နှစ်ချက်လဲ ပါတယ်။ ဒါကြော
ရှေ့ဘဝ၊ နောက်ဘဝရှိတယ်လို့ ယုံကြည်မှ ဗုဒ္ဓဘာသ
ဝင်အစစ်ဖြစ်တယ်။ အခြေခံကတော့ ကံနဲ့ကံ့ရဲ့အကျိ
တွေကို ယုံကြည်ရခြင်းပါပဲ။ နောက်ဘဝ ကောင်
မကောင်းဟာ အခုဘဝမှာ သို့မဟုတ် ရှေ့ရှေ့ဘ
တွေမှာပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေပေ
မှာ အခြေစိုက်နေတော့ နောက်ဘဝရှိတယ်လို့
ကြည်မှ အခုဘဝမှာ ကုသိုလ် ကောင်းမှုတွေကို လု
မှာ၊ နောက်ဘဝမရှိဘူးလို့ ယူဆထားရင် လုပ်ချ
သလိုလုပ်ကြမှာပဲမဟုတ်လား။ ဒါကြောင့်ကံကိုယုံကြ
မှ နောက်ဘဝရှိတယ် ဆိုတာကိုလဲ ယုံကြည်မှာဖြ
တယ်။ တပည့်ကော နောက်ဘဝ ရှိတယ်ဆိုတာကို
ကြည်ရဲ့လား''

WWW.DHAMMARANSI.NET



''ဟုတ်ကဲ့....နောင်တမလွန်ဘဝ ရှိတယ်ဆိုတာကို တော့ ယုံကြည်ပါတယ် ဆရာ''

''အေး....နောင်တမလွန်ဘဝရှိတယ်ဆိုတာကို ယုံကြည်ရင် လူဝင်စားရှိတယ် ဆိုတာကိုလဲ ယုံကြည်ရ တော့မှာပေါ့''

''ဘယ်လိုလဲ ဆရာ''

''ဪ....လူဝင်စားဆိုတာ ဝေါဟာရ အတိုင်း ရှင်းပြရရင် ဘဝတစ်ခု ချုပ်ငြိမ်းပြီးတဲ့နောက် လူ သတ္တဝါအဖြစ် အခုဘဝသို့ ဝင်ရောက်လာတဲ့ လူလို့ အဓိပ္ပာယ်ရတယ်။ ဆိုးဂိုတာကတော့ သတ္တဝါတစ်ဦး သေဆုံးပြီး လူဖြစ်လာတဲ့ဟာမျိုးပေါ့၊ ဒီတော့ အခု တွေ့မြင်နေကြရတဲ့ ဆရာတို့၊ တပည့်တို့ လူတွေအားလုံး ဟာ လူဝင်စားတွေချည်းပါပဲ။ ဒါပေမယ့် သူတို့ရဲ့ အကြောင်းကံအားလျော်စွာ မိမိတို့ရဲ့ရှေးဘဝကိုပြန် ပြောနိုင်တဲ့လနဲ၊ ပြန်မပြောနိုင်တဲ့လူလို့ အဲဒီလောက် ပဲ ခြားနားကြတာပါ။ ပြန်ပြောနိုင်တဲ့လူကိုသာ လ ဝင်စားရယ်လို့ လူတွေက သမုတ်ကြတာပါပဲ။ အဲဒီ လို ပြန်ပြောနိုင်တဲ့ လူကလဲ အလွန် ရှားလွန်းတော့ ထူးဆန်းသလိုဖြစ်နေတာပေါ့၊ ဆရာတို့ ဗုဒ္ဓကျမ်းဂန် များမှာတော့ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ဇာတိဿရဉာဏ် ရတဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အဓိပ္ပာယ် ကတော့ မိမိ ဖြစ်ခဲ့ဖူးတဲ့ ရှေးဘဝတွေကို အောက်မေ့ သိမြင်နိုင်တဲ့ လူလို့ ဆိုလိုပါတယ်''


''ဂိုဏ်းက ကျမ်းဂန်တွေမှာ အဲဒီလို ပုဂ္ဂိုလ် မျိုး အကြောင်း ပါပါသလားဆရာ''

''အများကြီးရှိတာပေါ့။ ကျမ်းစာအုပ် တစ်အုပ် ရေးထုတ်နိုင်လောက်အောင်ပဲ့ရှိပါတယ်။ ဆရာ ကျမ်း ဂန်လာကဲ့အတိုင်း အကျဉ်းချုပ်ရှင်းပြပါ့မယ်။ ရှေ့ဘဝ ကို ပြန်သိနိုင်တဲ့ လူများထဲမှာ တချို့ကမွေးဖွားလာစ မှာပဲ သိကြတယ်၊ တချို့က မိမိ နေခဲ့ဖူးတဲ့ နေရာ အရပ်ကိုတွေ့မြင်ရတဲ့အခါမှာ ဖြစ်စေ၊ အကြောင်း တိုက်ဆိုင်တဲ့အခါမှာဖြစ်စေ၊ ပြန်အောက်မေ့ သတိရ နိုင်ကြတယ်။ တချို့ကအလိုအလျောက် မအောက်မေ့ နိုင်ကြပဲ အခြားသူရဲ့ပြောစကားကိုကြားသိရမှ သတိ ရပြီး ပြန်အောက်မေ့နိုင်ကြတယ်။ ရှေ့ဘဝကိုအစဉ် အတိုင်း အောက်မေ့နိုင်ကြတဲ့လူများရှိသလို ဘဝကို ခုန်ကျော်အောက်မေ့နိုင်သူများလဲ ရှိကြတယ်။ အဲဒီ ပုဂ္ဂိုလ်တွေဟာ တစ်ဘဝသာ သိသူ၊ နှစ်ဘဝ သိသူ သုံးလေးဘဝသိတဲ့ လူ၊ရှစ်ဘဝ၊ ဆယ့်နှစ်ဘဝ၊ ဆယ် လေးဘဝ သိတဲ့လူ စသည်ဖြင့် အမျိုးမျိုး ရှိကြပါ တယ်''

''ဘုရားလက်ထက်တုန်းက ပတိပူဇိကာ ခေါ် သာဝတ္ထိ ပြည်သူကလေးဟာ မွေးဖွား လာစက ဇာတိဿရဉာဏ်ဖြစ်ပေါ်လာပြီး၊ သူဟာ တာဝတိံ သာ နတ်ပြည် မာလာဘာရီနတ်သားရဲ့ဇနီးနတ်သမီ ဘဝက စုတေပြီး လူ ဖြစ်လာတယ်လို့ သိမြင်တယ် သာဝတ္ထိပြည်မှာပဲ ကုဋေ ၄၀–ချမ်းသာတဲ့ အာနန္ဒ သေဌေးကြီးဟာအလွန်နှမြောတယ်တဲ့။ပေးကမ်းခြင်း လှူဒါန်းခြင်း လုံးဝမရှိဘူး။ သေဆုံးသွားတဲ့အခါ သာဝတ္ထိပြည်အနီးက ဒွန်းစဏ္ဍားရွာမှာ ဒွန်းစဏ္ဍာ သားကလေး သွားဖြစ်တယ်။ ကိုယ်လက် အင်္ဂါမျ အချိုးအစားမကျတဲ့ အဘွက် မြေဘုတ်ဘီလူးကြီး အရုပ်ဆိုးသူ ဖြစ်တယ်။ တောင်းရမ်း နိုင်တဲ့ အရွ ရောက်တဲ့အခါ မိဘနှစ်ပါးရဲ့ စွန့်ပစ်ခြင်းကိုခံရတယ် အိမ်စဉ်အတိုင်း လှည့်လည် တောင်းရမ်းတဲ့အခါ အ နန္ဒာ သူဌေးဘဝက နေခဲ့ဖူးတဲ့ မိမိအိမ်ကို ရောက် အခါ ဇာတိဿရဉာဏ်ဖြစ်ပေါ်လာပြီး မိမိရဲ့သေဌေ ဘဝကိုသိပြီး သေဌေးဘဝကမြှုပ်ထားခဲ့တဲ့ရွှေအိုးကြ ၅–လုံးကို ဖော်ထုတ်ပေးနိုင်သတဲ့။

''ပြီးတော့ ဘုရားလောင်း တေမိမင်း အကြော မင်းသိမှာပေါ့၊ တေမိ မင်းသားကလေးဟာ တစ် သားကလေးပဲ ရှိသေးတယ်။ ခမည်းတော်မင်းကြီး ရင်ခွင်ထဲမှာနေတုန်း မင်းကြီးရဲ့ သူခိုးလေးယော

WWW.DHAMMARANSI.NET



# အကျိုးသိမြင် အလှူရှင်

ထီးချိုင့်မြို့-တည်တောဆရာတော်

လမ်းကြားဌ် ဇရပ်ဆောက်လုပ်၍ မိမိဇရပ်တွင် ခရီးသွားများ သောက်သုံးရန် ရေချမ်းစင် တည်ထားသော ရေချမ်းဒကာများကို မြင်ဖူး၊ ကြားဖူးပါသည်။

မိမိဇရပ်၌ ရေချမ်းစင်မျှမက ခရီးသွားများ အလွယ်တကူ ချက်ပြုတ်စားသောက်ရန် ဆန်,ဆီ, ဆားနှင့် ချက်ပြုတ်ရန် အိုးခွက်များပါ မပြတ်တည်ထား လှူဒါန်းသော ဒါယကာမူကား အလွန်ပင် ရှားပါး ါလိမ့်မည်။

ထိုရှားပါးသော ဒါယကာတို့တွင် တစ်ဦး အပါအဝင် ဖြစ်သူကား ယမ်းဖိုရွာ, ဘုရားဒါယကာ ဦးဘုန်းကျော်နှင့် ဘုရားအမ ဒေါ်ခင်ဆန်းတို့ ဖြစ်ကြပါသည်။

ယမ်းဖိုရွာဆိုသည်ကား ရှမ်းပြည်နယ် မြောက်ပိုင်း မဘိမ်းမြို့နယ် ရွှေလီတောင်ကလပ် ခြေရင်း၌ တည်ရှိသော ရွာကြီး တစ်ရွာ ဖြစ်ပါသည်။ ယမ်းဖိုရွာသည် ရွှေလီမြစ် လက်ျာကမ်းမှ ၁၂-မိုင်းဝေးကွာ၍ ရွှေလီမြစ်ကမ်း ဖြစ်သော မဘိမ်းမြို့သို့ လည်းကောင်း၊ မအူကုန်း ရွာသို့ လည်းကောင်း မော်တော်ကား၊ နွားလှည်းများဖြင့် အလွယ်တကူ သွားလာနိုင်ပါသည်။

ယမ်းဖိုရွာ လယ်သမားဖြစ်သော ဦးဘုန်းကျော် ဒေါ်ခင်ဆန်းတို့သည် ယမ်းဖိုရွာနှင့် မအူကုန်းရွာအကြား တောလမ်းခရီး၌ ဇရပ် တစ်ဆောင် ဆောက်လုပ်၍ ဆန်,ဆီ,ဆားများ မပြတ်ထားကာ လှူဒါန်းခဲ့သဖြင့် ဇရပ်ဒကာ ဦးဘုန်းကျော်ဟူ၍ ဧရာဝတီ မြစ်ဝှမ်းတိုင်အောင် ထင်ရှား ကျော်ကြားလာခဲ့လေသည်။

* * *

၁၃၄၇ခု-တပို့တွဲလပြည့်ကျော် ၇-ရက်နေ့တွင် ကသာမြို့ မဟာလေးထပ် ဆရာတော်နှင့် ရွှေလီချောင်း ဘိုင်ပင်ဆရာတော် ဦးပညာဇောတတို့သည် တည်တောကျောင်းသို့ ကြွရောက်တော်မူလာကြသည်။ကြွရောက်လာကြသော အကြောင်း

WWW.DHAMMARANSI.NET



ကား ဘိုင်ပင်ရွာ အောင်မင်္ဂလာ စေတီတော် အနေကဇာတင် ဆင်ယင်ပွဲနှင့် အသံမစဲ ပဋ္ဌာန်း ရွတ်ဆိုပွဲသို့ ကြွရောက်ချီးမြှောက်ရန်ဖြစ်၏။

အောင်မင်္ဂလာ၏ ဒါယကာကား ဇရပ်ဒကာ ဦးဘုန်းကျော်နှင့်ဒေါ်ခင်ဆန်းတို့ဟု ဆိုလေသည်။

ဇရပ်ဒကာ ဦးဘုန်းကျော် ဒေါ်ခင်ဆန်းတို့၏ ကောင်းသတင်းကို ကြားဖူးသဖြင့် ၎င်းတို့၏ စေတနာ,သဒ္ဓါတရားကို အလေးထားသောအားဖြင့်တပေါင်းလပြည့်ကျော်နှစ်ရက်နေ့တွင်၊ ထီးချိုင့်မြို့ နိုတာဆရာတော် ရွှေစည်းခုံဆရာဘော်နှင့် စာရေးသူတို့သည် အမြန်သွားစက်လှေဖြင့် ရွှေလီချောင်း မဘိမ်းမြို့နယ် ဘိုင်ပင်ရွာသို့ ထွက်ခွာခဲ့ကြရာ၊ လပြည့်ကျော် ၃-ရက်နေ့ ညနေအချိန် ဘိုင်ပင်ရွာသို့ ဆိုက်ရောက်ကြလေသည်။

* * *

ဘိုင်ပင်ရွာသည် ရွှေလီမြစ်၏ လက်ဝဲကမ်း၌ တည်ရှိ၍ အိမ်ခြေ ၂၅-အိမ်မျှသာရှိ၏။ ရွာသူရွာသားများလည်း သစ်ခုတ်၊ ဝါးခုတ်၊ လက်လုပ်လက်စားများသာ ဖြစ်ကြသည်။ ရွာဦးကျောင်းဆရာတော်ကား ဝန်းသိုမြို့ အဂ္ဂါဘိဓေ ခန္တီးဆရာတော်ဘုရားကြီး၏ တပည့် ဦးပညာဇောတဖြစ်ပါသည်။ ဦးပညာဇောတသည် ခန္တီးဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သည့်အားလျော်စွာ ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံရပုဂ္ဂိုလ်ဖြစ်ပါသည်။

ဘိုင်ပင်ရွာဦး ကုန်းမြင့်တွင် ပညောင်ပင်ကြီး တစ်ပင်ရှိ၏။ဦးပညာဇောတသည် နေ့လယ် စာဝါများ ရပ်နားချိန်တွင် ထိုပညောင်ပင်ရင်းသို့ သွားရောက်၍ တရားအားထုတ်လေ့ရှိ၏။ နေ့တစ်နေ့ တရားအားထုတ်နေစဉ် အိပ်မက်လိုလို တကယ်လိုလို လူတစ်ယောက် ရောက်လာပြီးလျှင် 'ဤနေရာ၌ ကျောင်းဆောက်ပါ'ဟု လျှောက်သွားသည်။ ဦးပညာဇောတသည် အိပ်မက်မက်တာပဲဟု အရေးမထားခဲ့ချေ။ မကြာမီ ရွှေလ်သေဒွေးဟု နာမည်ကြီးသော မိုးလုံးဦးဘတုတ်က ကျောင်းဆောက်လှူဒါန်းပါရစေဟု လျှောက်ထားသဖြင့် အိပ်မက် မဟုတ် နတ်တိုက်တွန်းခြင်းပါတကားဟု အမှတ်ထားကာ နတ်ညွှန်ပြသော ပညောင်ပင်အနီး၌ ကျောင်းဆောက်ရန် ညွှန်ကြားခဲ့သည်။ ထိုနောက်မကြာမီ ယမ်းဖိုရွာ ဇရပ်ဒကာ ဦးဘုန်းကျော် ဒေါ်ခင်ဆန်းတို့က ထိုကုန်းဦး၌ စေတီတည်ခွင့် တောင်းဆိုပြန်သဖြင့် ခွင့်ပြုခဲ့ရာ ဘိနပ်တော် ၂၁ တောင်၊ ညဏ်တော်အမြင့် အတောင် ၃၀-ရှိသော အောင်မင်္ဂလာ စေတီတော်ကို တည်ထားအောင်မြင်ခဲ့လေသည်။

* * *

ဘိုင်ပင်ရွာ အောင်မင်္ဂလာ စေတီတော်၊ အနေကဇာတင်ပွဲတော်၌ ဦးဘုန်းကျော် ဒေါ်ခင်ဆန်းတို့နှင့် တွေ့ရ၏။ ဇရပ်ဒကာ ဦးဘုန်းကျော် ဒေါ်ခင်ဆန်းဟု ကြားဖူးစဉ်က အသက်အရွယ် ကြီးမားသော အဘိုးကြီး၊အဘွားကြီးများဟု ထင်ခဲ့သည်။ ယခုကြုံတွေ့သောအခါ အထင်နှင့် အမြင်ကားလွဲလှ၏။ ဦးဘုန်းကျော် ဒေါ်ခင်ဆန်းဟု ဦးဒေါ် သုံးပြီး ခေါ်နေကြသော်လည်း ယခုမှ အသက် သုံးဆယ်ကျော်အရွယ်မျှသာ ရှိကြပါသေးသည်။ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ယခုကဲ့သို့ မမေ့မလျော့ ကုသိုလ်တရား ပွားများနိုင်ကြသည်မှာ အလွန် ဝမ်းမြောက်ဖွယ် ကောင်းလှပါသည်။ ဦးဘုန်းကျော် ဒေါ်ခင်ဆန်းတို့သည် ဤအသက်အရွယ်တွင် ရဟန်းခံ-ရှင်ပြု စသော ကုသိုလ် အမျိုးမျိုးကိုလည်း ပြုစုခဲ့ကြဘူးသည်။ ထာဝရ ကုသိုလ်မျိုးဖြစ်သော မြေစိုက်စေတီတော်ကိုလည်း သုံးဆူအထိ တည်ထားအောင်မြင်ခဲ့ကြပြီ။ သူတို့ ဇနီးမောင်နှံသည် အဘယ် အကျိုးတရားကိုမြင်၍ ဤမျှ ကုသိုလ်ပြုနေကြပါသနည်း။ ဤအကြောင်း စပ်စုမိသောအခါ ဦးဘုန်းကျော်က....

''အလှူရဲ့အကျိုးကို တပည့်တော်က ကိုယ်

တွေ့ သိနေတဲ့အတွက် မမေ့ မလျော့ ဒါနမှု ပြုနေတာပဲဖျာ့’ဟု....ပြောကြားသည်။

“အလှူရဲ့အကျိုးကို ဘယ်လို ကိုယ်တွေ့သိနေတာလဲ၊ ပြောစမ်းပါဦး”

“တပည့်တော်များ ယမ်းဖိုရွာက ရွှေလီမြစ်ကမ်းကို ဆင်းလာတဲ့ လမ်းခုလတ်မှာ ရှေးဟောင်းရွာပျက်တစ်ခုရှိတယ်၊ ရွာပျက်အနီးမှာလဲ စေတီတော်တစ်ဆူ ပျက်စီးပြီး ချုံတွေဖုံးအုပ်နေတယ်၊ သည်စေတီပျက်ကိုမြင်တော့ တပည့်တော် ပြန်လည်ပြုပြင်ချင်တဲ့စိတ် ဖြစ်ပေါ်လာလို့ မခင်ဆန်းနှင့် တိုင်ပင်တယ်ဖျာ့...

“မခင်ဆန်းက ကျုပ်တို့မှာ ငွေများများမရှိဘူး၊ သုံးလေးထောင်လောက်သာရှိတယ်၊ သည်ငွေကလေးကုန်သွားလျှင် နောင်ရေးခက်သွားမယ်ထင်တယ်လို့ပြောတယ်၊ တို့မှာလယ်ရှိသားပဲ လယ်ယာရှိသမျှ မငတ်ပါဘူး၊ နောင်ခါလာ နောင်ခါချေး လုပ်သာလုပ်ကြပါစို့ လို့နှစ်ယောက်သဘောတူကြပြီး စေတီတော်ကို ပြန်လည် ပြုပြင်ခဲ့တာ ငွေနှစ်သောင်းကျော် ကုန်သွားတယ်ဖျာ့။ စေတီပွဲပြီးလို့ ကိုယ့်ပစ္စည်း ပြန်လည်စစ်ဆေးကြည့်လိုက်တော့ မူလငွေရင်း ကုန်မသွားတဲ့ပြင် ငွေ သုံးသောင်းလောက် တင်ကျန်ရစ်တယ်....

“တပည့်တော် ကုသိုလ်ပြုတိုင်းပြုတိုင်း စီးပွားမပျက်တဲ့ပြင် တိုးတက်လာပါတယ်၊ ခုဘဝမှာသည်လက်တွေ့အကျိုးကို မြင်တာနှင့် နောင်တမလွန်မှာ ဘယ်အထိ အကျိုးပေးမယ်ဆိုတာ ဘယ်သူမျှ မပြောဘဲနှင့် တပည့်တော်တို့ သိနေကြပါတယ်၊ ဒါကြောင့် တပည့်တော်များ မပြတ် မပြတ်အလှူဒါန ပြုလုပ်နေကြခြင်းဖြစ်ပါတယ်၊ နောင်လဲ သေသည့်အထိ တတ်နိုင်သလောက် အလှူလုပ်မှာပါပဲဘုရား’’ဟု....ဝမ်းမြောက်ဝမ်းသာလျှောက်ထားပါသည်။

* * *

ဦးဘုန်းကျော် ဒေါ်ခင်ဆန်းတို့၏ အလှူထုပ်ဖြစ်သော အောင်မင်္ဂလာ စေတီတော်ကို ၁၃၄၈-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်၊ ကြာသပတေးနေ့တွင် ပင့်သံဃာ ၂၅-ပါးတို့ဖြင့် အနေကဇာတင်ပွဲ ဆင်နွှဲအောင်မြင်ပါသည်။ ထိုအနေကဇာတင်ပွဲတော်ကို ဝမ်းမြောက်နှမော်သာခုခေါ်သောအားဖြင့် အောင်မင်္ဂလာ စေတီတော်ဘွဲ့ ၈၀-ပေါ်တေးထပ်ကို ရေစပ် ပူဇော်လိုက်ပါသတည်း။

## အောင်မင်္ဂလာစေတီတော်ဘွဲ့ ၈၀ ပေါ်တေးထပ်

တစ်ထောင့်သုံးရာ၊ လေးဆယ့်ရှစ်ဟု
ရွေးခြယ်သက္ကရာဇ်၊ ခေတ်ကောဇာ။
လဘပေါင်းဟု၊ ရှက်ညှောင်းခါဝယ်၊
စက်ကောင်းကြုံလာ၊ ကံဆော်နှိုး။ ။
ရွှေလီမြစ်ဝှမ်း၊ လျှမ်းစိုဖြာသည်။
ယမ်းဖိုဂါမာ၊ သူမြတ်ဇာတိမျိုး။ ။
ဒေါ်ခင်ဆန်းနှင့်-ဦးဘုန်းကျော်သည်
မြူးပြုံးရွှင်ပျော် စိတ်အကြံမည့်ုး။
တူစုံမောင်နှံ နိဗ္ဗာန်အဲကျိုးဟု....
အဓိဋ္ဌာန်တန်ခိုး ဆောက်တည်ကာ။ ။
ရွာမြတ်ဘိုင်ပင် နောင်ထင်ရှားဖို့
အောင်မင်္ဂလာဘုရားတည်ထားကုသိုလ်ရှာ
လဆုတ်ငါးရက် နေ့ဇီဝါဝယ်
မွေ့ကြည်သာယာ ဘိသေသွန်းလို့
သိစေညွှန်းခဲ့ မြေထက်ဘင်စွာ
ရေစက် ကဋ္ဌနာ
သာဓု...သာဓု ပြဟ္မာတစ်စုငြာသည်
ခါယခု ဒေဝါ ဟစ်ကြွေးကြော်လို့လေး။

ထီးချိုင့်မြို့-တည်တောဆရာတော်

စံကင်း ဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်းကြီး၏ ၄-ပါး မြောက် သာသနာပိုင် ဆရာတော် ဖြစ်တော်မူသည်။ သက်တော် ၁၀၂-နှစ် အထိ ရှည်တော်မူ၍ တွဲဖက်သာသနာပိုင် အဖြစ်ဖြင့် နှစ်ပေါင်း ၂၀၊ ပထမ သာသနာပိုင်ကြီး အဖြစ်ဖြင့် နှစ်ပေါင်း ၂၀၊ နှစ် ရင်ပေါင်း အနှစ် ၄၀ တိုင် ရွှေကျင် ဂိုဏ်းကြီးကို ကြီး မှူး အုပ် ချုပ် သာသနာ ပြုတော် မူသွားသည်။ ဆရာတော်သည် ရွှေ ကျင် ဂိုဏ်း အကြီးအကဲများတွင် သြဝါဒပေး အကောင်းဆုံး ဆရာတော်အဖြစ် ထင်ရှားသည်။ ဆ ရာ တော် ၏ သြဝါဒ များသည် နာရသူ နား ရှင်း၍ လိုက်နာချင်စဖွယ်များ ဖြစ်သည်၊ လိုက်နာလည်း လိုက်နာကြသည်။

# ဦးမာနိတသိရိ

# စံကင်းဆရာတော်ဘုရားကြီး၏ မြေတန်ဖိုး သြဝါဒ



ယခု ဖော်ပြမည့် သြဝါဒမှာ ၁၃၂၂-ခုနှစ် မန္တလေးမြို့ ပွဲစားကြီးများ အသင်းက ကပ်လှူသော ကထိန်သင်္ကန်း ကပ်လှူပွဲ၌ မိန့်ကြားအပ်သော သြဝါဒဖြစ်သည်။ ဆရာတော်သည် ကထိန်သင်္ကန်း ကပ်လှူသော မန္တလေးမြို့ ပွဲစားကြီးများ အသင်းဝင် ဒကာ ဒကာမတို့အား မြေ၏ တန်ဖိုးကို ဖော်ပြ၍ သံဃာတော် သည် လောကကြီး၏ အတူမဲ့ လယ်ယာ မြေကောင်းကြီးပင် ဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားတော်မူသည်။

''အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။''

''လောကဿ၊ လော က ၏။ သတ္တဝါ အံ များ ၏။ အနုတ္တရံ၊ အ တူ မ ရှိ သေ ာ။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးတို့ စိုက်ပျိုး ကြဲချရာ လယ်ယာမြေကောင်း ဖြစ်၏။''

WWW.DHAMMARANSI.NET



မျိုးစေ့ကြဲချရာ မြေနဲ့တူတယ်၊ စပါးစိုက်ရာ လယ်ပေါ့၊ ဝါ၊ နှမ်းစိုက်ရာ ယာပေါ့၊ ပဲအမျိုးမျိုးစိုက်ရာ ကိုင်းကျွန်းပေါ့။ မြေတစ်ပြင်လုံး ညာအ်နဲ့ ဖြန့်ထွြည် လိုက်၊ သဲကန္တာရကြီးများ ချန်ထား၊ ရေလွှမ်းထား တဲ့ သမုဒ္ဒရာထဲက မြေကိုချန်ထား၊ ကြွင်းတဲ့အရပ်မှာ ရှိတဲ့ မြေတွေဟာ သီးနှံစိုက်ပျိုးလို့ ဖြစ်တာချည်းပဲ၊ လူ့ပြည်မှာရှိတဲ့ လူတွေ၊ မြေပေါ်မှာရှိတဲ့ သတ္တဝါ တွေ ဒီမြေကို အမှီပြုပြီး နေကြရတယ်၊ မြေ ဘယ် လောက် အဖိုးတန် သလဲ၊ တို့ မြေဘယ်လောက် အဖိုးတန်တာသိအောင်လို့ ကျောင်းသားတွေ မေး ဖူးတယ်။ မြေကြီးနဲ့ မြေနဲ့ ရွှေနဲ့ ဘယ်ဟာကောင်း တုန်းကွယ့်၊ ရွှေကောင်းတာပေါ့ ဘုရား၊ မြေနဲ့ ရွှေ ပေးရင် ဘယ်ဟာ ယူမလဲ၊ ရွှေယူမှာပေါ့ ဘုရား၊ ရွှေတော့ လူတိုင်း ကြိုက်ကြတာကိုး။ ဘယ်ဟာက အဖိုးတန် သလဲကွယ့်၊ ရွှေက အဖိုးတန် တာပေါ့ ဘုရား။ ဒီတော့ မြေက ဘယ်လိုအသုံးပြုရတယ်။ ရွှေ က ဘယ်လိုအသုံးပြုရတယ်။ ခွဲပြောလိုက်တော့မှ မြေ အဖိုးတန်မှန်း သိသွားတယ်။ မင့်ရွှေပုံကြီးပေါ် စပါး စိုက်လို့ ဖြစ်တာ မဟုတ်ဘူး၊ မြေပေါ်မှ စပါးစိုက်လို့ ဖြစ်တာ၊ စပါးရမှ ထမင်းစားရတာ၊ ရွှေပုံကြီးပေါ် အိပ်နေ စပါးစိုက်ရာလည်း မရှိဘူး၊ ရွှေသာရှိတာ ဘာစားမလဲ။ မြေပေါ် စပါး ကတော့ စိုက်ဖြစ် တယ်၊ စပါးက စားရတယ်၊ ဆန်စားရလို့ အသက် ရှင်နေကြတာ၊ မြေနဲ့ရွှေ ဘယ်ဟာ အဖိုးတန်သလဲ၊ မြေက အဖိုးတန်ပါတယ် ဖြစ်လာတယ်။

အဖိုးတန်လို့ဟာပေါ့ ''အနုတ္တရံ၊ အတူမရှိတဲ့။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်း ဟူသော မျိုးစေ့တို့ စိုက်ပျိုးကြဲချရာ လယ်ယာ မြေကောင်း'' လို့ ဟော ထားတာပေါ့။ ကောင်းမှုကုသိုလ် ပြုကြမယ်၊ ဒါန ပြုကြမယ်ဆိုရင် သံဃာ တော်ဟာ မြေကြီး လိုဘဲ၊ ခုနင်ကပြောတဲ့ ဆန်စပါးအလိုရှိရင် လယ်ထဲစိုက်ပျိုး နှမ်းတို့ ဝါတို့ အလိုရှိရင် ယာထဲစိုက်ပျိုး၊ ပဲအမျိုး မျိုး အလိုရှိရင် ကိုင်းမြေ ကျွန်းမြေထဲ စိုက်ပျိုး၊ ရှေ ကြက်သွန် ငရုတ် ဘာဖြစ်ဖြစ် အကုန်လုံးပေါ်လေ ညက်နဲ့မွဲပြီးကြည့်၊ သစ်တောကြီးတွေ၊ ဘာကြီးတွေ လူ့ပြည် အသုံးအဆောင် ဟူသမျှ မြေပေါ်မှာပေါက် နေတာ၊ အလွန်ကျေးဇူးများ အလွန်ကောင်းတယ်၊ အဖိုးထိုက် အဖိုးတန်တွေ အများကြီး မြေပေါ်က ထွက်တယ်၊ ဒါ မြေထဲ မျိုးစေ့ ချလိုက်လို့ ရတာ။ သံဃာတည်းဟူသော မြေကောင်းမှာ ဒါန မျိုးစေ့ ချလိုက်ရင် မနုဿသမ္ပတ္တိ ဆိုတဲ့ လူ့ချမ်းသာ ပေါ် လာ၊ ဒေဝသမ္ပတ္တိ ဗြဟ္မသမ္ပတ္တိ ဆိုတဲ့ နတ်ချမ်းသာ ပေါ်လာတယ်၊ မဂ္ဂသမ္ပတ္တိ၊ ဖလသမ္ပတ္တိ၊ နိဗ္ဗာနသမ္ပတ္တိ တွေလည်း ပေါ်လာတယ်၊ ဒါကြောင့် သံဃာတော် ဟာ 'အနုတ္တရံ၊ အတူမရှိသော။ ပုညက္ခေတ္တံ၊ ကောင်း မှု မျိုးဘို့စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်' ဖြစ်ပေတယ်။

ခု ကထိန်သင်္ကန်းဆိုတာ သံဃာ၊ သံဃာကို ရည် ရွယ်လှူမှ ဖြစ်တာ၊ ဆရာတော်ကြီး လှူမယ်၊ ဘယ်ဘုန်း ကြီး လှူမယ်ဆို ကထိန်သင်္ကန်း မဖြစ်နိုင် တော့ဘူး။ ဒါကြောင့် လယ်ယာမြေကောင်းနဲ့ တူတဲ့ သံဃာကို ရည်ရွယ်ပြီး လှူကြ၊ ဒီသင်္ကန်းကို သံဃာအားလုံး လှူ ပါတယ်လို့ စိတ်ထားကြ။

ဒီပဲရင်း ဆရာတော်ကြီး ရှိစဉ် တို့ရွာက ကလေး မ ကလေးတွေ မန္တလေး လာကြတယ်၊ မုန့်ဆီကြော် တွေ ပါလာကြတယ်၊ ဒါနဲ့ ဒီပဲရင်း ဆရာတော်ကြီး ထံ သွားလှူခိုင်းတယ်၊ တို့လည်း လိုက်သွားတယ်၊ ဆရာတော်ကြီးဆီ ရောက်တော့ ဆရာတော် ကြီးက ကလေးမကလေးတွေကို မေးတယ်၊ ''ဒီမုန့်တွေ ဘယ် သူစားဖို့ လှူကြတာလဲ၊ ဆရာတော်ကြီး ဘုဉ်းပေး ဖို့ပါ ဘုရား၊ ဟဲ့ မဟုတ်သေးဘူး ပြင်ပြောကြ၊ ဘယ် သူစားဖို့ လှူတာ၊ ဆရာတော်ကြီး ဘုဉ်းပေးဖို့ ပါ ဘုရား၊ နင်တို့ လယ်လုပ်တာ မြင်ဖူးကြသလား၊ မြင်ဖူးကြပါ ဘုရား။ လယ်ထဲ စပါးပျော့ ကြဲတာ လယ်စားဖို့လား၊ ကြဲသူစားဖို့လား၊ ကြဲသူစားဖို့ပါ ဘုရား။ ကဲ ဒီလိုဆို ဒီမုန့်တွေ ဘယ်သူစားဖို့ လှူကြတာ လဲ၊ တပည့်တော်တို့ စားဖို့ပါ ဘုရား။ အေး ဟုတ်တယ် လို့ ဒီပဲရင်း ဆရာတော်ကြီးက ကလေးမ ကလေး တွေကို မိန့်ကြားဘာ နာခဲ့ရ ဖူးတယ်။ ခုလည်း ကထိန်သင်္ကန်း ကပ်လှူတဲ့ ဒကာဒကာမတွေ ဒါကိုလည်း သဘောပေါက်ထားကြ။ ကဲ....ကဲ....။

ဦးမာနိတသိဒ္ဓိ

၁၃၄ -ခု၊ တပေါင်းလဆန်း၊ ၁၀-ရက်

WWW.DHAMMARANSI.NET



# ဝေသရာ
# မဟာကျော်ပါဏိနိ

လောကီပညာရပ် အလိုအားဖြင့်လူ့ဘဝ၏ ကံကြမ္မာသည် လူ၏လက်၌ ရေးလိုက်ပါသည် ဟု အယူရှိကြသည်။ လက်၌ပါသော ထိုအရေး အကြောင်းကို ကြည့်၍ လက္ခဏာ ဖတ်လေ့ရှိသည်။ အသက်ရှည်မည်၊ ပညာတတ်မည်၊ ကြီးပွား တိုးတက်မည် စသည်ဖြင့် ဟောပြောလေ့ရှိကြသည်။အကယ်၍မွေးစဉ်ကပင်လက် ပါမလာသူ၊ ရောဂါကြောင့်လက်မရှိတော့သူ၊ ခိုက်မိ၍ လက်ပြတ်သွားသူ၊ လက်ဖြတ်ခံရသူတို့၏ ဘဝကြမ္မာကို မည်သို့ဆိုမည်နည်း။ လောက၌ လက်၌ပါသောအရေး အကြောင်းသည် ပဓာန မဟုတ်၊ အားထုတ်မှုသာ ပဓာန ဖြစ်ချေသည်။ လက်၌ ဉာဏလေခ ခေါ် ပညာရေး လမ်းကြောင်း မပါပဲလျက်၊ လက္ခဏာ ပညာရပ်ကို ဖြက်ရယ်ပြုသွားသူ ဘစ်ဦး ခရစ်မပေါ်မီ အနှစ် ၄၀၀-ကျော်ကပင် အိန္ဒိယပြည်၌ ပေါ် ပေါက်ခဲ့ဖူးပါသည်၊ ယနေ့တိုင်လည်း ကမ္ဘာကသူ့ကို သိနေကြပါသည်။ သူကား သဒ္ဒါဆရာကြီး မဟာကျော် ပါဏိနိ ဖြစ်ပါသည်။

သက္ကတ ဘာသာကို လိုက်စားသူတိုင်း၊ အိန္ဒိယစာ ပေသမိုင်းကို လေ့လာ သူတိုင်း ပါဏိနိ -ဟူသော အမည်ကို သိကြပါသည်၊ ပါဏိနိသည် ပါဋလိပုတ် ပြည်သား ဖြစ်ပါသည်၊ လာဟိုမြို့သား ဟုလည်း ဆိုကြပါသည်။ ငယ်စဉ်ကပင် ဖခင်မရှိသဖြင့် မိခင် အမည်ဖြင့် ထင်ရှားပါသည်၊ ဒက္ခိပုတ္တ ဒက္ခိ၏သား ဟု- အမည်တွင်ပါသည်၊ မိခင် ဒက္ခိသည် သားကို ပညာတတ် ဖြစ်စေချင်သည်။ မုဆိုးမ၊ မိခင်တို့၏ ထုံးစံအတိုင်း သားအပေါ် လွန်စွာ မြော်လင့် အား ထားသည်၊ ထိုကြောင့် သားကို လက္ခဏာ ဆရာထံ ခေါ်သွား၍ သား၏လက္ခဏာကို ဖတ်စေပါသည်။ လက္ခဏာ ဆရာသည် ပါဏိနိ၏ လက်ဝါး ပြင်၌ ဉာဏလေခ ခေါ် ပညာရေးလမ်းကြောင်း မပါ သဖြင့် ''ပညာတတ် မဖြစ်နိုင်'' ဟု ဟောပါသည်။ လက္ခဏာဆရာ၏ ဟောပြောချက်ကို ကြားရသော မိခင် ဒက္ခိသည် လွန်စွာ စိတ်ပျက်အားလျော့သွားပါ သည်၊ သို့သော်-ပါဏိနိကား မိခင်၏ ဆန္ဒကို ပြည့်ဝ စေလိုသည်၊ ထိုကြောင့်လက်ဝါးပြင်၌ ပါမလာသော ဉာဏလေခ ကို ဓားစူးဖြင့် ရေးခြစ်၍ လမ်းကြောင်း ဖောက်လိုက်ပါသည်။ ဤသည်ကား ပါဏိနိ ငယ်စဉ် က လက္ခဏာပညာရပ်ကို ဖြက်ရယ် ပြုလိုက်ခြင်း၊ ကစ်နည်းအားဖြင့် စိန်ခေါ်လိုက်ခြင်းပင် ဖြစ်ပါသည်။

ရှေးဝကားဝဉ် အရ ပြောရလျှင် ပါဏိနိသည် ငယ်စဉ်က အလွန် ထုံအသူ ဖြစ်ပါသည်။ ပါဋလိ- ပုတ်ပြည် ဥပဝသ ဆရာထံ၌ အန္တေဝါသိက အဖြစ် ပညာသင်ယူခဲ့သည်။ သို့သော် ဝရရုစိအစရှိသော ပညာသင်ဘက် များကသာ ရှေ့ကြောသွားသည်။ ပါဏိနိမှာ နောက်ကျကျန်ရစ်သည်ချည်း ဖြစ်သည်။

WWW.DHAMMARANSI.NET



ထိုအဖြစ်ကို ကြည့်၍ ပါဏိနိသည် အလွန် တစ်ရာ စိတ်ဆင်းရဲ ဝေဒနာကို ခံစားခဲ့ရပါသည်။

''ဝီရိယဝတော ကိံ နာမ နသိဇ္ဈတိ၊ ဝီရိယရှိသူ အဖို့ မပြီးစီးသော အရာမရှိ''ဟု ဘုရားဟော ရှိသည်ဖြစ်ရာ၊ ဝီရိယရှိသော ပါဏိနိသည် ပညာ သင်ဖက်ခြင်း အတူတူ သူတစ်ပါးက မိမိထက် ရှေ့ ကြောသွား သည်ကို မခံချင်စိတ် ဖြစ်လာပါသည်၊ ငယ်စဉ်ထဲကပင် ကံကြမ္မာ မပါသည်ကို ပါခဲ့အောင် ဖော်ခဲ့သော ပါဏိနိသည် ဆရာ့ထံမှ ခွာကာ ပယာဂ ဆိပ်ကမ်းသို့ ဘုရားဖူး ထွက်ခဲ့ပါသည်၊ ထိုပယာဂ ဆိပ်ကမ်း၌ အပြင်းအထံ တပ အကျင့်ကို ကျင့်ကြံ ပါသည်။ သိဝ ဘုရားသခင်က လွန်စွာ နှစ်သက်သဖြင့်

| | |
|---|---|
| ၁။ အက္ကဥဏ် | ၂။ ရိလိက် |
| ၃။ ဧဩင် | ၄။ အဲအော်စ် |
| ၅။ ဟယဝရင်္ဋ | ၆။ လဏ် |
| ၇။ ဉမင်ဏနမ် | ၈။ ဈဘဉ် |
| ၉။ ဃဎ ဓ ရှ် | ၁၀။ ဇဗဂဍဒရှ် |
| ၁၁။ ခဖဆဌထစဋတဝ် | ၁၂။ ကပယ် |
| ၁၃။ ယှရှသရ် | ၁၄။ ဟလ် |

ဟူသော မဟေသွရသုတ် ၁၄-ခုကို ပေးသနားတော် မူပါသည်။ ပါဏိနိသည် ထို ၁၄-သုတ်ကို တပြိုင်နက် ရသည်နှင့် သုတ်ပေါင်း ၄၀၀၀၊ အဆုံးပေါင်းရှစ်ခန်း ပါသော အဋ္ဌဇ္ဈာယီ ပါဏိနိခေါ် ဗျာကရဏ်းကျမ်းကို စီရင်နိုင်ခဲ့ပါသည်။

ဤသဒ္ဒါကျမ်းသည် သက္ကတ ဘာသာရေး သဒ္ဒါ ကျမ်းတို့တွင် ရှေးဦး ကျမ်းလည်း ဖြစ်ပါသည်၊ နောက်နှောင်း ကျမ်းတို့၏မှီခို အားထား ရာသည်း ဖြစ်ပါသည်။

ဤ ပါဏိနိသဒ္ဒါကျမ်းကို စီရင်ပြီးနောက်၌လည်း ''ဇမ္ဗဝတီဇယ'' မည်သော မဟာကာဗျ ကိုလည်း စီရင်ခဲ့သေးသည်-ဟု သိရပါသည်။

သေခြင်းတရားသည် မြတ်စွာဘုရားတို့ ကိုသော် မှ ရှောင်လွှဲလေ့ မရှိရာ၊ မဟာပဏ္ဍိတ်ကြီး ပါဏိနိသည် လည်း သေမင်း၏ နောက်သို့ ကောက်ကောက် ပါ လိုက်ရရှာပါသည်။ ပဥ္စတန္တြကျမ်း၌ ဖော်ပြချက်အရ ပါဏိနိသည် ခြင်္သေ့ကိုက်၍ သေရရှာကြောင်း သိရ ပါသည်။

ကေသရာ

# ကိုယ်တွေ့သင်္ခါရ

မည်သည့်ဘဝမှ လာသည်ကိုလည်း မသိ၊ မည်သည့် ဘဝသို့ လားရမည်ကိုလည်း မသိ၊ မည်သည့် အသက် အရွယ်တွင် သေရမည်ကိုလည်း မသိ၊ မည်သည့်နေ ရာတွင် မည်သည့်ရောဂါဖြင့် သေဆုံးရမည်ကိုလည်း မသိ၊ ဤမသိခြင်း(၅)ပါး သင်္ခါရ တရားများကို-

ငယ်စဉ်က မိဘတို့ဘွားများနှင့် အခါကြီး ရက် ကြီး ဘုရားကျောင်းကန် ဇရပ်များသို့ လိုက်ပါသွား သည့် အခါများတွင် သီလပေး တရား ဟောသော ဘုန်းတော်ကြီးများက အထက်ပါ တရားစကားများ ကို ဟောပြောခဲ့သော်လည်း နားစွန်နားဖျား ကြား နာ မှတ်သား နားထောင် ခဲ့ရသည့်တိုင် အဓိပ္ပါယ် လေးလေးနက်နက်ကို သဘောမပေါက် နားမလည် ခဲ့ပေ။

မိဘများ အလုပ်မှ ပင်စင်ယူ၍ အစ်မများနေထိုင် ရာ ကျိုက်လတ်မြို့နယ် မိချောင်းအိုင် ရွာကလေးသို့ မိသားစုများ လိုက်ပါပြောင်းရွှေ့ နေထိုင်လာသည့် အခါမှ အထက်ပါ ဘုန်းတော်ကြီး ဟောပြောခဲ့ သော သင်္ခါရ တရားတော်များကို ကိုယ်တွေ့သဘော ပေါက် နားလည်ကြုံတွေ့ခဲ့ရတော့သည်။

အစ်မများ၏ ယောက္ခမများမှာ လူချမ်းသာ လူ ရည်တတ်များ ဖြစ်ကြသည်။ ပင်စင်စား အရာရှိကြီး များလည်း ဖြစ်သည်။ လယ်မြေကော နှစ်ထောင်နီးပါး ခန့်ရှိကာ အတွင်းပစ္စည်း စိန်ရွှေ တစ်ပြည်သားမျှရှိ သည်ဟု သတင်းကြီး၍နေသည်။ ယခု မိချောင်းအိုင် ရွာ ကလေးကိုပင် သူတို့က ဦးစီး တည်ထောင်ကာ သူတို့ကိုး ကွယ်သော ရွာဦးက ဘုန်းကြီးကျောင်းကို ပင် 'မင်းခကျောင်း' ဟု အမည်ပေးထားလေသည်။

ယင်းကျောင်းတိုက် အတွင်းတွင် သိမ်တန်ဆောင်း ကြီး တစ်ဆောင် ရှိရာ ယောက္ခမ အထီးနှင့် အစ်မ ကြီးတို့ ကွယ်လွန်ခဲ့စဉ်က ထိုတန်ဆောင်းကြီး အတွင်း တွင်ပင် ဈာပန ပြုချခဲ့သည်၊ ယောက္ခမကြီး နှစ်ဦး ၏ ရုပ်ကလာပ် အုတ်ဂူနှစ်ခု ယှဉ်ပြိုင်၍ ထိုတန်ဆောင်း ကြီးတွင် မြှုပ်နှံခဲ့သည်။

သူတို့ အစီအစဉ်အရဆိုလျှင် နောင် သားသမီး မိသားစုများကိုလည်း ထိုတန်ဆောင်းကြီး အတွင်း တွင်ပင် ဂူသွင်းမြှုပ်နှံရန် ရည်ရွယ်ချက်ထားရှိသည်။

WWW.DHAMMARANSI.NET

သူတို့ ကျောင်း၊ သူတို့ တန်ဆောင်း၊ သူတို့ ဘုရားမို့ သူတို့ လုပ်ချင်ရာလုပ်နိုင်သည် မဟုတ်ပါလား။

အစ်မ၏ ခင်ပွန်းမှာ မြို့အုပ်ဖြစ်သည်။ မြို့အုပ်ဆို၍ သာမည မဟုတ်၊ ရှေးက မြို့အုပ်ဆိုလျှင် အင်မတန် ဘန်ခိုးကြီးသည့်ပြင် အလွန် ပိုက်ဆံ ချမ်းသာသော မျိုးရိုးက ဆင်းသက်လာသူ ဖြစ်၍ သာ၍ပင် ဩဇာ–တိက္ကမ ကြီးမားလေသည်။ သူ့အထက်မှ အရေးပိုင် အတွင်းဝန်များကို သူက ဂရုမစိုက်၊ တစ်ချိန်သော်ကား



ဘုရင်ခံမင်းမြတ် ကိုယ်ပင် ထမင်း တစ်နပ် ဖိတ်ခေါ် ကျွေးမွေးခဲ့ရာ (ထိုခေတ် စာရင်းအရ) တစ်သောင်း ကျော် ကုန်ခဲ့သည်ဆို၏။

အားလုံး ပန်းကန် ခွက်ယောက် ပစ္စည်းပစ္စယမှ စ၍ မြန်မာပြည်ဖြစ်ကို မသုံး၊ ဘိလပ်မှ တိုက်ရိုက်မှာ ယူခဲ့သော ဟူ၏။ ထိုခံသော် သူ့လခက ၁၅၀ သာ ဖြစ်သည်၊ ထမင်းချက်၊ စားပွဲထိုး၊ ရုံးစေ ပျာတာ အားလုံး သူ့လခထဲက ပေးခဲ့သည်။ သူ့လခ ဘယ် ကျန်တော့မတုန်း။

ထိုအကြောင်းကို အထက်အရာရှိအားလုံးက သိကြ သည်၊ သူတို့ သဘောကျကြသည်၊ ဤသို့ မြို့အုပ် ဝန်ထမ်း ကျေးတော်မျိုး တစ်ယောက်ကို ရရှိသည်မှာ သူတို့အဖို့ အရှေ့တော်လေစွဟု သဘောတော် ကျကြ သည်၊ အဘယ်ကြောင့်မူ သူ ဘာလုပ်လုပ်၊ သူ့ရှိ ပစ္စည်းနှင့် သူလုပ်ခြင်းသာဖြစ်၍ လာဘ်ပေးလာဘ်ယူ လာဘ်မစားသည်ကိုပင် သူတို့ သဘောကျမဆုံး ဖြစ်ကြ သည်။

WWW.DHAMMARANSI.NET



တစ်ခါသော် အရက်မူး၍ ကလပ်တွင် ဘိလပ်သား အရေးပိုင်နှင့် စကားများကြသည်၊ အရေးပိုင်မျက်ခွက်ကို လူလယ်ခေါင်တွင် ရွက်၍ ထိုးလိုက်သည်၊ အရေးပိုင်မှာ ရှက်လွန်း၍ အပြုတ်နံ့သည့် သဘောသူတို့ ဘိလပ်သား အတွင်းဝန်သို့ ချက်ချင်း ကြေးနန်းရိုက် တိုင်ကြားခဲ့သည်၊ အတွင်းဝန်ထံမှ မည်သို့ စာပြန်လာသနည်း။

''မင်းလိုလူကို မဆိုထားနှင့် ငါတို့ကိုတောင် ဂရုမစိုက်၊ သူ့ကိုခေါ်၍ ဆုံးမသော်လဲ လာမည်မဟုတ်၊ အလုပ်ဖြုတ်ပင်ရှိ၍လဲ သ အတွက် အရေးမကြီး''

သို့သော် အရေးပိုင် ကျေနပ်ရန် သူ့ကို အထက်ကသာ နယ်သို့ ပြောင်းရွှေ့မိန့် ပေးလိုက်သည်။ ဤတစ်ကြိမ်တွင် သူကမငြင်း၊ အလုပ်မှလည်း မထွက်၊ စိတ်လိုလက်လိုပင် ဝေးမြေဝေးတာ ဖြစ်သော ကသာနယ်သို့ မိသားစုနှင့် အတူ ရှောရှော့ရှူရှူ၊ ပြောင်းရွှေ့ သွား တော့သည်၊ အဝေးတွင် သူလုပ်ချင်သလို လုပ်၊ နေချင်သလိုနေနိုင်သည့် သဘောပေလား။

သို့သော် သင်္ခါရတရားကို သူမသိ၊ ယင်း ကသာတွင်ပင် သူ အနိစ္စရောက်သည်၊ မရောက်ဘဲနေနိုင်ပါမည်လော၊ အရက်က အလွန်သောက်သည်၊ သောက်လျှင် ထမင်းပစ် ဟင်းပစ် သောက်ကာ သူ့တွင် တီဘီအဆုပ်နာရောဂါရှိသည်၊ ထိုရောဂါနှင့်ပင် ကွယ်လွန်ခြင်း ဖြစ်သည်၊ သူကွယ်လွန်သည့်အခါ သူ့အလောင်းကို ရေဝတီမြစ်ကြောင်းကို စုန်ကာ ယူဆောင်၍လာသည်၊ မန္တလေးမှ ရန်ကုန်သို့ ရထား တွဲလုံးငှား၍ ယူသည်။

ရန်ကုန်မှ တစ်ဆင့် ကျိုက်လတ် မိချောင်းအိုင်ရွာသို့ သင်္ဘောစင်းလုံးငှား၍ ယူဆောင်ကာ မူလ အစီအစဉ်အတိုင်း မိဘများ ခေါင်းချရာ သံတန်ဆောင်း အုတ်ဂူ အနီး တွင် သင်္ဂြိုဟ် မြှုပ်နှံ လေ သည်၊ (သုံးလောင်း ရှိချေပြီ) ကုန်လိုက်သည့် ပိုက်ဆံမှာလည်း သောက်သောက်လည်း၊စည်လိုက်သည့် ပရိသတ်မှာလည်း ကျိတ်ကျိတ်ခဲ၊ ပိုက်ဆံပေကိုး။ ။

သားအမိ သားအဖ အုတ်ဂူ သုံးဂူ ဖြိုင်တူမြှုပ်နှံသင်္ဂြိုဟ်ပြီးနောက် အစ်မဖြစ်သူက သူချစ်သော ခင်ပွန်းသည်အတွက် သံတန်ဆောင်း အနီးတွင် လွမ်းစေတီတစ်ဆူကိုပင် တည်ထားလိုက်သေးသည်၊ (အလွန် ၁နံ့ရပေသပေါ့) နောက်ဆုံးနေရာကား သူ့နေရာပင်ဖြစ်ကာ သူ့ ချစ်ခင်ပွန်း၏ နံဘေးတွင် သူ ခေါင်းချရန် ရည်ရွယ်ထားသည်၊ ပါးစပ်မှလည်း သတိရ အလွမ်းသယ်သည်၊ အခါတိုင်း ထုတ်၍ပြောသည်။

မကြာလည်းဖြစ်၊ ကြာလည်းပျက်၊ ဤကွင် သင်္ခါရတရားက ဤအတိုင်းဖြစ်စေမည်လော၊ မြို့အုပ်သေဆုံးသည့် အခါ မမျှော်လင့်ဘဲ သူ့ ညီကိုမောင်နှမများက အမွေခွဲဝေယူလိုကြောင်း တရားစွဲလာ ကြသည်၊ ရှိပစ္စည်းများကို ရုံးတော်မှ ချိတ်ပိတ်လိုက်သည်၊ လယ်ကေ များကား အစ်မ လက်ထဲတွင်ပင် ရှိနေသည်၊ ယခု စာရေးသက ဤစာရင်းများကို ကိုင်ရသည်။


မကြာမီ စစ်ကြီးဖြစ်လာသည်၊ ခေတ် အပြောင်းအလဲတွေ ကြုံလာသည်၊ လယ်ပိုင် ယာပိုင်ရှင်များ၏ လယ်များကို အစိုးရ ပြည်သူပိုင်လုပ်ရန် စီမံကိန်းများ ထွက်လာသည်။ ထိုနောက် စီစဉ်လာသည်၊ စီစဉ်ရုံမက သိမ်းယူရန်ပင် အမိန့်များထွက်လာသည်။ အမွေမှုကလည်းဖြစ်၊ ရှိပစ္စည်းများကိုလည်း ချိတ်ပိတ်ထား၊ မြို့အုပ်ရိုစဉ်က စည်းမဲ့ကမ်းမဲ့ စာရင်းမရှိ အင်းမရှိ ဖြုန်းတီး သုံးစွဲခဲ့ခြင်းဖြင့် အစ်မ၏ အခြေအနေမှာ ဆင်ပိန်ကျွဲလောက်ပင် မရှိတော့ဘဲ နွားပေါက်သာသာမျှ အနိုင်နိုင်။

ယခင် လယ်ကေ ထောင်ကျော်များမှ ထွက်သော စပါးများကို သိုလှောင်ထားရာ စပါးကျီကြီးများမှာလည်း အတွင်းမှာ ဟောင်းလောင်း၊ ရာဝင် အိုးကြီး အိုးငယ်များနှင့် သိုလှောင်ထားရာ ယင်းစပါးများကို ကြိတ်ခွဲထားသော ဝမ်းစာ ဆန်အမျိုးမျိုးနှင့် တကွ ဆီဆား ငါးပိ ငါးခြောက် ငံပြာရည် စသည်တို့မှာလည်း ယခင် မျက်နှာစိမ်း မျက်နှာကျက် မရွေး ဆင်းရဲသူ ရွာသူရွာသားများ တောင်းလာသမျှ ဖြန့်ကြဲပေးကမ်းခဲ့ရာ ယခု သူတို့ကို ပေးကမ်းဝေငှဖို့နေနေ မိမိဝမ်းစာအဖို့ပင် မလောက်မငြဖြစ်လာသည်။

သင်္ခါရကား စစ်လှပေရာ မိမိ လှူဒါန်း ထားသော ဘုရား ကျောင်းကန် ဇရပ် တန်ဆောင်းများ ကိုပင် ပြန်စောင်း၍ လှည့်မကြည့်နိုင်၊ ရေကြည်ရာမြက်နုရာ ဆိုသလို မိမိ သားသမီးများ ရှိရာ မိချောင်းအိုင်နှင့် ရန်ကုန်သို့ စိတ်ပြေလက်ပျောက် ကူးချီသန်းချီ သွားလာခြင်းဖြင့် အချိန်ကုန်ခဲ့ရာ မင်းကတော်ကျွန်ပုံပေါက်

စာမျက်နှာ (၆၃) သို့

WWW.DHAMMARANSI.NET



# အသေးအဖွဲ့

## တင်အောင်သွင်

■ ဒုရိုင်းဝ ပန်းချီကျော်တင့်

လောကတွင် အချို့အချို့သော အကြောင်း ကိစ္စများကို မဖြစ်လောက်ပါဘူး၊ အသေးအဖွဲ့ကလေးပါဟု ဂရုမပြုပဲ ရှိတတ်ကြသည်။ အမှန်မှာ ထိုသို့မပြုအပ်ချေ။ အဘယ်ကြောင့်ဆိုသော် 'အသေးအဖွဲ့' မှသည် 'ကြီးကြီးမားမား' ဖြစ်လာ တတ်သောကြောင့်ပင် ဖြစ်သည်။ မြန်မာမှု နယ်ပယ်တွင် အမှိုက်ကစ ပြာသာဒ်မီးလောင်' ဟူသော ဆိုရိုးစကား ရှိသည်။ အမှိုက်ဟူသည် တန်ဖိုးမရှိသော အသေးအဖွဲ့ပစ္စည်း။ ပြာသာဒ် ဟူသည်ကား အလွန် တန်ဖိုးကြီးသည့် 'ကြီးကြီးမားမား' ပစ္စည်း။ အသေးအဖွဲ့ အမှိုက်ကို ဂရုမစိုက်ဘဲ ပေါ့ပေါ့ဆဆ သဘောထားလျှင် တန်ဖိုးကြီးမားသော ပြာသာဒ် မီးလောင် ပျက်စီး သွားနိုင်ကြောင်း ဖော်ညွှန်းသော စကားရပ်ဖြစ်လေသည်။

အသေးအဖွဲ့ကို အခြေခံ၍ ကြီးကြီးမားမား ဖြစ်လာရ သည်မှာ နိယာမသဘောတရားပင် ဖြစ်သည်။ လောကတံထွာ ဓမ္မဘာအရ နှုရာမှရင့်လာမြဲဖြစ်သည်။ ငယ်ရာမှကြီးလာမြဲ ဖြစ်သည်။ အသိပညာ အတတ်ဥစ္စာ ပညာကို ဆည်းပူး ရာ၌ လည်းကောင်း၊ ပစ္စည်း ရှာဖွေ စုဆောင်းရာ၌ လည်းကောင်း ခြနှင့်ပျားကို ရှေးလူကြီးသူမတို့က စံနမူနာ ပြု၍ ညွှန်းဆိုလေ့ရှိကြသည်။ ရေပေါက်ရေစက် ကြိုင်ကြိမ် သက်ခြင်းဖြင့် အိုးစရည်းကြီးတို့ ပြည့်ရှိုး ပုံးစံရှိသည် မဟုတ်တုံလော။

ပင်လယ် သမုဒ္ဒရာတို့သည် သေးငယ်သော ရေစက်ရေပေါက်တို့ ပေါင်းစုထားခြင်းဖြစ်သလို၊ သေးငယ်သော သဲမှုန့် မြေမှုန့် ကလေးများကို အခြေခံ၍ တောင်စဉ် တောင်တန်းကြီးများ ဖြစ်ပေါ်လာရသည် မဟုတ်ပါလား။ ထို့ကြောင့် ကြီးကြီးမားမား ဖြစ်လာရန် သေးသေးဖွဲ့ဖွဲ့သည် မူလဘူတပင် ဖြစ်သည်။ သို့ဖြစ်လေရာ အသေးအဖွဲ့ဟူ၍ သျှစ်လျူမရှုပမာမပြုသင့်ကြောင်း ထင်ရှားလှတော့သည်။

အသေးအဖွဲ့၏ တန်ဖိုးကိုနားလည်သော ဆရာကြီး ပီမိုးနင်းကတော့ အောက်ပါအတိုင်း ရေးသားခဲ့ဖူးသည်။

"မီးဖွား ကလေးသည် မြို့ကို ပြာကျ စေနိုင်၏။ စကောတစ်ချပ် လွင့်ရုံနှင့် တိုင်းပြည်ပျက်ဖူး၏။ မနု၏ ထဘီသည် သိပေါနန်းကျသည့်တိုင်အောင် ခရီးရောက်၏။ နှစ်သည် စက္ကန့်ကာစ၏။ရေစက်ကလေးမျှမှ ပင်လယ်ဖြစ်ရ၏။ ကြီးသော ရာဇဝတ်မှုများ၌ စုံထောက်များသည် မှန်ဘီလူးနှင့် ကြည့်မှမြင်ရသော အမှတ်ကလေး တစ်ခုခုမှ စ၍ ပြစ်မှုကျူးလွန်သူကို တကျွန်းစက်တိုင်သို့ ရောက်ကြလေသည်။ သို့ဖြစ်၍သေးငယ်သောအရာများကို မလေးမစား မပြုအပ်။ အသေးအဖွဲ့ ကလေးများ၌ ပေါ့လျော့ ခြင်းသည် ကြီးကျယ်သော အရေးပို့ကို ဖြစ်ပေါ်စေတတ်၏။"

ဤနေရာတွင် မြတ်စွာ ဘုရား ရှင်၏ အသေးအဖွဲ့ ဂရုပြုတော်မူပုံကို တင်ပြလိုပေသည်။ ဗုဒ္ဓ ရှင်တော်မြတ်သည် ရဟန်းတော် တို့အား ညစာမစားကြရန် ပညတ်တော် မူသောအခါ က ဖြစ်သည်။ ထိုစဉ်အခါက အရှင် ဥဒါယီ လျှောက်ထား၍ ဘုရားမြတ်စွာ

WWW.DHAMMARANSI.NET



ပြန်လည်မိန့်တော်မူပုံမှာ လွန်စွာ မှတ်သား လိုက်နာဖွယ် ကောင်းလှပါသည်။

''အရှင်ဘုရား ....မြတ်စွာဘုရားသည် ရဟန်းတို့အား နေလွဲသော အခါ၌ စားခြင်းကို ပယ်စွန့်ကြကုန်လော့ဟု မိန့်တော်မူစဉ်က ကျွန်ုပ်အား စိတ်ဆင်းရဲမှု ဖြစ်ခဲ့ရပါသည်။ သို့သော် မြတ်စွာဘုရား၌ ချစ်ခြင်း, ရိုသေခြင်း, ရှက်ခြင်း, ကြောက်ခြင်း တို့ကို ကောင်းစွာ ထောက်မျှော် ကြလျက်သာ ထို နေလွဲအခါ၌ စားခြင်းကို ပယ်စွန့်ကြပါသည်။ အရှင်ဘုရား ........ကျွန်ုပ်တို့သည် နံနက်အခါ၌လည်း စားပါကုန်သည်၊ ညဉ့်အခါ၌လည်း စားပါကုန်သည်၊ အထူးသဖြင့် လွန်မြတ်သော ညဉ့်စာကိုလည်း ငါတို့အား စွန့်ရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏ ဟု ကျွန်ုပ်အား စိတ်ပြောင်းလွဲမှု၊ စိတ်ဆင်းရဲမှု ဖြစ်ခဲ့ရပါသည်။

''သို့သော် ညဉ့်ဘက်၌ ဆွမ်းခံလှည့်လည်ကြသော ရဟန်း တို့အား အညစ်အကြေး စွန့်ရာ သို့လည်း ဝင်ကြကုန်၏၊ ညွန်တွင်းသို့လည်း ကျကြကုန်၏။ ဆူးရှိသော တွင်းကိုလည်း နင်းမိကြကုန်၏၊ အိပ်နေသော နွားမကိုလည်း တက်နင်းမိကြကုန်၏၊ ခိုးခဲ့ ပြီးသော သူခိုး၊ မခိုး, ရသေးသော သူခိုး တို့နှင့်လည်း တွေ့ဆုံမိကြကုန်၏၊ မာတုဂါမ နှင့်လည်း မသင့်တော်ဘဲ တွေ့ဆုံ ကြရကုန်၏။

''အရှင်ဘုရား........ရှေးကဖြစ်ဖူးသည်မှာ ဘပည့်တော်ကိုယ်တိုင် ညဉ့်မှောင်မိုက်၌ဆွမ်းအလို့ငှာ လှည့်လည်၏၊ ခွက်ဆေးကြောနေသော မိန်းမတစ်ယောက်သည လျှပ်စစ်ပျက်သော အခိုက်၌ ကျွန်ုပ်ကို မြင်၍ အမယ်လေး, ကိုယ်ကျိုးနဲ့ပါပေါ့၊ ဘီလူးကြီးပါတကားဟု လန့်အော်ပါသည်၊ ဤသို့ လန့်အော်ခံရသော တပည့်တော်သည် နှမ........ ငါသည် ဘီလူးမဟုတ်ပါ၊ ဆွမ်းရပ်နေသော ရဟန်းပါဟု ထိုမိန်းမကို ပြောဆိုခဲ့ပါ၏၊ ရဟန်း, သင့်အား မိဘမဲ့လေယောင်တကား၊ ရဟန်း........ထက်လှ စွာသော ဓားငယ်ဖြင့် သင့်ဝမ်းဗိုက်ကိုထိုးဖောက်ခြင်းကမြတ်သေး၏။ ညဉ့်မှောင်၌ ဝမ်းဟူသော အကြောင်းကြောင့် ဆွမ်းခံလှည့်လည်ခြင်းသည် မမြတ်သည်သာ တည်းဟု ထို မိန်းမက ဆိုပါသည်။

''အရှင်ဘုရား ........ထို အကြောင်းများကို ပြန်အောက်မေ့သော ကျွန်ုပ်အား မြတ်စွာ ဘုရားသည် ငါတို့၏ များစွာသော ဆင်းရဲတရားတို့ကို စင်စစ် ပယ်ရှားတော် မူတတ်ပါ၏၊ မြတ်စွာ ဘုရားသည် ငါတို့၏ များစွာသော ချမ်းသာတရားကို စင်စစ်ရှေးရှု ဆောင်တတ်ပါပေ၏၊ မြတ်စွာ ဘုရားသည် ငါတို့၏ အကုသိုလ် တရားတို့ကို ပယ်ရှား, ကုသိုလ် တရားတို့ကို စင်စစ် ရှေးရှု ဆောင်တတ်ပါပေ၏ ဟူ၍ ဤသို့ အကြံ ဖြစ်မိပါသည်'' ဟု လျှောက်၏။

ထိုအခါ ဘုရားရှင်က ပြန်လည်မိန့်တော် မူသည်မှာ ''ဥဒါယိ........အချို့သော အချည်းနှီးသော ယောက်ျားတို့အား ဤအရာကို ပယ်ကြကုန်လော့ဟု ငါဆိုသည်၊ ထိုရဟန်းတို့သည် 'ဤနည်းနည်းပါးပါး ကလေးမှာ အဘယ် ပြောပလောက်သနည်း၊ ခေါင်းပါးခြင်း၌ ကြောင့်ကြ စိုက်လွန်းသည်သာတည်း' ဟု ဆိုကုန်၏။

ထိုရဟန်းတို့သည် စွန့်သင့်သော ထိုအရာကိုလည်း မစွန့်ကုန်၊ ငါ (ငါ ဘုရားရှင်)၌ လည်းကောင်း, သိက္ခာသုံးပါးကို လိုလားသော ရဟန်းတို့၌ လည်းကောင်း မကျေနပ်မှု ဖြစ်ကြကုန်၏၊ ဥဒါယိ........ ထို အချည်းနှီးသော ယောက်ျား တို့အား ထို နည်းနည်းပါးပါး ကလေးသည်ပင် အားကြီးသော အနှောင်အဖွဲ့, မြဲမြံသော အနှောင် အဖွဲ့, ခိုင်ခံ့သော အနှောင်အဖွဲ့, မဆွေးမြေ့သော အနှောင်အဖွဲ့, ဖြစ်၏၊ ကြီးစွာသော သစ်သားထောက်လည်း ဖြစ်နေ၏။

''ဥဒါယိ........ ဥပမာသော်ကား ဘီလုံးငှက်ငယ်သည် နှောင်ပုပ် အနှောင်အဖွဲ့ဖြင့် ဖွဲ့မိသော် ထိုအရပ်၌ သာလျှင် ညှဉ်းဆဲခံရခြင်းသို့ လည်းကောင်း၊ အဖမ်းခံရခြင်းသို့ လည်းကောင်း, သေဆုံး ခြင်းသို့ လည်းကောင်း ရောက်၏၊ ဤသို့ ဖြစ်ရခြင်းကို ဘီလုံးငှက်ငယ် အတွက် သေးငယ်သော အနှောင်အဖွဲ့၊ အားနည်းသော အနှောင်အဖွဲ့သာ ဖြစ်၏ ဟု ဆိုငြားအံ့၊ ထိုသူ၏ ပြောဆိုခြင်းသည် ကောင်းစွာပြောဆိုခြင်း ဖြစ်ပါမည်လော''ဟု ဘုရားရှင် မေးတော်မူသောအခါ၊ ဥဒါယိက, အရှင် ဘုရား ........ ဤ အနှောင်အဖွဲ့သည် ထို ဘီလုံးငှက်ငယ် အတွက် အား

စာမျက်နှာ (၆၁) သို့

WWW.DHAMMARANSI.NET



## ဝတ္ထုရှည် ကျေပွန်၍ ကျွန်ဘဝမှ လွတ်သူ

# မင်းသုဝဏ်

ပြန်ပြောသည်

(၁)

ရှေးသရောအခါ ဗာရာဏသီပြည်၌
ဗြဟ္မဒတ်မင်းကြီး မင်းပြုသည် ရှိသော်
ဘုရားအလောင်းသည် သေဋ္ဌေးကြီး ဖြစ်၏။

သေဋ္ဌေးကြီးကတော်သည် သားတစ်ယောက်ကိုဖွား၏။
ထိုနေ့၌ပင် ကျွန်မသည်လည်း
သားတစ်ယောက်ကို ဖွား၏၊

ထို သားနှစ်ယောက်သည် အတူတကွ
ကြီးပြင်းလာကြသည်။ သေဋ္ဌေးသား
စာအရေးအသား သင်သောအခါ
ကျွန်မသားသည်လည်း သင်ပုန်းကိုင်၍
လိုက်သွားကာ သေဋ္ဌေးသားနှင့်အတူ
အရေးအသားကို သင်ယူ၏။

အတွက်အချက်ကိုလည်း သင်ယူ၏။

အခြားလုပ်ငန်း နှစ်မျိုး သုံးမျိုးကိုလည်း
သင်ယူ တတ်မြောက်၏။ ဤသို့ဖြင့်
ကျွန်မသားသည် စကားပြော လိမ်မာလာသည်။
စကားအသုံးအနှုန်း ကျွမ်းကျင်လာသည်။
နုပျို တင့်တယ်လာသည်။

(၂)

ထို ကျွန်မသား၏ အမည်မှာ ကဋာဟက။
သေဋ္ဌေးကြီးအိမ်တွင် ဘဏ္ဍာစိုး အလုပ်ကို
လုပ်ရ၏။ တစ်နေ့သောအခါ သူ စဉ်းစားသည်။
သေဋ္ဌေးကြီးသည် ငါ့ကို ဘဏ္ဍာစိုးအဖြစ်
တစ်သက်လုံး ထားချင်မှ ထားမည်။
မတော်တဆ အပြစ်တစ်စုံတစ်ရာ တွေ့လျှင်
ငါ့ကို ချည်နှောင် ရိုက်နှက်၍
တံဆိပ်ခတ် မှတ်သားပြီးလျှင်
ကျွန်ဘဝကို ပြန်ပို့လိမ့်မည်။
တိုင်းစွန်ပြည်နား နယ်ခြားဒေသ၌
သေဋ္ဌေးကြီး၏ မိတ်ဆွေ သေဋ္ဌေးတစ်ဦး ရှိသည်။
ထို သေဋ္ဌေးထံသို့ သေဋ္ဌေးကြီးထံမှစာဟု ဆိုကာ
၁ာအတု တစ်စောင်ကို ယူသွားပြီးလျှင်—
ကျွန်တော်သည် သေဋ္ဌေးကြီး၏သားပါ—ဟု
ပြောလိုက် ထို နယ်ခြားသေဋ္ဌေးကို လှည့်စားမည်။

ပြီးလျှင် သေဋ္ဌေးသမီးနှင့် အိမ်ထောင်ပြု၍ ချမ်းချမ်းသာသာနေမည်-ဟု စဉ်းစားသည်။

ဤသို့ စဉ်းစားပြီးလျှင် ကဋ္ဌာဟကသည် ပုရပိုက် ယူ၍ အမှာစာ ရေးလေ၏။

ဤစာယူလာသူ ကျွန်ုပ်၏ သားကို သေဋ္ဌေးမင်းထံ လွှတ်လိုက်ပါသည်။

ကျွန်ုပ်၏ သားနှင့် သေဋ္ဌေးမင်း၏ သမီးကို ပေးစား၍ ကျွန်ုပ်တို့ မိသားစု နှစ်စုကို ပေါင်းစည်းလိုက်လျှင် သင့်မြတ်ပါမည်။

ထို့ကြောင့် ဤလုလင်နှင့် အသင်၏ သမီးကို လက်ထပ်ပေးစားကာ စောင့်ရှောက်ပါ။

အခွင့်သာသောအခါ ကျွန်ုပ်ကိုယ်တိုင် လာပါဦးမည်—ဟူ၍ ရေးပြီးနောက် သေဋ္ဌေးကြီးကိုယ်တိုင် တံဆိပ်တုံးဖြင့် ခတ်နှိပ်၏။

ပြီးလျှင် သုံးစွဲရန် ငွေကြေးတို့ကို လည်းကောင်း ဝတ်စားရန် ဝတ်ကောင်းစားလှတို့ကို လည်းကောင်း လိမ်းဆွတ်ရန် မွှေးမျိုးနံ့သာတို့ကိုလည်းကောင်းယူ၍ နယ်ခြားဒေသသို့ သွားပြီးလျှင် နယ်ခြားသေဋ္ဌေးကို တွေ့လျက် ကန်တော့ကာ ထိုင်နေလေ၏။

(၃)

ထိုအခါ သေဋ္ဌေးက ကဋ္ဌာဟကကို မေး၏၊

အမောင်၊ ဘယ်က လာပါသလဲ။

ဗာရာဏသီပြည်က လာပါသည်။

မည်သူ၏ သားပါလဲ။

ဗာရာဏသီ သေဋ္ဌေးကြီး၏ သားပါ။

ဘာကိစ္စနှင့် ရောက်လာပါသလဲ။

ထိုအခါ ကဋ္ဌာဟကက—

သည်စာကို ဖတ်လျှင် သိရပါမည်—ဆိုကာ အမှာစာကို ပေးလေ၏။

သေဋ္ဌေးသည် အမှာစာကို ဖတ်၍—

ငါ နေရကျိုးနပ်ပေပြီတကား—ဟု ဆိုလျက် ဝမ်းသာအားရ ရှိလှစွာဖြင့် သမီးကို ပေးကာ မိမိနှင့်အတူ ထားရာ ကဋ္ဌာဟကသည် အခြံအရံ များစွာနှင့် ချမ်းချမ်းသာသာ နေရလေ၏။

(၄)

ထိုအခါ မုန့် ဆန်ပြုတ်တို့ကို ဖြစ်စေ ဝတ်ကောင်းစားလှ မွှေးမျိုးနံ့သာတို့ကို ဖြစ်စေ လာရောက် ဆက်သကြလျှင်—

ဤ တိုင်းစွန်ပြည်နား ကျေးလက်သားတို့သည် ဆန်ပြုတ်ကို သည်လို ကျိုရသလား။

မုန့်ကို သည်လို ဖုတ်ရသလား။

ထမင်းကို သည်လို ချက်ရသလား-စသည်ဖြင့် ကဲ့ရဲ့ပြစ်တင် ရှုတ်ချပြောဆိုလေ၏။

ဤသူတို့သည် ကျေးတောတွင် ကြီးသူတို့ဖြစ်၍ ဝတ်ကောင်းစားလှလည်း မပြုပြင်တတ်။

နံ့သာလည်း မသွေးတတ်၊ ပန်းလည်း မကုံးတတ်—ဟု ခစားထမ်းရွက်သူတို့ကို ကဲ့ရဲ့ပြစ်တင် ရှုတ်ချပြောဆိုလေ၏။

(၅)

ဘုရားလောင်း ဗာရာဏသီ သေဋ္ဌေးကြီးသည် ဘဏ္ဍာစိုးဖြစ်သော ကျွန်ကို မမြင်ရလျှင်—

ကဋ္ဌာဟက ဘယ်သွားသလဲ။ လိုက်ရှာကြစမ်း—ဟု ခိုင်း၏—

လူအများ နေရာခပ်၍ လိုက်ရှာကြရာ တစ်ယောက်သောလူသည် တစ်ခုသောနေရာ၌ ကဋ္ဌာဟကကို မြင်၍ လျှို့လျှို့ဝှက်ဝှက် မှတ်သားကာ ပြန်လာပြီးလျှင် ဘုရားလောင်းအား သတင်းပေး၏။ ဘုရားလောင်းလည်း မပျော်မတရား သူတပါးကို လှည့်စားနေသော ကဋ္ဌာဟကကို သွားခေါ်မည်ဟု ဆိုကာ မင်းကြီးထံ ခွင့်ပန်၍ တပည့်လက်သား ခြံရံလျက် ဗာရာဏသီမှ ထွက်လေ၏။ နယ်ခြားသို့ သေဋ္ဌေးကြီး ခရီးထွက်သည်

WWW.DHAMMARANSI.NET



ဆိုသောသတင်းသည် အရပ်လေးမျက်နှာသို့
ပြန့်လေရာ ကဋ္ဌာဟက ကြားလျှင်—သေဋ္ဌေးကြီးသည်
အခြားကိစ္စကြောင့် ခရီးထွက်သည်
ဟုတ်မည်မထင်၊ ငါ့ကို အကြောင်းပြု၍
ထွက်သည် ဖြစ်မည်—ဟု တွေးမိ၏။
အကယ်၍ ငါထွက်ပြေးလျှင်
ပြန်လမ်းရှိတော့မည်မဟုတ်။

နည်းပရိယာယ် တစ်ရပ်ကိုတော့ ငါသုံးရမည်။
ခရီးမတ်တတ်၌ သေဋ္ဌေးကြီးကို ငါဆီးကြိုမည်။
ကျွန်အမှုလုပ် အဖြစ်ဖြင့် ခစားပြုစု၍
သေဋ္ဌေးကြီး ကျေနပ်အောင် လုပ်မည်။

ဤသို့ တွေးမိသည်မှ စ၍
ကဋ္ဌာဟကသည် လူထုပရိသတ်နှင့်
ဆုံမိတိုင်း ဤသို့ဟောပြောလေသည်။

လောကမှာ လူမိုက်များရှိသည်။ သူတို့သည်
မိဘ၏ ဂုဏ်ကျေးဇူးကို မသိကြ။

မိဘများ ထမင်းစားသောအခါ အနားကနေ၍
ပြုစုရမည်ကို မသိကြဘဲ ဝိုင်းထဲဝင်၍
မိဘများနှင့်အတူ စားကြသည်။ ငါတို့ကား
မိဘ၏ ဂုဏ်ကျေးဇူးကို ဂရုစိုက်၏။

မိဘတို့ ထမင်းသုံးဆောင်သောအခါ
လက်ဆေးပန်းကန် ထားပေးသည်။ ထွေးခံ
ထိုးပေးသည်။ စားကောင်းသောက်ဖွယ်တို့ကို
တည်ပေးသည်။ သောက်ရေ ချပေးသည်။

အေးအေးချမ်းချမ်းရှိအောင် ယပ်ခတ်ပေးသည်။
တစ်ပိုတစ်ပါး အပြင်အပသို့ သွားသောအခါလည်း
သန့်သက်ရေအိုးကို ယူ၍ အိမ်သာအထိ
လိုက်ပို့ကာ ကျွန်အမှုလုပ်တို့ ကိစ္စ
အဝဝကို စေ့ငအောင် ဆောင်ရွက်ပေးသည်။

ဤကဲ့သို့ ကဋ္ဌာဟကသည် လူထုပရိသတ်ကို
သိမ်းသွင်းပြီးနောက် နယ်ခြားအနီးသို့
ဘုရားအလောင်း ရောက်လာသောကာလ
ယောက္ခမ သေဋ္ဌေးကို ပြော၏။

ဖခင်၊ ကျွန်ုပ်၏ အဘ သေဋ္ဌေးကြီးသည်
အရှင်တို့ကို တွေ့မြင်ချင်၍ လာသည်ဟု
ကြားရပါသည်။ အရှင်တို့သည် စားကောင်း
သောက်ဖွယ်တို့ကို
စီစဉ်ကြပါ။ ကျွန်ုပ်သည် လက်ဆောင်များကိုယူ၍
ခရီးမတ်တတ်တွင် သွားရောက်ဆီးကြိုပါမည်။
ထိုအခါ ယောက္ခမသေဋ္ဌေးက—ကောင်းပြီ၊
အမောင်—ဟု
သဘောတူ လက်ခံပြောဆိုလေ၏။

ကဋ္ဌာဟကသည် လက်ဆောင်ပဏ္ဏာ အများကို
ယူ၍ နောက်လိုက်ငယ်သားများ ခြံရံကာ
သွားပြီးလျှင် ဘုရားလောင်းကို ကန်တော့၍
လက်ဆောင်ဆက်၏။ ဘုရားလောင်းသည်လည်း
လက်ဆောင်ကို လက်ခံ၍ ကဋ္ဌာဟကနှင့်
နှုတ်ခွန်းဆက်စကားကို ဆိုပြီးနောက်
နံနက်စာ စားချိန်၌ တပ်စခန်းချကာ
ကိုယ်လက်သုတ်သင်ရန် အိမ်သာသို့ သွား၏။

ကဋ္ဌာဟကသည် နောက်လိုက်ငယ်သားများကို
တခြားသို့ သွားစေ၍ သန့်သက်အိုးကို ယူကာ
ဘုရားလောင်းထံ သွား၏။
ရေဆေးသုတ်သင်ပြီးသောအခါ
ဘုရားလောင်း၏ ခြေရင်းတွင် ဝပ်လျက်—
အရှင်၊ ကျွန်ုပ်သည် အရှင်လိုချင်သမျှ
ဥစ္စာကို ပေးပါမည်။ ယခုအကျွန်ုပ်
ရရှိနေသော စည်းစိမ်အခြံအရံ
ပျောက်ကွယ်သွားအောင် မလုပ်ပါနှင့်—ဟူ၍
တောင်းပန်၏၊ ဘုရားလောင်းလည်း ကဋ္ဌာဟက၏၊
ဝတ္တရားကျေပွန်မှုကို သဘောကျကာ—
မစိုးရိမ်ပါနှင့်။ ကျွန်ုပ်ကြောင့်
သင် ဒုက္ခ မရောက်စေရပါဘူး—ဟု
နှစ်သိမ့်စေပြီးလျှင် နယ်ခြားမြို့ကို
ဝင်လေ၏။ မြို့ခံလူများနှင့် နယ်ခြားသေဋ္ဌေးတို့လည်း
ခမ်းနားကြီးကျယ်စွာ ဆီးကြိုကြလေ၏။

ကဋ္ဌာဟကသည်လည်း သေဋ္ဌေးကြီးအား
ကျွန်အမှုလုပ်ကိစ္စ အဝဝကို
မလစ်ဟင်းရအောင် အမြဲမပြတ်
လုပ်ဆောင်ပြုစု ခစားလေ၏၊ ထိုအခါ
တနေ့သ၌ စိတ်အေးချမ်းသာစွာ

ယိုင်နေသော ဗာရာဏသီသေဋ္ဌေးကြီးကို
နယ်ခြားသေဋ္ဌေးက—အရှင်သေဋ္ဌေးကြီး၊
ကျွန်ုပ်သည် အသင်ပေးသော အမှာစာကို
ဖတ်၍ အသင့်သားအား သမီးကို ပေးပါ၏—ဟုဆို၏၊
ဘုရားလောင်းသည် ကဋာဟကကို
သားရင်းပမာထား၍
အကြောင်းအားလျော်စွာ ချစ်ဖွယ်သော
စကားကိုဆိုကာ
သေဋ္ဌေးကို နှစ်သက်စေ၏။ ထိုအခါမှစ၍
ကဋာဟက၏ မျက်နှာကို ကြည့်ဝံ့သူ မရှိတော့ပြီ။

(၆)

တစ်နေ့သောအခါ ဘုရားလောင်းသည်
သမီးကိုခေါ်၍—
ချစ်သမီး လာပါဦး။ ငါ၏ ဦးခေါင်းတွင်
သန်းရှာပေးစမ်းပါ—ဟု ခိုင်းလျှင်
လာရောက် ရှာပေး၏၊—ချစ်သမီး
ငါ၏သားသည် ချစ်သမီးကို
အေးအတူ ပူအမျှ စောင့်ရှောက်ပါ၏လား။
အသင်တို့ သမီးခင်ပွန်းသည် သင့်မြတ်ပါ၏လား—ဟု
မေး၏။
ဖခင်သေဋ္ဌေးကြီး။ ဖခင်၏ သားမှာ
စားဖွယ်ခဲဖွယ်တို့ကို အပြစ်ရှာတတ်သည်မှတစ်ပါး
တခြား ပြောစရာမရှိပါ။
ချစ်သမီး။ သူ့မှာ သည့်အလေ့တော့ ရှိပါသည်။
သို့သော်လည်း နောင်ကို အပြစ်မရှာနိုင်အောင်
နှုတ်ပိတ်မန္တန်ကို ဖခင်သင်ပေးမည်၊
ကောင်းကောင်းမှတ်ပါ။
ငါ့သား ထမင်းစားသောအခါ
အနားမှာ ရပ်၍ ဤမန္တန်ကို ရွတ်ပါ—ဟု
မန္တန်ကို သင်ပေးပြီးလျှင် ရက်အနည်းငယ်အကြာ၌
သေဋ္ဌေးကြီးသည် ဗာရာဏသီသို့ ပြန်သွားလေ၏။
ကဋာဟကလည်း စားဖွယ်ခဲဖွယ် များစွာ ယူ၍
လိုက်ပို့ကာ ဥစ္စာများစွာဖြင့် ကန်တော့၍
ပြန်ခဲ့လေ၏၊ ထိုအခါကစ၍
ကဋာဟကသည် မာန အလွန်တက်လေ၏၊
တစ်နေ့သောအခါ သေဋ္ဌေးသမီးသည် အရသာစုံ

ယမင်းပွဲ တည်၍ ဇွန်းကို ကိုင်ကာ
ယောက်ျားကို ကျွေးမည် အလုပ်တွင်
ကဋာဟကသည် ထမင်းဟင်းတို့ကို အပြစ်တင်
ကဲ့ရဲ့လေတော့၏။ ထိုအခါ သဋ္ဌေးသမီးသည်
ဘုရားလောင်း သင်ပေးခဲ့သော ဤဂါထာကို ရွတ်
လေ၏။

(ဂါထာ)

ဗဟုမ္ပိ သော ဝိကတ္ထေယျ၊
အညံ ဇနပဒံ ဂတော။
အနွာဂန္တွာန ဒူသေယျ၊
ဘုဉ္ဇ ဘောဂေ ကဋာဟက။

(မြန်မာ)

တခြားရပ်ရွာ၊ ရောက်ခဲ့သော်ငြား
များစွာကဲ့ရဲ့။ အပြစ်ပွဲသည်
အိုဟဲ့ ပိုက်စွ၊ ကဋာဟက။
ဧသမြန်မြန်သာ၊ စံစားပါလေလော့
ပြန်လာပြီးလျှင် ဖျက်လိမ့်မည်။

သဋ္ဌေးသမီးသည်ကား သင်ပေးခဲ့သည့်အတိုင်း
မန္တန်ဂါထာကို ပီပီသသ ရွတ်လိုက်သော်လည်း
အနက်အဓိပ္ပာယ်ကို နားမလည်ရှာပေ။
သို့သော် ကဋာဟကသည် နားလည်၏၊
ဧကန္တ သေဋ္ဌေးကြီးသည်
ငါ၏ မျိုးရိုးဇာတိကို ထုတ်ပြော၍
အကြောင်းမျိုးစုံကို ရှင်းပြခဲ့လေပြီတကား—ဟု
တွေးကာ ထိုနေ့မှစ၍ ထမင်းကို
မကဲ့ရဲ့ဝံ့တော့ဘဲ မာနကျိုး၍
ကျွေးသည့်အတိုင်း စားသုံးကာ
ကျေနပ် တင်းတိမ်လေတော့သတည်း။ ။

(ကဋာဟကဇာတ်။ ၁၂၅။)

မင်းသုဝဏ်

DHAMMARANSI.NET



# ကုမာရဒါသ နှင့် ကာလိဒါသ

ပါရဂူ

မြန်မာနိုင်ငံသမိုင်း၌ တောင်ငူဘုရင် နတ်သျှင်နောင်သည် ရတုကဗျာများ ဖွဲ့နွဲ့စပ်ဆိုခဲ့သောကြောင့် စာဆိုဘုရင်တစ်ပါးအဖြစ် ထင်ရှား ကျော်ကြားနေလေသည်။

သူ၏ စာပေဘဝသည် သူ၏ ဘုရင်ဘဝထက် တောက်ပြောင်သော ကဏ္ဍတစ်ခုကို တည်ဆောက်ထားလေသည်။

အိန္ဒိယနိုင်ငံ သမိုင်း၌လည်း ဘုရင်ဘဝကို စာပေဘဝနှင့် ပူးတွဲဖော်ပြခြင်း ခံရသူများ ပေါ်ပေါက်ခဲ့ဘူးသည်။ အေ-ဒီ-ခုနစ်ရာစုအတွင်း ထွန်းကားခဲ့သော ဗုဒ္ဓဘာသာဘုရင် ဟဿဝဒ္ဓနသည် စာဆိုတော် ဘုရင်တစ်ပါးဖြစ်သည်။ 'ရတနာဝလိ ပိယဒဿိကာ'နှင့် 'နာဂါနန္ဒ' သက္ကတဘာသာ ပြဇာတ်များကိုလည်းကောင်း၊ 'နေသာဒ စရိတ'မဟာကဗျာကျမ်းကိုလည်းကောင်း ဟဿဝဒ္ဓနဘုရင် ရေးသားစီရင်သည်ဟူ၍ အဆိုရှိသည်။ အိန္ဒိယနိုင်ငံ သမိုင်း၌ ထင်ရှားခဲ့သော အခြား စာဆို ဘုရင်တစ်ပါးမှာ အေ-ဒီ-၁၁ ရာစု၌ ပေါ်ထွန်းခဲ့သော ဓာရာပြည့်ရှင် ဘုရင်ဘောဇဖြစ်သည်။ ထိုဘုရင်သည် 'သရဝတီကဏ္ဍာ ဘရဏ'ကဗျာကျမ်းနှင့် 'သိင်္ဂါရပကာသ' ပြဇာတ်ကျမ်းအပြင် အခြားနီတိဆိုင်ရာ ကျမ်းများကိုလည်း ရေးသားစီရင်ခဲ့သည်။

သိရိလင်္ကာ သမိုင်း၌လည်း စာဆိုဘုရင်တစ်ပါး ထွန်းကား ပေါ်ပေါက်ခဲ့ဘူးသည်။ ထိုဘုရင်ကား

WWW.DHAMMARANSI.NET



ဘုရင်မောဂ္ဂလာန နောက် ထီးနန်းဆက်ခံခဲ့သော ဘုရင်မောဂ္ဂလာန သားတော် ကုမာရဒါသ ဘုရင်ဖြစ်လေသည်။ ထိုဘုရင် ရေးသားစပ်ဆိုသော ကဗျာကျမ်းများအနက်'ဇာနကီ ဟရဏ'မည်သော ကဗျာကျမ်းသည် ရှေးဟောင်း သီဟိုဠ် စာပေသမိုင်း၌ ထင်ရှားကျော်ကြားသော အဖွဲ့အနွဲ့ တစ်ခုဖြစ်သည်။ ထိုမဟာကဗျာကျမ်း၏ ဇာတ်ဆောင်များမှာ ရာမနှင့် သီတာတို့ ဖြစ်ကြလေသည်။ ထိုကဗျာကျမ်းသည် သီဟိုဠ် စာပေသမိုင်း၌ ယခုထက်တိုင် ရှေးဟောင်း စာပေကဗျာကျမ်းအဖြစ် ရှိနေတုန်းပင် ဖြစ်သော်လည်း အလွန်ရှေးကျသော ပေါရာဏ စကားလုံးများဖြင့် ရေးသား ဖွဲ့ဆိုထားသည်ဖြစ်၍ အတော်အတန် စာပေအသိရှိရုံနှင့် မဖတ်နိုင်ကြပေ။

ဘုရင် ကုမာရဒါသသည် သူကိုယ်ဘိုင်က စာပေပညာရှင် စာဆိုတော် ဘုရင်တစ်ပါး ဖြစ်ရုံမျှသာမက။စာပေပညာရှင်များနှင့် စာရေးဆရာ၊ကဗျာဆရာများကိုလည်း အထူးအားပေး ချီးမြှောက်ခဲ့သည်။ သူအုပ်ချုပ်မင်းလုပ်သည့် အချိန်ကာလသည် နှစ်မများသော်လည်း ထိုတိုတောင်းသော ကိုးနှစ်တာ ကာလအတွင်း၌ပင် လင်္ကာဒီပသီဟိုဠ်ကျွန်း၌ အနုပညာနှင့် စာပေသည်အထူးအားဖြင့် ဖွံ့ဖြိုးတိုးတက်သာခဲ့ လေသည်။

ဘုရင် ကုမာရဒါသသည် စာပေနှင့်အနုပညာကို မျှသာမက၊ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကိုလည်း အထူးပင် ကြိုးစား အားထုတ်ခဲ့သည်။ သာသနာတော်စင်ကြယ်သန့်ရှင်းရေးအတွက်'ဓမ္မသင်္ဂီတိ'ခေါ် သင်္ဂါယနာ တင်ပွဲကိုပင် ကျင်းပပြုလုပ်သည်ဟူ၍ အဆိုရှိသည်။ သို့သော် မည်သို့မည်ပုံ သင်္ဂါယနာတင်ခဲ့သည် ဆိုသည်ကိုမူ မှတ်တမ်းမှတ်ရာများ မရှိပေ။များမကြာသေးသောအချိန်ကာ ပကပင်လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ သင်္ဂါယနာတစ်ကြိမ် တင်ခဲ့ပြီးလေပြီ။ ၅ရာစုနှစ်ကလည်း ပါဠိပိဋကတ်တော်များကို တစ်ကြိမ် သန့်စင်ထားလေသည်။

ယင်းကဲ့သို့သောအခြေအနေ၌ အချိန်မဝေးလှသေးသော ယခုလို နောက်ပိုင်းကာလ ၆-ရာစုနှစ်၌ သင်္ဂါ-ယနာ တစ်ကြိမ် ထပ်တင်ဖို့ရန်မလိုပေ။ ထို့ကြောင့် ကုမာရဒါသ ဘုရင်၏ သင်္ဂါယနာသည် ဗုဒ္ဓ၏ တရားဒေသနာတော် ထင်ကြားလေ့လာ အားထုတ်လိုသည့် စိတ်ဓာတ်ပွားများလာကြစေရန် ရည်သန်လျက် ဘုရားဒေသနာတော် ပိဋကတ်ကို စုပေါင်းရွတ်ဖတ်သရဇ္ဈာယ်ခြင်းသာ ဖြစ်ဖို့ရှိသည်ဟူ၍ ဆိုကြသည်။ ဒလ္လမောဂ္ဂလာန ဘုရင်လည်း ပိဋကတ်တော် စုပေါင်းရွတ်ဆိုသရဇ္ဈာယ်ပွဲကို ကျင်းပပြုလုပ်သည်ဟူ၍ မဟာဝင်၌ ''ပိဋကာနံစ သဇ္ဈာယ''ဟူ၍ ဆိုထားသည်၊ ကုမာရဒါသ၏'ဓမ္မသင်္ဂီတိ'လည်း အလွှားတူ သဘောမျိုးပင် ဖြစ်ဖို့ရှိလေသည်။

ဘုရင်ကုမာရဒါသ၏ဘဝနှင့်လည်းကောင်း၊ဘဝ၏ နိဂုံးချုပ်နှင့်လည်းကောင်းပတ်သက်ဆက်နွယ်နေသော ပြောစမှတ်ပြုနေကြသည့် စိတ်ပါဝင်စားစရာ အဖြစ်အပျက်တစ်ခုရှိလေသည်။

*  *  *

အိန္ဒိယနိုင်ငံတွင်ဓာရာတိုင်းဘုရင်ဘောဇ လက်ထက်၌ ကာလိဒါသအမည်ရှိ စာဆိုတစ်ဦးရှိသည်။ ကာလိဒါသနှင့် ဘုရင်ကုမာဒါသတို့သည် စာရင်မင်းကြီး၏ ဘဝနေဝင်ချိန်၌ မိတ်ဆွေသူငယ်ချင်းများ ဖြစ်သွားကြ၏။ မိမိရေးသားပြုစုထားသော ကျမ်းစာသို့မဟုတ် ကဗျာအဖွဲ့အနွဲ့များကို မိမိလေးစားသော သူထံသို့လည်းကောင်း၊ စာပေကဲ ဖြတ်တတ်သူ များထံသို့လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများထံသို့ လည်းကောင်း ပို့ပေးသည့် အလေ့အထသည် ထိုခေတ်ကလည်း ရှိခဲ့သည်။

ဘုရင် ကုမာရဒါသသည် ဘုဇပတ်ချက်များပေါ်၌ ရေးဖွဲ့သီကုံးထားသော သူ၏'ဇာနကီ ဟရဏ' မဟာကဗျာအဖွဲ့ မူတစ်မူကို အိန္ဒိယနိုင်ငံ ဓာရာတိုင်း၌ အုပ်ချုပ် မင်းလုပ်နေသော မိမိကိုယ်တိုင် စာဆိုတော် ပညာရှင်တစ်ဦးဖြစ်သည့်အပြင် စာပေအကဲကိုလည်း ဖြတ်တတ်သည့် ဘောဇဘုရင်ထံ ပေးပို့လိုက်လေသည်၊

ဘုရင်ကုမာရဒါသ ပို့လိုက်သော 'ဇာနကီဟရဏ' မဟာ ကဗျာအဖွဲ့သည် ဘောဇဘုရင်မင်းကြီးထံ ရောက်ရှိသွားသည်၊ ဘောဇဘုရင်မင်းကြီးသည် သူ့တိုင်းပြည်နိုင်ငံ၌ ခေတ်စားနေသော ဓလေ့ထုံးစံအရ ကုမာရဒါသဘုရင်၏'ဇာနကီ ဟရဏ' မဟာကဗျာ အဖွဲ့ကို မင်္ဂလာဆင်တော်၏ အမြီးတွင် ချည်ဖြီး၍မြို့တော်အတွင်း လှည့်လည်ပြသလေသည်။

WWW.DHAMMARANSI.NET



ထိုအချိန်၌ ဘောဇဘုရင်မင်းကြီး၏ခရာဘိုင်းပြည်တွင် အလွန်တရာထင်ရှား ကျော်ကြားသော ကာလိဒါသအမည်ရှိ နန်းတွင်းစာဆိုကြီး တစ်ဦးရှိသည်။ မင်္ဂလာဆင်တော်ပေါ်တွင် တင်လှည့်လာသော ဘုရင်ကုမာရဒါသ၏ 'ဇာနကီ ဟရဏ'မဟာကဗျာကို တွေ့မြင်ရသောအခါ ကာလိဒါသသည် တောင်းယူဖတ်ရှုကြည့်လေသည်။ ပထမအပိုဒ်ကို ဖတ်လိုက်သည့်နှင့် တစ်ပြိုင်နက် အထူး နှစ်ခြိုက်သွားသည်ဖြစ်၍ ရှေ့ဆက် မဖတ်သေးဘဲ စာဆို ပညာရှင်ကြီးသည် မဟာကဗျာကျမ်းကို သူ၏ ဦးထိပ်ပေါ် တရိုတသေ တင်လျက် မြို့တော်အတွင်း လှည့်လည်ပွဲတွင် ပါဝင်ဆင်နွှဲလေသည်။

ထိုနောက် ကဗျာတစ်ကျမ်းလုံးကို ဖတ်ပြီးသောအခါ 'ဇာနကီ ဟရဏ' ကဗျာကို အတိုင်းထက်အလွန် နှစ်သက်သွားသည် ဖြစ်၍ ကာလိဒါသသည် ကဗျာဖွဲ့သူ ကဗျာဆရာ ဘုရင်မင်းကြီးနှင့် မိတ်ဆွေဖွဲ့လိုသော စိတ်ဓာတ် ပြင်းပြင်းပြပြ ဖြစ်ပေါ်လာလေသည်။ သို့ဖြစ်၍ ဘောဇတိုင်းပြည်မှ ထွက်ခွာခဲ့ပြီး လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ လာခဲ့လေသည်။ လင်္ကာဒီပ သီဟိုဠ်ကျွန်း ရောက်သောအခါ ကာလိဒါသသည် နန်းတော်သို့ သွား၍ ဘုရင်မင်းကြီးနှင့် တွေ့ဆုံလေသည်။ ကဗျာဆရာ နှစ်ဦးသည် မကြာခင် အတောအတွင်းမှာပင် တစ်ဦးနှင့်တစ်ဦး အထူး ခင်မင်ရင်းနှီးသူများ ဖြစ်သွားကြသည်။ မကြာခဏဆုံ၍ စာပေအကြောင်း၊ ကဗျာအကြောင်းကို နှီးနှောဆွေးနွေးကြသည်။ အချိန်မကြာလိုက်ပါ။ ကာလိဒါသသည် သီဟိုဠ်ဘာသာ စကားကို သင်ကြားပြီး သီဟိုဠ်ဘာသာစကားဖြင့် ကဗျာအဖွဲ့များကို ဖွဲ့နွဲ့သီကုံးနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားလေသည်။

သို့ရာတွင် အကောင်းနှင့် အဆိုးသည် ဒွန်တွဲနေသည်။ အကောင်းရှိလျှင် အဆိုးလည်း ရှိသည်။ လိုသူရှိလျှင် မလိုသူလည်း မရှိဘဲနေမည် မဟုတ်ပေ။ ကြည်ညိုလေးစားသူရှိလျှင် မလိုမုန်းထားသူလည်း ကင်းမည်မဟုတ်ပေ။ ယင်း သဘောတရားသည်ပင်လျှင် ကဗျာဆရာ နှစ်ဦးအတွက် ဘဝဇာတ်သိမ်းရန် အကြောင်းဖန်လာလေသည်။

*　　*　　*

ဘုရင် ကုမာရဒါသသည် 'မာတရ' မည်သော အရပ်သို့ မကြာခဏ အလည်အပတ် သွားလေ့ရှိသည်၊ ထိုအရပ်သို့ ရောက်သွားလျှင် ဘုရင်မင်းကြီးသည် လှပခန့်ငြားသော အိမ်ကြီး တစ်ဆောင်၌ ခေတ္တနားနေလေ့ရှိသည်။ တစ်နေ့တွင် ထိုအိမ်ကြီးသို့ ရောက်သွားသောအခါ ဘုရင် မင်းကြီးသည် အိမ်နံရံ၌ နိဂုံးမချုပ်သော ကဗျာနှစ်ပိုဒ် ရေးစပ်ထားခဲ့လေသည်။ ထိုကဗျာ၏ အောက်ဘက်၌ "အထက်ပါကဗျာအဖွဲ့၏ အဆုံးသတ်ကို ကျေနပ်လောက်အောင် ရေးသားဖွဲ့ဆိုနိုင်သူသည် ဘုရင်မင်းကြီး၏ ဆုတော်လာဘ်တော် ချီးမြှင့်ခြင်း ခံရမည်" ဟူ၍လည်း ရေးသားထားခဲ့သည်။

တစ်နေ့တွင် ကဗျာဆရာကြီး ကာလိဒါသသည် ထိုအိမ်ကြီးသို့ ရောက်သွား၏။ ထိုအိမ်ကြီး၏ နံရံ၌ ဘုရင် ကုမာရဒါသ ရေးစပ်သွားသော နိဂုံးမချုပ်ရသေးသည့် ကဗျာနှစ်ပိုဒ်ကို သွားတွေ့သည်။ ကဗျာ၏ အောက်ဘက်၌ ရေးခဲ့သော စာကိုလည်း ဖတ်မိသည်။ ဤတွင် နိဂုံးမချုပ်ရသော ဘုရင်မင်းကြီး၏ ကဗျာနှစ်ပိုဒ် အောက်၌ ကဗျာနှစ်ပိုဒ် ဖြည့်ရေးထားလိုက်လေသည်။ မိမိ၏ ကဗျာနှစ်ပိုဒ်ကို ဖတ်မိပါက ဘုရင် ကုမာရဒါသသည် သူ့ချစ်မိတ်ဆွေ၏ လက်ရာဖြစ်ကြောင်း အတတ်သိသွားပြီး ဝမ်းမသာ အားမရဘဲ နေလိမ့်မည်မဟုတ် ဟူ၍လည်း ကာလိဒါသက ယုံကြည်ထားလေသည်။

သို့သော် ကံကြမ္မာဆိုးလှသော ကဗျာဆရာသည် ထို ကဗျာနှစ်ပိုဒ်ကြောင့်ပင်လျှင် ဘဝ ဇာတ်သိမ်းသွားရရှာသည်၊ ထိုကဗျာအတွက် ဘုရင်မင်းကြီး၏ ဆုတော် လာဘ်တော်ကိုလည်း မြင်မသွားရရှာပေ။ ဘုရင်မင်းကြီး၏ ဂုဏ်ပြုစကားကိုလည်း ကြားမသွားရရှာပေ။ ဘုရင်မင်းကြီး၏ ဆုလာဘ်ကို မက်မောသော မိန်းမတစ်ယောက်သည် တကယ်အမှန် ကဗျာဖွဲ့သူ ကာလိဒါသအား လျှို့ဝှက်စွာ လုပ်ကြံ သတ်ဖြတ်ပြီးလျှင် ဘုရင်မင်းကြီး၏ အဖြည့်ခံ ကဗျာကို ဖြည့်ရေးသူမှာ မိမိဖြစ်ပါသည် ဟူ၍ ကြေညာလိုက်လေသည်။

သို့သော်လည်း နဂိုရှိမှ နဂိုင်းထွက်သည်။ ဝ, မရှိဘဲ ဝိလုပ်၍မရ။ အယောင်ဆောင်သူ တစ်ယောက်အတွက် ဇာတိရုပ် ပေါ်ရန် အချိန်ကြာမည် မဟုတ်

WWW.DHAMMARANSI.NET





ပေ။ ဘုရင်မင်းကြီး၏ အဖြည့်ခံ ကဗျာကို ဖြည့်ရေးသူမှာ မိမိဖြစ်ပါသည် ဟူ၍ ထိုမိန်းမက ဘယ်လိုပင် ကြွေးကြော် ကြွေးကြော် ဘယ်သူကမှ အယုံအကြည် မရှိပေ။ ကဗျာ၏ အရည်အသွေးကို ကြည့်လျက် တကယ် ပြောင်မြောက်သည့် ကဗျာဆရာ တစ်ဦး၏ လက်ရာဖြစ်သည် ဆိုသည်ကို အားလုံးက နားလည်ကြသည်။

ဘုရင် ကုမာရဒါသသည် သူ၏ အဖြည့်ခံကဗျာ၏ အဖြည့်ကဗျာကို တွေ့ရသောအခါ သူ၏ ချစ်မိတ်ဆွေ ကဗျာဆရာကြီးမှ တပါး အခြား မည်သူမှ ထို ကဗျာမျိုးကို မရေးနိုင်ဟူ၍ လည်းကောင်း၊ ထို ကဗျာသည် ကာလိဒါသ၏ လက်ရာဧကန် ဖြစ်ရမည် ဟူ၍ လည်းကောင်း၊ အတတ်သိသည် ဖြစ်၍ မိမိ ကတိအတိုင်း ကဗျာဖွဲ့သူအား ဆုတော်လာဘ်တော် ချီးမြှင့်လိုသောကြောင့် ကဗျာဆရာ ကာလိဒါသကို အရှာခိုင်းလေသည်။ သို့သော်လည်း ကာလိဒါသကို ဘယ်မှာမှ ရှာမတွေ့ပေ။ နောက်ဆုံးကျမှ အကြံပက်စက်သည့် မိန်းမ လုပ်ကြံသတ်ဖြတ်ပြီး ဝှက်ထားသော ကာလိဒါသ၏ အလောင်းကို တစ်နေရာ၌ သွားတွေ့ကြလေသည်။ ဘုရင်မင်းကြီးနှင့်တကွ ပြည်သူအလုံး ယူကျုံးမရ ဖြစ်သွားကြလေသည်။

ကာလိဒါသ၏ ဈာပန၌ အလောင်းကို ဘုရင်မင်းကြီး ကိုယ်တိုင် မီးတင်ရှို့လေသည်။ မီးတောက်မီးလျှံ ကြားထဲတွင် မိမိ၏ ချစ်ခင်ရင်းနှီးသော ကဗျာဆရာကြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရသောအခါ ဘုရင် မင်းကြီးသည် အကြီးအကျယ် ကြည်ကွဲဝမ်းနည်းခြင်း ဖြစ်သွားပြီးလျှင် စိတ်ကိုမထိန်းနိုင်တော့ဘဲ သူကိုယ်တိုင် မီးလျှံထဲ ခုန်ဆင်းလျက် မိမိမိတ်ဆွေနှင့်အတူ သေပွဲဝင်လိုက်လေသည်။ ရုတ်တရက် ဖြစ်နေသဖြင့် အနီးရှိ မည်သူကမှ ဘုရင်မင်းကြီးကို မီးပုံထဲမှ ဆွဲမထုတ်နိုင်လိုက်ကြ။ မီးတောက်မီးလျှံကြီးသည် နိုင်ငံနှစ်နိုင်ငံမှ ကဗျာဆရာကြီး နှစ်ဦးကို ဝါးမျိုပစ်လိုက်လေသည်။ မိတ်ဆွေသူငယ်ချင်းအဖြစ် ကြာကြာမနေလိုက်ကြရသော ကဗျာဆရာကြီး နှစ်ဦးသည် မရဏ နယ်မြေတွင် အတူလက်တွဲသွားကြလေသည်။

*　　　*　　　*

ဓာရာပြည်ကို စိုးစံသော ဘောဇဘုရင်လက်ထက်၌ ကာလိဒါသ အမည်ရှိ စာဆိုကျော် တစ်ဦးရှိခဲ့သည်မှာ မှန်သည်။ ထိုစာဆိုသည် 'နလောဒယ' 'ဒွါတြိံ–သတ ပုတ္တလိကာ'၊ 'သိင်္ဂါရတိလက' စသော ပြဇာတ်ကဗျာများ ရေးသားခဲ့သူဟူ၍ အဆိုရှိသည်။ ထို ကာလိဒါသသည် 'သကုန္တလာ'၊ 'မေဃဒူတ' စသော ပြဇာတ် ကဗျာကျမ်းများကို ဖွဲ့သော ကမ္ဘာကျော် ကာလိဒါသ မဟုတ်ပေ။ အိန္ဒိယနိုင်ငံ၌ ကာလိ–ဒါသ၅သုံးဦး ပေါ်ခဲ့ဖူးသည်ဟူ၍ တစ်ချို့ သုတေသီများက ဆိုကြသည်။ ယခု ကုမာရဒါသ၏ မိတ်ဆွေ ကာလိဒါသသည် မည်သည့် ကာလိဒါသနည်း။ ဘောဇ ဘုရင်လက်ထက်က ကာလိဒါသဟု ဆိုသော်လည်း ခုနှစ်သက္ကရာဇ်မှာ တခြားစီဖြစ်နေသည်။သမိုင်းဆရာ အတော်များများကမူ ကုမာရဒါသ၏ မိတ်ဆွေ ကာလိဒါသသည် ဇမ္ဗူဒိပ်ကျွန်းမှ ကာလိဒါသ မဟုတ်ဘဲ လင်္ကာဒီပ သီဟိုဠ်ကျွန်းသား ကဗျာဆရာ ကာလိဒါသ တစ်ဦး ဖြစ်သည်ဟူ၍ ထင်မြင်ချက် ပေးကြသည်။　　။

ပါရဂူ

WWW.DHAMMARANSI.NET

ရာဇက္ကုန္ဓေတို့ဖြင့် မဆည်တန့် မငြိမ်သက်နိုင်သောမိမိ၏ အဖြစ်ကို ဝိဒေဟရာဇ်မင်းကြီးသည် ကိုယ်တိုင် မသိမဟုတ်၊သိနေပေသည်။သို့သော် မင်းကြီး၏ စိတ်အလျဉ်သည် လှိုင်းပုတ်သော ရေပြင်ကမ်းစပ်မှကြိုးလည်းမခိုင်၊ တိုင်လည်းယိုင်နဲ့သော လှေငယ်တစ်စင်းလို ဆောက်တည်ခြင်း ကင်းမဲ့ကာ ထက်အောက်မြောက်ကျ တက်တုံ သက်တုံ လှုပ်ရှား ရိုက်ခတ်နေသည်။ လှေငယ်သည် ချည်တိုင်ကျွတ် ကြိုးပြတ်ကာ လှိုင်းထန်ရေပြင်ထဲသို့ အချိန်မရွေး လွင့်ပါးသွားနိုင်သည်။ သို့တည်းမဟုတ် ကမ်းစပ်မှာပင် ဦးစောက်မှောက်ထိုး တိမ်းစောင်းသွားနိုင်သည်။

ဝိဒေဟရာဇ် မင်းကြီးသည် မိမိ၏ ရောက်ရက်ခတ်နေမှုကို မည်သို့ထိန်းသိမ်းရမှန်းမသိ ဖြစ်နေသည်။ ပူပူနွေးနွေး ဖြစ်ရပ်များကသည်း အသိတရားကိုလှုပ်ခတ်နေစေသည်။



WWW.DHAMMARANSI.NET



ယခုအခါ ဥတ္တရ ပဉ္စာလရာဇ် မင်းကြီး၏ သံတမန်ကြီး ဖြစ်သော ကေဝဋ္ဋ ပုရောဟိတ်ကြီးလည်း သူ့တိုင်းပြည်သို့ ပြန်သွားခဲ့ပြီ ဖြစ်သည်။ ပုရောဟိတ်ကြီးသည် တိုင်းပြည်ပြန်ကာနီး အခစားဝင်ရင်း နှုတ်ဆက်ရာ၌ စကားတစ်ခွန်းကို လေးနက်စွာ ချောက်ထားသွားခဲ့ပေသည်။

"အရှင်မင်းကြီး နေ့ရက်ရှည်ကြာ မနေသင့်ပါ၊ ယိုအပ်သော ကိစ္စကို ဖြီးလွယ်မှ ကောင်းပါမည်၊ ပကြာမမြင့်မီ ဥတ္တရ ပဉ္စာလရာဇ်ပြည်ကို ကြွခဲ့ပါ၊ ဖင့်နွဲ့လေးဆေး နေဖို့မသင့်ပါ"

ပုရောဟိတ်ကြီး၏ စကားသည် မင်းကြီး၏ ပူပြင်းသော နှလုံးကို ထပ်မံ၍ ဟင့်ဟင့် အပူရှိန်ဟပ်နေသည်။ စူဠနီဗြဟ္မဒတ် မင်းကြီး၏ သမီးတော် ပဉ္စာလစန္ဒီ မင်းသမီးအပေါ် တပ်မက် စွဲလမ်းနေသော ရာဂစိတ်တို့သည်လည်း မင်းကြီး၏ နှလုံးအိမ်တွင် ပင့်ကူမျှေး ဖွဲ့ယှက်သကဲ့သို့ တစ်စထက်တစ်စ ပိုမိုကြီးမားလာနေသည်။

သို့သော် တစ်ဘက်ကလည်း မင်းကြီး၏ စိတ်နှလုံးကို တုပ်နှောင်ထားသော အခြင်းအရာက ဖြစ်ပေါ်နေပြန်သည်။ ထို အခြင်းအရာမှာလည်း ကေဝဋ္ဋ ပုရောဟိတ်ကြီးနှင့် သက်ဆိုင် ပြန်သည်။ မင်းကြီးသည် ကေဝဋ္ဋ ပုရောဟိတ်ကြီးအား မဟောသဓာ သုခမိန်ထံသို့ သွားရောက်တွေ့ဆုံရန် စေလွှတ်ခဲ့သည်။ မင်းကြီး၏ ဝိတ်ကူးမှာ ဤသို့ပင်။ မဟောသဓာနှင့် ကေဝဋ္ဋ ပုရောဟိတ်တို့သည် စကား စစ်ထိုးပွဲကို အကြောင်းပြု၍ တစ်ဦးနှင့်တစ်ဦး ကြီးစွာသော ရန်သူတော်ကြီးများ ဖြစ်ခဲ့ကြသည်။ ယခုလို ချစ်ကြည်ရေး သံတမန်အဖြစ် ကေဝဋ္ဋ ပုရောဟိတ် လာရောက်ချိန်တွင် ထို ရန်စရန်ညိုးကို ပြေပျောက်စိမ့်သောငှာ ပုရောဟိတ်ကို မဟောသဓာထံ လွှတ်ခဲ့သည်။ စေလွှတ်သည့်အတိုင်းလည်း ပုရောဟိတ်ကြီးသည် မဟောသဓာ သုခမိန်ထံ သွားရောက်ခဲ့သည်၊ သုခမိန်၏စံအိမ်မှအပြန်တွင် ကေဝဋ္ဋ ပုရောဟိတ်သည် မင်းကြီးထံ ချက်ချင်း အခစား ဝင်ခဲ့သည်။ မင်းကြီးက အားရဝမ်းသာစွာ မေးခဲ့သေးသည်။

"ဘယ့်နှယ်လဲ ကေဝဋ္ဋ အမတ်ကြီး၊ ကျွန်ုပ်ရဲ့ သားတော် မဟောသဓာနဲ့ သင်တို့ဟာ စကားစစ်ထိုးပွဲတုန်းက ဖြစ်ခဲ့ကြတဲ့ မကြည်မဖြူ ငြိုးစူအထုံးအဖွဲ့ကို ဖြေဖျောက် နိုင်ကြပြီ မဟုတ်လား၊ အချင်းချင်း တောင်းပန် ကန်တော့ပြီး အကျွမ်းတဝင် ရှိခဲ့ကြပြီ မဟုတ်လား၊ သင် လာရောက်တဲ့ကိစ္စကို ပြောပြလိုက်တော့ ကျွန်ုပ် သားတော်က ဝမ်းမြောက်ဝမ်းသာ ဖြစ်မသွားဘူးလား"

ကေဝဋ္ဋ ပုရောဟိတ်၏ ညိုမည်းသော မျက်နှာပြင်အရောင်သည် ပို၍ပင် မည်းပုပ်သွားခဲ့လေသည်။ ထို့အတူ ပုရောဟိတ် ပြန်လည်လျှောက်တင်သော စကားကလည်း မင်းကြီး မျှော်လင့်ထားသည်နှင့် ပိဘိ ဆန့်ကျင်ဘက်။

"အရှင်မင်းကြီးက မဟောသဓာကို ပညာရှိ သူတော်ကောင်း ထင်မှတ်ပြီး သုခမိန်အရာမှာ ထားတော် မူပါယ်၊ တကယ်ကတော့ မဟောသဓာဟာ ပညာရှိလည်း မဟုတ်၊ သူတော်ကောင်းလည်း မဟုတ်ပါဘူး၊ ကျွန်တော်မျိုးဟာ အရှင်မင်းကြီး အမိန့်တော်နဲ့အညီ သူ့ဆီ သွားရောက် နှုတ်ဆက်ခဲ့တယ်၊ ညှော်သည်ကို ဝမ်းမြောက်ဝမ်းသာ ဆီးကြိုခြင်း၊ နေရာပေးခြင်း၊ နှုတ်ဆက်မေးမြန်းခြင်း ဘာတစ်ခုမျှ သူမပြုဘူး၊ အလွန် မာနခက်ထန်သူပါပဲ၊ ကျွန်တော်မျိုးကို သည်အတိုင်းပဲ ကြည့်နေပြီး အပင်းအ အလို ဘာတစ်ခွန်းမျှ မပြောမဆို လုပ်နေတယ်၊ ပညာရှိလို့ သတ်မှတ် ဂုဏ်ပြုစရာ ဘာတစ်ခုမျှ မတွေ့ခဲ့ရပါဘူး အရှင်မင်းကြီး"

ဝိဒေဟရာဇ် မင်းကြီး အံ့ဩ တုန်လှုပ်ခဲ့ရသည်။ ပုရောဟိတ်ကြီးကို နှစ်သိမ့်ရန်၊ အပြေအပြစ် စကားဆိုရန်ပင် သတိမရခဲ့။ သို့သော် နှလုံးစိတ်ဝမ်း မသက်မသာ ဖြစ်ရခြင်းကို မျိုသိပ်ကာ 'အပန်းဖြေကြပါဦး' ဟုသာ ဆိုခဲ့သည်။ နောက် ရက်အနည်းငယ်အကြာတွင် ကေဝဋ္ဋ ပုရောဟိတ်ကြီး ပြန်သွားသည်။ ရွှေလမ်းငွေလမ်း ဖောက်မည့် သံတမန်ကြီးအဖြစ် ပုရောဟိတ်ကြီးကို မင်းကြီးသည် လက်ဆောင်ပဏ္ဏာ မျိုးရိက္ခာ ကောင်းစွာ ပေးသနားလိုက်သည်။

စူဠနီဗြဟ္မဒတ်မင်း၏ ချစ်ကြည်ရေး သံတမန်ကြီးကား ပြန်သွားပြီ၊ သို့သော် မိထိလာ နန်းတော်တွင်း၌ကား မတည်မငြိမ် လှုပ်လှုပ်ရွရွရှိဆဲပင် ဖြစ်သည်။ မတည်မငြိမ် အဖြစ်ဆုံးအရာကား ဝိဒေဟရာဇ် မင်းကြီး၏ နှလုံးသားပင် ဖြစ်လေသည်။

နံနက်ခင်း ညီလာခံ ပြီးချိန်ဖြစ်သည်။ ဝိဒေဟရာဇ်

WWW.DHAMMARANSI.NET



မင်းကြီးသည် ပွဲတော်စာကိုပင် ခါတိုင်းလို မြိန်ယှက်စွာ မသုံးဆောင်နိုင်ခဲ့ပေ။ ပဉ္စာလစန္ဒီ မင်းသမီး၊ ချစ်ကြည်ရေး ဘာတမန် ကေဝဋ္ဋ ပုရောဟိတ်တို့နှင့် စပ်လျဉ်းသမျှသော အရေးကိစ္စတို့ကိုသာ တစေ့ငုငု တွေးနေမိသည်။ ပွဲတော်စာကို အရသာမဲ့စွာ တဝက်တပျက်နှင့် ထားခဲ့ပြီးနောက် သဏ္ဍာလီ ခန်းဘက်သို့ ထွက်ခွာလာခဲ့သည်။ သစ်သီးဝလံ အချိုအချဉ်ပွဲများ၊ နို့ယောပတ် စသော အဆိအဆိပွဲများကို လုံးစံအဘိုင်း သဏ္ဍာလီဘွင် သက်တောင့်သက်သာ စံရင်း သုံးဆောင်ဦးမည် ဖြစ်သည်။

မင်းကြီးသည် အမှုတော်ထမ်းများကိုနှင်ထုတ်လိုက်ပြီးနောက် တစ်ကိုယ်တည်း တိတ်ဆိတ်စွာ သလွန်တော် ထက်ဝယ် ထိုင်လိုက်သည်။ မကြာမီအတွင်း ဤသဏ္ဍာလီဆောင် ခန်းတွင်းသို့ သေနက၊ ပက္ကုသ၊ ဒေဝိန္ဒနှင့် ကာမိန္ဒ အမတ်ကြီး လေးပါးတို့ ရောက်လာကြမည် ဖြစ်သည်။ နောက်ဆုံးတွင် မဟောသဓာ သုခမိန်လည်း အခစား ဝင်လာဦးမည် ဖြစ်သည်။ ပွဲတော်စာ သုံးဆောင်ပြီးချိန်တိုင်း မင်းကြီးသည် ပညာရှိငါးပါးတို့နှင့် ဤသို့ သီးခြားတွေ့ဆုံနေကျဖြစ်လေသည်။ သစ်သီးဝလံ ချိုချဉ်ခဲဖွယ်များကို မတို့မထိသည်အတိုင်း ကြည့်ရင်း မင်းကြီး၏ အတွေးများသည် ပျံ့လွင့်နေသည်။ပဉ္စာလစန္ဒီ၊ကေဝဋ္ဋပုရောဟိတ်၊ သမ်းကညာ ပဏ္ဏာတော်၊နှစ်ပြည့်တစ်ပြည် ချစ်ကြည်ရေး၊ သားတော် မဟောသဓာ....။ပက်ပါထဲသို့ ဆက်လက်ထိုးဝင်နေသော သူတစ်ဦးပမာ မင်းကြီး၏ အတွေးများ နောက်ကျိ ရှုပ်ထွေးလျက် ရှိသည်။

ရှုပ်ထွေးလျက် ရှိသော အတွေးများသည် တစ်စထက် တစ်စ ကြည်လင်လာသည်။ သို့လော သို့လော ဝေခွဲမရဖြစ်နေရာမှ တိကျပြတ်သားလာသည်။ထိုအခါ မင်းကြီး၏ရင်ထဲဝယ် ခံစားမှုတစ်ခုဖြစ်ပေါ်လာသည်။ ထိုခံစားမှုကား ထိတ်လန့် စိုးရိမ်မှုပင် ဖြစ်လေသည်။

'ကေဝဋ္ဋ ပုရောဟိတ်ဟာ ငါ့သား မဟောသဓာကို အတော်လေး မကျေမနပ်ဖြစ်ပြီး ပြန်သွားတယ်၊ သားတော် မဟောသဓာကလဲ ပုရောဟိတ်ကို မချေမငံ ဆက်ဆံလွှတ်လိုက်သတဲ့၊ သားတော်ဟာ အလွန်လိမ်မာရေးခြားရှိသူ ဖြစ်ပါလျက်နဲ့ ဘာကြောင့်များ သံခင်း တမန်ခင်းနဲ့ လာတဲ့ ကေဝဋ္ဋကို မထေမဲ့မြင်ပြုလိုက်ရသလဲ ...

'အင်း....ငါ့သားတော် မဟောသဓာဟာ အတုမရှိသော ပညာ၊ သတိ၊ဝီရိယနဲ့ ပြည့်စုံတဲ့ သုခမိန်တစ်ယောက်၊ ဒီသိုလူမျိုးက ဒီလို ဆက်ဆံလိုက်တယ်ဆိုတာဟာ အကြောင်းရှိရမယ်၊ ပညာနည်းတဲ့သူတွေ အဖို့တော့ သူတပါးရဲ့ လျှို့ဝှက်တဲ့ အကြံအစည်နဲ့ အကောက်ဉာဏ်ကိုသိမြင်နိုင်ခဲကြလေတယ်၊သားတော် မဟောသဓာဟာ လျှို့ဝှက်အကြံနဲ့ အကောက်ဉာဏ်ကို ထိုးဖောက် သိမြင်နိုင်သူ ဖြစ်တယ်၊ ဒါကြောင့် ကေဝဋ္ဋအမတ်ကို ဒီလို ဆက်ဆံလိုက်တာ ဖြစ်မယ်....

'ကေဝဋ္ဋ အမတ်ကြီး ရောက်လာတာဟာ သဘောရိုးနဲ့ မိတ်ဖွဲ့ဖို့ လာတာမှ မဟုတ်ဘူး၊ ပဉ္စာလစန္ဒီ မင်းသမီးနဲ့ ဖြားယောင်းပြီး ငါ့ကို ပဉ္စာလရာဇ်ပြည်ကိုခေါ်၊ ဖမ်းယူဖျက်ဆီးဖို့ လာတာဖြစ်မှာပဲ၊ ငါ့သားတော်က လာလည်းဖွဲ့သောဘေးကို အရေးမြင်လို့ ခုလို ဆက်ဆံလိုက်တာ ဖြစ်ရမယ် ...

'ဟုတ်တယ်....ဟုတ်တယ်၊ ကေဝဋ္ဋအမတ် ရောက်လာချိန်ကစပြီး ငါ့မှာ တုန်တုန်လှုပ်လှုပ် ရှိခဲ့ရတယ်၊ ဘေးအန္တရာယ် တစ်ခုခုရဲ့ အငွေ့အသက်ကို ရှူရှိုက်နေမိသလိုပဲ၊ စိတ်ထဲမှာ မသိုးမသန့်ဖြစ်ပြီး မလုံမခြုံခံစားရတယ်၊ ဟုတ်ပါပြီ.... ဟုတ်ပါပြီ၊ ကေဝဋ္ဋအမတ်ဟာ မဖြောင့်မမှန်တဲ့ အကောက်ဉာဏ်နဲ့လာတဲ့သူပဲ၊ သင်း အကြံပေး တိုက်တွန်းတဲ့အတိုင်း ငါပြည်ကိုစွန့်ပြီး တစ်ပါးပြည်ကို လိုက်မယ်ဆိုရင် ငါ ဒုက္ခရောက်မှာ ကေန်ပဲ၊ ဟုတ်ပါပြီ....ဒါဟာ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်တာ မဟုတ်ဘူး၊ ပဉ္စာလစန္ဒီ မင်းသမီးကို အကြောင်းပြုပြီး ငါ့ကို ဒုက္ခရောက်အောင် လုပ်တဲ့ အစီအမံပါပဲ'

ဝိဒေဟရာဇ် မင်းကြီး အကြောက်တရားဖြင့် ဆင်ခြင် သုံးသပ်နေချိန်မှာပင် သေနက၊ ပက္ကုသ၊ ဒေဝိန္ဒနှင့် ကာမိန္ဒ အမတ်ကြီး လေးပါးတို့ အခစား ရောက်လာကြလေသည်။ မင်းကြီးလည်း ရင်တွင်း ရှိနေသော အစိုင်အခဲကို မဆိုင်းမတွ ထုတ်ဖော်လိုက်သည်။

''သေနက အမတ်ကြီး''

အမတ် လေးပါးတို့တွင် အသက်အကြီးဆုံး ဖြစ်သော သေနက အမတ်ကြီးကို မင်းကြီးက စတင် မေးမြန်းသည်။

''ပဉ္စာလရာဇ် မင်းက သူ့သမီးတော်ကို ဆက်

WWW.DHAMMARANSI.NET



သ,လိုတဲ့ အကြောင်းနဲ့ ကေဝဋ္ဋ အမတ်ကြီးကို ကျွန်ုပ်ထံ စေလွှတ်လိုက်တာ ကျွန်ုပ်ကို ပဉ္စာလရာဇ်ပြည် ကြွခဲ့ဖို့ ဖိတ်ခေါ်တာတွေကို သင်တို့အားလုံး သိပြီးဖြစ်တယ်၊ ကျွန်ုပ် ပဉ္စာလရာဇ်ပြည်ကို သွားပြီး စူဠနီဗြဟ္မဒတ်မင်းရဲ့ သမီးတော်ကို သိမ်းပိုက်သင့် မသင့် သင်တို့ရဲ့ အကြံဉာဏ်ကို သိလိုတယ်''

သေနက အမတ်ကြီးသည် ဝိဒေဟရာဇ် မင်းကြီးထံ၌ ပညာရှိ သုခမိန်အဖြစ် ခစားလာခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ မင်းကြီး၏ စိတ်သဘောအလိုကိုလည်း ကောင်းစွာ ကျက်မိသူဖြစ်သည်။ ထို့ကြောင့် မင်းကြီး၏ အကြံဉာဏ်တောင်း စကားထဲတွင် မင်းကြီး အဘယ်သို့သော အဖြေကို အလိုရှိနေကြောင်း ကောင်းစွာ သဘောပေါက်ထားသည်။ သေနက အမတ်ကြီး မဆိုင်းမတွပင် လျှောက်တင်လေသည်။

''အရှင်မင်းကြီး၊ ရှေ့မှောက်ရောက်ပြီး စည်းစိမ်ကို တွန်းဖယ်လိုက်တာမျိုး မလုပ်သင့်ပါဘူး၊ ပဉ္စာလရာဇ်ပြည်ကို ကြွမြန်းပြီး စူဠနီဗြဟ္မဒတ် မင်းကြီးရဲ့ သမီးတော်ကို သိမ်းပိုက်တော်မူပြီးရင် ဇမ္ဗူဒိပ်အပြင်မှာ ဘုန်းအကြီးဆုံး ထီးဆောင်းမင်း ကေန်ဖြစ်မှာ သေချာပါတယ်''

မဆိုင်းမတွ အားတက်သရော လျှောက်တင်လိုက်သောကြောင့် ဝိဒေဟရာဇ် မင်းကြီးသည် တွေဝေသွားသည်။ မိမိ ကြောက်လန့် စိုးရိမ်နေသော အခြင်းအရာနှင့် လုံးဝမတူ ခြားနားသောစကားကို ကြားလိုက်ရသည့် အတွက်လည်း အံ့အားသင့်သွားသည်။

မင်းကြီး တိတ်ဆိတ် ငြိမ်သက်သွားသည်ကို တွေ့သောအခါ သေနက အမတ်ကြီးသည် ပို၍ အားတက်သရော ဖြစ်လာကာ ပို၍ လိုက်လှဲသော အမူအရာဖြင့် ဆက်လက် လျှောက်တင်ပြန်လေသည်။

''အရှင်မင်းကြီး အခု အရေးတော်ဟာ အလွန်လွယ်ကူ ရှင်းလင်းပါတယ်။ အထွေအထူး စဉ်းစားချိန်ဆနေစရာ မလိုပါ၊ စူဠနီ ဗြဟ္မဒတ်မင်းကြီးဟာ သမီးတော်နဲ့ ထိုက်တန်သသူကို ရှာဖွေ ရွေးခြယ်ရာမှာ ရှိရှိသမျှ ထီးဆောင်းမင်း အားလုံးတို့ဟာ သူ့ရဲ့ လက်နက်နိုင်ငံတော်ရောက် လက်အောက်ခံတွေချည်း ဖြစ်နေတာ တွေ့ရပါတယ်၊ ဒါကြောင့် သမီးတော်နဲ့ မထိုက်တန်ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်၊ အရှင်မင်းကြီး တစ်ပါးသည်သာ ပြည်ထောင်ဘက်ချင်း လေးစားရင်းစွဲ တွေ့မြင်ရတာကြောင့် သမီးတော်ကို ဆက်၊ အချိုးချင်း ယှက်လိုတဲ့အတွက် ကေဝဋ္ဋ အမတ်ကြီးကို သံခင်းတမန်ခင်းပြု အလေးအမြတ် စေလွှတ်လိုက်ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ပဉ္စာလရာဇ်ပြည်ကို အရှင်မင်းကြီး ကြွတော်မူသင့်ပါတယ်၊ သမီးတော် ပဉ္စာလစန္ဒီ မင်းသမီးကို သိမ်းပိုက်သင့်ပါတယ်၊ နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်သင့်ပါတယ် အရှင်မင်းကြီး''

ဝိဒေဟရာဇ် မင်းကြီး၏ စောစောက စိုးရိမ်ထိတ်လန့်မှုများသည် လေပြင်းအသုတ်တွင် လွင့်ပါးသွားသော တိမ်စိုင် တိမ်ခဲများသဖွယ် ဖြစ်သွားသည်။ ထို့နောက် မင်းကြီးသည် ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်များကိုလည်း ဆက်လက်၍ မေးမြန်းပြန်သည်။ အမတ်သုံးပါးတို့၏ အဖြေစကားများမှာလည်း စကားအသုံး ဝေါဟာရများ ကွဲပြားသော်လည်း အဓိပ္ပာယ်မှာ အတူတူချည်း ဖြစ်သည်။ တစ်ခုတည်းသော အဖြေကို ရည်ညွှန်းကြသည်။ ပဉ္စာလရာဇ်ပြည်သို့ ကြွရောက်၍ စူဠနီ ဗြဟ္မဒတ်မင်း၏ သမီးတော်ကို သိမ်းပိုက်သင့်ကြောင်း ဟူသောစကား။

မင်းကြီး၏ အသွင်မှာ တိမ်ညို ကင်းစင်သော လ,နှယ် ဖြစ်သွားလေပြီ။ မိမိကိုယ်နှိုက်က ပင်လျှင် ပဉ္စာလစန္ဒီ မင်းသမီးအပေါ်၌ တိမ်းညွှတ်ရင်းစွဲ ဖြစ်ခဲ့သော မင်းကြီးသည် အမတ်လေးဦးတို့၏ စကားကို များစွာ အားရနှစ်ခြိုက်သွားသည်။ စောစောက သတိဉာဏ်တစ်ချက် ဝင်းပြက်ခဲ့သော စိတ်ကူးတို့မှာလည်း ပျောက်ပြယ် သွားသည်။ ထိုအခိုက်ဝယ် မဟောသဓ သုခမိန်သည် လည်းကောင်း၊ ကေဝဋ္ဋ အမတ်ကြောင့် စနိုးစနောင့် ဖြစ်ခဲ့သော အတွေးများသည် လည်းကောင်း မင်းကြီး ထံတွင် မရှိတော့။ မိမိအလိုရှိနေသော အဖြေကို အမတ်ကြီးလေးဦးတို့ထံမှ ရရှိလိုက်သောအခါ မင်းကြီးသည် ပဉ္စာလရာဇ်ပြည်သို့ သွားရောက်၍ ပဉ္စာလစန္ဒီ မင်း-သမီးကို သိမ်းပိုက်ရန်မှတပါး အခြား မည်သည့် အရာကိုမျှ သတိမရတော့ချေ။

(ရှေ့လ ဆက်ဖတ်ရန်)

ချစ်ဦးညို

# သာမညတောင်



မောင်ဝါ

ဘားအံ ကော့ကရိတ်သွား ကားလမ်း၊ ဘားအံမှ မိုင် ၂၀ ၏ လက်ဝဲဘက် ၃ မိုင်ခန့် အဝေးတွင် ပေ ၃၀၀ မျှ မြင့်သော စပါးပုံကြီးနှင့် တူသဖြင့် ဒေသခံ ရှေးမွန်တို့ အခေါ် 'ဒေမဲ့စော့' (စပါးစေ့တောင်) ယနေ့ အခေါ် 'သာမညတောင်' သည် မြေမှထည်းတည်းကြီး မို့မောက်၍ ပေါ်နေသည်။

ထိုတောင်ထိပ်၌ မုတ္တမ မိဖုရား ကောင်းမှုဟောင်းကို ပြန်လည်ပြုပြင်ထားသောစေတီတော် ၂ ဆူ ရှိပြီး ၁၉၇၀ ခုနှစ် လောက်ကမှ စတင်၍ တောရဆောက်တည် နေသည့် ရဟန်းတော် ဦးဝိနယ သီတင်းသုံးနေထိုင်သဖြင့်လည်း လွန်ခဲ့သော ၂ နှစ်ခန့်ကပင် ဘားအံမှ လူများသည် ထိုတောင်သို့ တစ တစ အရောက်အပေါက် များလာကြပြီး ယနေ့ ဆိုလျှင် နေ့စဉ်နှင့်အမျှ လာနေကြသော ဘုရားဖူး ပရိသတ်တို့ကို သက်ပယ်ဟင်း (သက်သတ်လွတ်ဟင်း) နှင့် ထမင်း ကျွေးနေရသည်မှာ တနေ့လျှင် မိုးမြဒယ်ကြီးဖြင့် အကြိမ် ၂၀ မျှ ချက်ရသည်ဟု ဆိုလေသည်။

ထိုသတင်းကြောင့် ကျွန်တော်တို့ ရတနာမွန်အဖွဲ့သည် သာမညတောင်သို့ သွားချင်နေကြရာ ကြိုတင်၍ သိသင့်သည် များကို သိထားနိုင်ရန် ဘားအံမှ လူကြီးများအား မေးစမ်းကြည့်ကြသည်။

''မွန်တို့အခေါ် ဒေမဲ့စော့က နေပြီး ဘယ်ပုံဘယ်နည်းနဲ့ သာမညတောင်ဖြစ်သွားရတာလဲ''

''ဒီမေးခွန်းကို သမိုင်းနောက်ခံနဲ့ပြောမှဖြစ်မယ်''

''ဟုတ်ကဲ့ ပိုကောင်းပါတယ်''

မုတ္တမမိဖုရား ဆိုတာကော သိရဲ့လား''

''မနုဟာရဲ့ သထုံပျက်တော့ ဒီဘက်နယ်ရောက်လာပြီးတော့ကော့ဂွန်းဂူမှာ ပုန်းအောင်းနေရင်း အုတ်ခွက်ဘုရားဘွေ အများအပြား ဖုတ်လုပ် ပူဇော်သွားတဲ့ မိဖုရားမဟုတ်လား၊ ဒီအကြောင်းကို သူကိုယ်တိုင် ကော့ဂွန်းဂူထဲက မတ်ရပ်တော် ကျောက်ဆင်းတု



သာပညာစေတာင် ဆရာတော်အရှင်ဝိနယ

ပစ်သွားရဲ့ ယက်နံ့စွန်းမှာ မင်စာရေးပြီး ထားခဲ့ပါသေးတယ်''

''ဟုတ်ပြီ ဒါဆို မိဖုရားဘဲ၊ သူက ကောင်ဝန်းဂူမှာ နေရတာ မပျော်ဘူးထင်ပြီး သူ့ပရိသတ်နဲ့ အတူ ဒါလှုံ ဆမ္ဘာကြီးကိုက ဒေမဲ့ပေ့ ဟောင်ကို ပြောင်း ပြာတယ်၊ ဗိုဟောက်တော့ ဟောင်ထိပ်မှာ စေတီ ၂ ဆူ တည်ပြီး မုတ္တမကို ပြန်ရောက်နိုင်ရအောင် အလံဘိသိက်ခံယူတယ်''

''အလံဘိသိက်ရယ်လို့ ခုမှပဲ ကြားဖူးပါတယ်''

''အလံဘိသိက် အကြောင်း စာကိုယ်လက်ာ ရှိတယ်၊ နားထောင်ချင်ရင် ကျုပ်ရွတ်ပြမယ်''

''တိုတိုလင်လင်ကလေး ကျွန်တော်တို့ လိုချင်ပါတယ်''

''ခပ်နားမင်းဘွယ် ဆန်းတကျယ်လျှင် တင့်တယ်
မိုက်ထူ လူလူ လွှားလွှား တန်းခွန် လျားမူ။
မူထားမရပ် ပေါ်လျပ်မျောက်ရုပ် ရေးထုလုပ်
မျက် မြဲချုပ်မသွေ ယာရှာတန်းခွန်။ မြွေနဂါး
ကို လျင်လျား သုန်သုန် ဘင်းနိုင် ဟုန်နှင့်
ဂဠုန်အထု အဖြူတန်းခွန်။ လွန်စွာသွေးသား
စားတတ် သောက်ကြူး စွယ် ပြူးပြူးနှင့်
ဘီလူးရုပ်ပါ အဝါတန်းခွန်။ ဟန်ပန်တင့်လျော
ရောင်ကျောကျောနှင့် မောရ ညွတ်ပျောင်း
ဥဒေါင်းပြုက်ပြုက် မည်းနက် တန်းခွန်။ အား
အန်ကြီးမြောက် မှန်အာသောက်သား ဆင်
ပေါက်တပဲ နိုင်စိုး ကဲသည် သားရဲ အချုပ်
ခြင်္သေ့ရုပ်ကို ပြုလုပ်မယိမ်း အစိမ်းတန်းခွန်။''
'ပြီးတော့....ကြံလက္ခဏာ စုံလင်ဒွာလျှင် နာဂ
မာတင် ဆင်ရုပ်ရှအိ မာန်ပိပိနှင့် အနီတန်းခွန်။
ပြင်းဝှမ် မာန်စောင် တန်ခိုး ဆောင်သား
တစ်ထောင်တိတိ ပါးပျဉ်းရှိသည် အတိမျိုးမှန်
အနန္တနဂါး ရုပ်ရေးသားလျက် လွှားလွှား
ကြော့ကြော့ အဖြော့တန်းခွန်။ မင်းပွဲမှန်တွင်
ဝေဖန့်တင့်တင့် စိုက်ထူလွှင့်က ကြီးမြင့်တန်ခိုး
အကျိုးစီးပွား များခြင်း မကွာချမ်းသာကြီးထူ
ရန်သူအောင်မြင် များဖွင် ခြံရံ ကျော်စော
သံလည်း နိုင်ငံကြွေငြာ ,ရေသို့ ဖြာသည်
မျက်နှာရှစ်ရပ် နှစ်မွန်းတည်း....တဲ့'

''မုတ္တမ မိဖုရားဟာ ဒေမဲ့ပေ့, ပေါ်စေ ဟောင်ထိပ်အောင်မြေ ပတ်လည်မှာ စိုက်ထူထားအပ်တဲ့ ရွှေရောင်ခံ မျောက်ရုပ်အလံ၊ အဖြူရောင်ခံ ဂဠုန်အလံ၊ အဝါရောင်ခံ ဘီလူးရုပ်အလံ၊ အနက်ခံ ဥဒေါင်းရုပ်အလံ၊ အစိမ်းရောင်ခံ ခြင်္သေ့ရုပ် အလံ၊ အနီရောင်ခံ ဆင်ရုပ်အလံ၊ ဖြူဖြော့ခံ နဂါးရုပ်အလံ ဖြစ်တဲ့ ဘဲသတ္တအလံ ၇ မျိုးတို့အလယ်မှာ ဘိသိက်ခံတယ်လို့ အဆိုရှိတယ်''

''သက္ကရာဇ် အမှတ်အသားများ ရှိပါသလား''

''မန္တပာရဲ့ သည်ပျက်တော့ ပုဂံသက္ကရာဇ် ၃၉၀ လို့ ရာဇဝင်စာအုပ်တွေမှာ တွေ့ရပါတယ်။ ပေါ်စေ ဟောင်ကို မုတ္တမ မိဖုရား ရောက်လာတာလဲ အဲဒီ သက္ကရာဇ် ၃၉၀၊ ၄၀၀ တပိုက်လောက် ဖြစ်မယ်ထင်တာပဲ၊ ကာလက ကြာတော့ မုတ္တမ မိဖုရား ကောင်းမှု စေတီတော် ၂ ဆူဟာလ် သခ်ါရတရားကို မလွန်ဆန်နိုင်ပဲ ယိုယွင်းပြိုပျက်ပြီး ဒေသ တစ်ခုလုံး တောကြီး ဖုံးနေခဲ့ပါတယ်''

WWW.DHAMMARANSI.NET



ကျွန်တော်တို့ လူမှန်းသိတဲ့ အရွယ် ရောက်တော့ စပါးစေ့တောင်နဲ့ ၄၊၅ မိုင် အကွာမှာ ပအိုဝ်ရွာကလေးတွေ ကရင်ရွာကလေးတွေ ဟိုတစ်စု ဒီတစ်စု ရှိနေပါပြီ၊ မီးသွေးဖုတ်ဖို့ သစ်ခုတ်ဖို့ ရွာက လူတွေ တောင်ခြေဝင်တဲ့အခါ စေတီတော် ရှိရာကို တောစိုးတောင်စိုးတို့က ညွှန်ပြ သတိပေးတာ ခံရတတ်ပေမယ့် အကြောင်းကို နားမလည်ကြ တာနဲ့ တောခြောက်တယ်၊ တောကြမ်းတယ်လို့ ယူဆကြပြီး ဒီတောင်ဟာ အလွန်ကြမ်းတဲ့တောင် သာမညတောင် မဟုတ်ဘူးလို့ တစ်ဦးနဲ့တစ်ဦး ဝေါဟာရ ကူးလူးဆက်သန်းသွားရာက 'သာမညတောင်' လို့ ခေါ်တွင်လာကြတာ ဖြစ်ပါတယ်''

ဘားအံမှ မြို့ခံလူကြီးများ ပြောသော သာမညတောင် အကြောင်းကို ကြားနာကြ ပြီးနောက် နောက်တနေ့ ဖြစ်သော ၈-၂-၈၇ ရက်နေ့ နံနက် ၇ နာရီတွင် ကျွန်တော်တို့သည် မုတ္တမ မိဖုရားကြီး၏ ကောင်းမှုတော် စေတီ ၂ ဆူရှိရာ သာမညတောင်ခြေသို့ ဘတ်(စ်) ကားဖြင့် လိုက်ခဲ့ကြပါသည်။

ဘတ် (စ်) ကားသည် သာမည တောင်ခြေသို့ ချိုးဝင်သော လမ်းခွဲအရောက် ရွာပေါင်း ၁၀ ရွာမျှ ကျော်ဖြတ်ခဲ့ရပါသည်။ ထိုရွာများမှာ ရေကျော်ရွာ၊ ခလောက်နို့ရွာ၊ ကော့ကသောင်ရွာ၊ နောင်လုံရွာ၊ ကျော့ရွာ။ မြပေရွာ၊ အိန္ဒုရွာ၊ ခနိမ်းဗိုရွာ၊ လွန်းညရွာနှင့် ကော့ကဒါရွာတို့ ဖြစ်ပါသည်။ ကားလမ်းမှာ အချို့နေရာတွင် ရွာဘေးမှ ကပ်၍လည်းကောင်း၊ အချို့နေရာတွင် ရွာထဲသို့ဝင်၍ လည်းကောင်း၊ အချို့နေရာတွင် လယ်ကွင်းများကို ဖြတ်၍လည်းကောင်း ဖောက်ထား ပေသည်။ လယ်ကွင်းများကို ဖြတ်၍ သွားသောအခါ လျှပ်စစ်ဓာတ်အား လွှတ်ထားသော ဓာတ်ကြိုး များနှင့် ဓာတ်တိုင်ကြီးများကို လယ်ကွက်များထဲ၌ ထိုးထိုး ထောင်ထောင် တွေ့ရသည်။ ဓာတ်တိုင်များအားလုံး၏ အောက်ခြေ၌လည်း လူ့တစ်ရပ်မျှ မြင့်အောင် ဝါးဖြင့် အလုံပိတ်ခြံခတ်ထားကာ, 'သေတတ်သည်၊ မတက်ရ' ဟူသော စာတန်းများကို ချိတ်ဆွဲထားသည်။

ဒေသခံ နွားကျောင်းသားများသည် 'အန္တရာယ်ရှိသည်' ဆိုသော ပါဠိဆင့်အက္ခရာ အရေးအသားကို မဖတ်တတ်ကြသည့် အပြင် အဓိပ္ပာယ် မရှင်းကြသဖြင့် ဖတ်တတ်သူတိုင်း နားလည် နိုင်သော 'သေတတ်သည်။ မတက်ရ' ဟူသော စာကို ရေးကပ်ထားရသည်ဟု ဆိုသည်။ ထို့အရင်ကမူ မကြာခဏဆိုသလို နွားကျောင်းသားများသည် ဓာတ်တိုင်ပေါ် တက်၍ နွားအုပ်ကိုကြည့်ရာမှ ဓာတ်လိုက်သေဆုံးသူများ ရှိခဲ့ဖူးကြောင်း သိခဲ့ရသည်။

ဘတ် (စ်) ကားသည် ကော့ကဒါရွာကို လွန်လျှင် သာမညတောင်သွား လမ်းပေါ်သို့ ချိုးဝင် လိုက်သည်။ ထိုလမ်းမှာ ၃ မိုင်မျှ ရှည်၍ အိမ်များဒါယကာတို့က ခေါင်းနှင့်ရွက်ပြီး ဖို့ထားသော မြေလမ်းဖြစ်သည်။ ဆောင်ခြေတွင်ကား တည်းခိုရန် ဇရပ်နှင့် အိမ်ခြေအတော်များများ ရှိနေပြီ ဖြစ်သည်။ ကိုယ်ပိုင်ကား များနှင့် စင်းလုံးငှားလာသော ကားများမှာ ကျွန်တော်တို့အရင် ရောက်နှင့်နေသည်။

ဘားအံမြို့အနီး ကော့ဝါးဆူးရွာ၌ သီတင်းသုံးနေတော်မူသော ပအိုဝ်အမျိုးအနွယ် အရှင် ဦးဝိနယမဟာထေရ်သည် အကြောင်းမဲ့ သာမညတောင်အနီးရှိ သာယာကုန်းရွာသို့ သွားလိုသော ဆန္ဒ မကြာခဏ ဖြစ်ပေါ်သဖြင့် ၁၃၄၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့တွင် ကော့ဝါးဆူးရွာမှ သာယာကုန်းရွာသို့ တစ်ပါးတည်း ကြွလာခဲ့သည်။



သာမညတောင်ရှိ ဆရာတော်အရှင်ဝိနယ
သီတင်းသုံးသော ဂူ

WWW.DHAMMARANSI.NET

## ၅၂. ဆီးမိ ရတနာပုံ မဂ္ဂဇင်း

ရောက်သောအခါ အဝေး၌မြင်ရသော သာမည တောင်က မိမိအား တောင်ထိပ်သို့ ကြွခဲ့ပါ ဘုရား ဟု ပင့်ခေါ်နေသကဲ့သို့ စိတ်တွင်ဖြစ်ပြန်ရာ ဦးဝိနယ သည် သာယာကုန်းကျောင်းမှ ရဟန်းတော် တစ်ပါး ကို အဖော်ပြု၍ တောကြမ်းလှသည်ဆိုသော သာမည တောင်သို့ ကြွတော်မူ လာသည်။ တောင်ထိပ်တွင် ပြိုပျက်နေသော စေတီတော် ၂ ဆူကို ဖူးတွေ့ရသော အခါ ဦးဝိနယသည် စေတီတော်အနီးမှ မခွာရက် နိုင်အောင် ဖြစ်လာသော ကြည်သို စိတ်ကြောင့် အဖော်ရဟန်းအား ပြန်လွှတ်ပြီး မိမိ တစ်ပါးတည်း စေတီတော်ကို ဝတ်ပြုရင်း အနီးရှိ ဂူထဲ၌ သီတင်းသုံး နေထိုင်တော် မူလိုက် လေသည်။ ယနေ့ ဆိုပါလျှင် ဆရာတော် ထိုတောင်တွင် သီတင်းသုံး နေသည်မှာ ၇ နှစ် ရှိပြီး သက်တော်မှာလည်း ၇၅ နှစ် ရှိပြီ ဖြစ်၍ ကျွန်တော်တို့အရင် ရောက်နှင့်နေသော ကာ ကြီး ကားငယ်ဖြင့် လာကြသူများမှာ ထို ဆရာတော် အား ဖူးမြော်ကြရန်ဖြစ်လေသည်။ ကျွန်တော်တို့သည် ထို လူစုလူဝေးနှင့်ပင် တောင်ပေါ်သို့ တက်ခဲ့ကြပါ သည်။

တောင်ထိပ်မှ စေတီတော် ၂ ဆူမှာ ထုံးဖွေးဖွေး ဖြင့် သပ္ပာယ်လှသည်၊ စေတီတော် ခြေရင်း၌ ဆရာ တော်၏စံကျောင်းကလေးရှိသည်၊ ကျောင်းဘေးတွင် သာလာယံဇရပ်ကြီးရှိသည်၊ ထိုဇရပ်ကြီးမှာ ဆွမ်းစား ကျောင်းလည်း ဖြစ်သည်၊ ပရိသတ်အား ထမင်း ကျွေးရာ ဌာနလည်း ဖြစ်သည်၊ တရားဟောရာ ခန်းမ လည်းဖြစ်သည်၊ ညအချိန် ပရိသတ်များ အိပ်စက်ရန် နေရာလည်း ဖြစ်သည်၊ အဆောက်အအုံ သစ်များ လည်း ဆောက်လုပ်လျက်ရှိသည်၊ ရေစက်နှင့် မီးစက် လည်း ရှိသည်။ သစ်ကြီးဝါးကြီးများဖြင့် အေးချမ်း လှသည်။

အင်္ကျီဖြူ ဘောင်းဘီဖြူနှင့် လည်ပင်းတွင် စိတ် ပုတီး ဆွဲထားသော ပအိုဝ်ဂေါပက လူကြီးများက စောင့်ရှောက်နေသည်၊ သထုံ အလံတစ်ရာ အဖွဲ့ကဲ့သို့ ပင် ဖြစ်သည်၊ ဆရာတော်အား တစ်ဦးချင်း ဖူးခွင့်ရ ဖို့ အရေးမှာ ဂေါပက လူကြီးများ၏ ခွင့်ပြုချက် အပေါ်တွင် တည်ပါသည်၊ နေ့ ၁ နာရီတွင်ကား လာသမျှ ပရိသတ်ကို ဆရာတော်က တရားဟောလေ့ ရှိသဖြင့် ထိုအချိန်သာ. အမေးအနားဖြင့် ဆရာတော် အား ဖူးမြင်နိုင်ကြပါသည်။ ကျွန်တော်တို့သည် စေတီ တော် ၂ ဆူကို ဖူးမြော်ကြ ပြီးနောက် ဆရာတော် အား ဖူးမြင်နိုင်ရန် နေ့ ၁ နာရီ တရားဟောချိန် ကို သာလာယံ ဇရပ်ကြီးတွင် စောင့်ကြ ပါသည်၊ ကျွန်တော်တို့ကဲ့သို့ပင် စောင့်နေသူများမှာ ဇရပ်ကြီး အပြည့် ဖြစ်သည်၊ လူ ၄၀၀ မျှ ရှိလိမ့်မည်။

တစ်နာရီထိုးသောအခါ ဇရပ်ကြီးသို့ ဆရာတော် ကြီး ကြွလာပါသည်၊ ဂေါပကလူကြီးများက ထီးဖြူ လေးလက်မိုး၍ ပင့်ဆောင်လာခြင်း ဖြစ်သည်။

ထိုနေ့က ဆရာတော်ကြီးသည် နာရီဝက်မျှ တရား ချီးမြှင့်ပါသည်၊ ချီးမြှင့်သော တရားမှာ နိဗ္ဗာန်ရောက် ကြောင်း လမ်းစဉ် မဂ္ဂင်ရှစ်ပါး တရား ဖြစ်သည်၊ 'နိဗ္ဗာန်သွားချင်ကြရင်၊ ရောက်ချင်ကြရင် မျက်နှာတော် ပြုချင်ကြရင် ရ၊ ရောက်နိုင်ဖို့ မဂ္ဂင်ရှစ်ပါး တရားမှ တစ်ပါး အခြားမရှိ' ဟု အစချီပြီး မဂ္ဂင်ရှစ်ပါးကို ၁ ပါးစီ ခွဲခြမ်းစိတ်ဖြာ၍ ဟောသွားပါသည်။

တရားပွဲသိမ်း၍ ဆရာတော်ကြီး စံကျောင်းသို့ ပြန် ကြွသွားသောအခါ ပရိသတ်များသည်လည်း အလျို အလျို သာမည တောင်ပေါ်မှ ဆင်းကုန် ကြသည်။ ကျွန်တော်တို့လည်း ထိုလူစုနှင့်ရော၍ ဆင်းခဲ့ပါသည်၊

လမ်းတွင် တရားနာ ပရိသတ်သည် သတ္တဝါတို့၏ စရိုက်အားလျော်စွာပင် အစုကွဲကြလေ၏။ တစ်စု၏ ဆွေးနွေးကြပုံမှာ ''ဆရာတော်ကြီး ဟောမှဘဲ ရှင်း တော့တယ်၊ မဂ္ဂင်ရှစ်ပါးတို့၊ သစ္စာလေးပါး တရား တို့ဟာ ပိဋကတ်တော်ရဲ့ အနှစ်ချုပ် တရားတွေပဲ၊ သိပ်ကောင်းတာပဲ''ဟု ဖြစ်၏။ အချို့ကမူ ခေတ် ကာလကိုလိုက်၍ ''အင်း....ဆရာတော် ဟောတာက တော့ ဓမ္မတရားပဲ. တို့တတွေကတော့ ကိုယ့်အဓိပ္ပာယ် ကိုယ် ကောက်ရမှာပဲ၊ မဂ္ဂင်ရှစ်ပါးက (၅-၃-၄)၊ နိဗ္ဗာန်ရောက်ချင်ရင် ဆိုတာက (၇-၅-၄)ပဲ'' ဟု မိမိတို့ပျော်နှင့် တွေ့ရာဂဏန်းတွေကို ကောက်၍ အဖြေ ထုတ်လာကြလေသည်။

သတ္တဝါတို့၏ စရိုက်သည်ကား အထုံအလေ့ ဝါ သနာ ကြီးသည့်အတိုင်း ကြံစည် အားထုတ်ရာမှာ ကပ်၍သာ အရိပ်ထင် ပါလာတတ်ပေစွ။ ။

မောင်မဲ

WWW.DHAMMARANSI.NET

(၁၇-၂-ဂ၇)ရက်နေ့ထုတ်· ကြေးမုံ သတင်း၀ာ တွင် ''ပုသိမ်ညွှန့်သင်္ဘောနစ်မြုပ်၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်'' ဟူသော အ,မင်္ဂလာ သတင်းစာပုဒ်ကို ဖတ်ရှုရပါသည်။

သ တင်း အပြည့် အ စုံ ကို ဆက်လက် ဖတ်ရှုရာ ''ရန်ကုန်-ပုသိမ်သွား ပုဂ္ဂလိကပိုင် ပုသိမ်ညွှန့်မှစ်ထပ် သင်္ဘောသည် ပုသိမ်မြို့မှ ဖေဖော်ဝါရီလ၁၅ရက် ည ၁၂နာရီတွင် ရန်ကုန်မြို့သို့ ထွက်ခွာလာရာ မြောင်းမြမြို့မှ သုံး မိုင်ခန့်ကွာဝေးသော သရောကုန်းကျေးရွာအုပ်စု၊ ဝဲချောင်း အရောက်တွင် စပါးတင်သမ္ဗန်ကို ရှောင်တိမ်းရာမှ ယနေ့နံနက် (ဖေဖော်ဝါရီလ ၁၆ ရက်)၆နာရီခန့်တွင် တိမ်းစောင်း နစ်မြုပ်သွားသည်၊ အဆိုပါသင်္ဘောတွင် စီးနင်းလိုက်ပါလာကြသော ခရီးသည်နှင့် သင်္ဘောသား စုစုပေါင်း ၂၁ဦးရှိ၍ ၁၃-ဦး ကယ်ဆယ်ရရှိထားပြီး ရှစ်ဦး ပျောက်ဆုံးနေသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ရှာဖွေလျက်ရှိသည်''ဟု ဖော်ပြပါရှိပေသည်။

ထို အ,မင်္ဂလာ သဘင်းများထဲမှ ဝမ်းသာစရာဟု ကြုံဖန်တွေးဆပါမူ အသက်မသေဘဲ လွတ်မြောက်ကယ်ဆယ်ရရှိသည်ဟုဆိုသော (၁၃)ဦး၏ အကြောင်းပင်။

ပုသိမ်ညွှန်သင်္ဘော နစ်မြုပ်စဉ်က အသက်မသေသူ (၁၃)ဦးအနက် ဦးညွှန့်လွင်အမည်ရှိ ကျွန်တော့်မိတ်ဆွေသည် ပုသိမ်သို့ (၂၁-၂-ဂ၇)နေ့က ပြန်လည်ရောက်ရှိလာပြီဟု ကြားသိရသဖြင့် ဦးညွှန့်လွင် နေထိုင်ရာ ဇေယျတော်ရပ်ကွက်၊ ၂လမ်း၊ အိမ်အမှတ်(၁၀၃)




B

WWW.DHAMMARANSI.NET



သို့သွားရောက်၍ဖြစ်မှု အကြောင်းစုံကို လူနာသတင်း မေးရောက်ခဲ့ပါသည်။

## တာဝန်ဖြင့်ခရီးသွား

ဦးညွန့်လွင် (အသက်၄၇နှစ်)သည် ပုသိမ်အနောက် မြို့နယ်သမဝါယမအသင်းမှ လုပ်ငန်းကော်မတီ တစ်ဦး ဖြစ်ပြီး။ ရန်ကုန်သို့ အလုပ်တာဝန်ကြောင့် ပုသိမ်ညွန့် သင်္ဘောဖြင့် ပုသိမ်မြို့မှ လိုက်ပါခဲ့ခြင်း ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၅ရက်၊ည၁၂နာရီခန့်တွင် ပုသိမ် ညွန့်သင်္ဘောမှာ မီးသွေးခြင်းများ တင်ဆောင်ပြီးစတင် ထွက်ခွာခဲ့သည်။ သင်္ဘော ကုန်းပတ်ပေါ်၌သာ မက သင်္ဘောအပေါ်တွင်လည်း မီးသွေးခြင်းများဖြင့် ပြည့် ကြပ်လျက်ရှိပေသည်။ အထူးခန်းများလည်း လူအပြည့် ရှိနေသဖြင့် သင်္ဘောမှ စီစဉ်ပေးသည့်အတိုင်း သင်္ဘော အပေါ်ထပ် ဘုရားခန်းတွင် ဦးညွန့်လွင်တို့ 'လိုက်ပါခဲ့ ကြသည်။ ဘုရားခန်း၌ ဦးညွန့်လွင်၊ ဒုဥက္ကဋ္ဌ ဦးလူအေး နှင့် ကုန်သည် ဦးအောင်စိန်ဆိုသူအားလုံး (သုံးဦး) လိုက်ပါခဲ့ခြင်းဖြစ်သည်။

## သေမင်းနှင့်အပြိုင်

ဦးညွန့်လွင်တို့သည် လမ်းတစ်ဝက်လောက်လုံး အိပ်လာ ခဲ့သည်။ နံနက် ၆နာရီခန့်တွင် ''ဂွ၀ိုင်း''ဟူသော အသံကြီးကို စူးစူးဝါးဝါးကြားလိုက်ရပြီး ရုတ်တရက် သင်္ဘောကြီးသည်တစ်ဘက်သို့ တိမ်းစောင်းသွားသည်။ ဦးညွန့်လွင်သည် အခန်းထောင့်သို့လွင့်သွားပြီး အခန်း ထဲသို့ ရေများမှာ ပေါက်ဝက်ခန့် ချက်ချင်း ဝင်ရောက် လာသည်။ ဖြုန်း၊ ဖြုန်း။ ဖြုတ်၊ ဖြုတ် အသံများကို ထပ်မံ ကြားနေရပြီး၊ အခန်းထဲသို့ ရေများကလည်း ပလုံ၊ ပလုံ အော်မြည်ကာ တဖြည်းဖြည်း များများ လာသည်။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာပင် ရေ များသည် ပေါင်လယ်မှ ခါး၊ ရင်ဆို့၊ လည်ပင်း။ တစ်ဆင့်ပြီး တစ်ဆင့် ရောက်ရှိလာသည်။ အဖော်နှစ်ဦး ဖြစ်သော ဦးလူအေးနှင့် ဦးအောင်စိန်တို့ကို သတိပြု လိုက်သောအခါ နှစ်ဦးစလုံးကို မမြင်တွေ့ရတော့ချေ။

ဦးညွန့်လွင်သည် 'သူသေတော့မည်'ဟု တထစ်ချ တွေးလိုက်မိသည်။ သူ့စိတ်သည် မိသားစုများဆီသို့ ရောက်သွားသည်။ စိုးရိမ်ကြောင့်ကြမှုများ၊ ကြောက် လန့်မှုများသည်လည်း ပိုမို၍ စိုးမိုးလာသည်။ ကိုယ်ကို ဖော့၍ လက်အား ခြေအား ယက်ပြီး နေရသော် လည်း ရေ တဖြည်းဖြည်း တက် လာ သော ကြောင့် လူကလည်း တဖြည်းဖြည်း အပေါ်ရောက်လာသည်မှာ သင်္ဘောအမိုးဟု ထင်ရသော ပစ္စည်းနှင့်ထိရန် လက် နှစ်လုံးခန့်သာ လိုတော့သည်။ သူသေရတော့မည့် အချိန် သည် အလွန်ဆုံး ၂မိနစ်သာ ရှိတော့မည်ဟု သူတွေး လိုက်သည်။ ရေများကို မျိုမျိုချနေရသည်။ သေဖို့အချိန် သာ စောင့်နေရသလို ရှိတော့သည်။

## ကယ်တင်ရှင်

ဦးညွန့်လွင်သည် သေတော့မည်ဟု တစ်ထစ်ချ သိ လိုက်သောအခါ ဘာသဲဖြစ်ဖြစ် သေမည့် စက္ကန့်ပိုင်း အတွင်း ကောင်းသောအာရုံကို ပြုမည်ဟု သတိရလိုက် သည်။ ပထမ ဘုရားကိုအာရုံပြုသည်။ တဆက်တည်း မိဘ၊ဆရာသမားတို့ကို အာရုံပြုသည်။ ဘုရားဂုဏ်တော် ကိုးပါးကို အာရုံပြုမိသည်။ နှုတ်မှ ရေထွက်ရွတ်ဆိုဖို့ ပင် သူ့၌ အင်အားမရှိတော့။

ထိုမိနစ်၊ ထိုစက္ကန့်ပိုင်းတွင် သူ၏ လက်ျာဘက်ခပ် ယွန်းယွန်းဆီမှ ရေရောင်လား။ မှန်ရောင်လားခွဲခြား မသိနိုင်။ အစိမ်းနုရောင် မှိန်မှိန်လေးကို မြင်တွေ့ရ သည်။ ထိုအရောင်ရှိရာဘက်သို့ ဦးတည်၍ ရှိသမျှ အင် အားဖြင့် ရုန်းထွက်လိုက်သောအခါ ရေပြင်ပေါ်သို့ ချော ချော မော မော ရောက် ရှိ သွားတော့သည်။ သို့ သော် ရေပြင်ပေါ်၌ ရေကူးရန် အင်အားမရှိတော့ ချေ။ ထိုအချိန်၌ပင် သူ၏လေခေါင်းအုံး အစိမ်းရောင် လေးသည်လည်း သူ့လက် တံတောင်ဆစ်နှင့် လာထိ သည်ကို တွေ့လိုက်ရသည်။ ထို လေခေါင်းအုံးလေး သည် ယခင်က ဘယ်နေရာ ဘယ်ချောင်ရောက်နေသည် မသိရသော်လည်း သူ့ ရေပေါ်ရောက်မှ သူ့ အနီးသို့ အသင့်ရောက်လာခြင်းဖြစ်သည်။ ရေကူးခတ်ရန် အင် အားမရှိတော့သော ဦးညွန့်လွင်သည် ထို လေခေါင်း အုံးလေးကိုသာ ကျစ်ကျစ်ပါအောင် ဖက်ထားရသည်။ ခေါင်းလည်း မဖော်နိုင်တော့။ ထိုအချိန်တွင် အသက် မသေဘဲ ကိုယ်လွတ်၊လက်လွတ် လွတ်မြောက်သူ ဆလင် ကြီးက သူ့ကိုဖေးမ၍ ကမ်းစပ်ရောက်အောင် ခေါ် သွား သည်ကို သာ သိလိုက်ရသည်။ ကမ်းစပ်ပေါ်၌ အခြားလွတ်မြောက်သူ လေးငါးဦးကိုလည်း ရှင်ရှင် လန်းလန်းတွေ့ရသည်။ နှစ်ဦးသုံးဦးက သူ့ကို ဖေးမ,

WWW.DHAMMARANSI.NET



ကိုင်ပြီး ကမ်းပေါ်ရောက်အောင် တင်ပေးလိုက်သည်။ ဗိုက်ထဲမှရေများပြန်အန်သည်။ ထို့နောက် လှေငယ်တစ်စင်းပေါ်သို့ သူ့ကို ပွေ့တင်သည်ကိုသာ တွေ့ရတော့ပြီး သတိလစ်သွားတော့သည်။ မြောင်းမြရောက်မှ သတိပြန်ရသည်။ ရဲစခန်း၌ စစ်ချက်ခံယူပြီး မြောင်းမြဆေးရုံသို့ရောက်၍ ဆေးဝါးကုသမှုခံယူသည်။ အတွေ့အထူး ကုသရသည် မဟုတ်ပါ။ လက်ျာဘက် ခြေမနှင့်လက်ျာဘက် လက်သန်း ကွဲသွားသည်ကို တစ်ချက် နှစ်ချက် ချုပ်ရသည်ကလွဲ၍ အခြား ကြီးကျယ်သော ဒဏ်ရာ မရရှိခဲ့ပေ။ ဘော့ပင်ဖောင်တိန် ထိပ်ဖျားလောက်အရွယ် သာရှိသည့် ရှရာလေးများသာ ခေါင်းတွင် တစ်ချက်၊ ပေါင်တွင် သုံးလေးချက်ရှိသည်။ ပြောပလောက်သည် မဟုတ်ပါ။ မြောင်းမြမှ မိတ်ဆွေဖြစ်သူ ဦးမြင့်ဆွေအိမ်တွင် ခေတ္တနားပြီး ၁၇–၂–၈၇နေ့တွင် လပွတ္တာ ရေဝတီ သင်္ဘောဖြင့် ညဘက်၌ ပုသိမ်မြို့နေအိမ်သို့ ကောင်းမွန်စွာ ပြန်လည် ရောက်ရှိခဲ့ပေသည်။

## ရတနာသုံးပါးကျေးဇူး

''ဦးညွန့်လွင်စီးတဲ့ ပုသိမ်ညွန့်သင်္ဘောက ပုသိမ်ကည(၁၂)နာရီခန့်မှာ ထွက်တယ်ဆိုတော့ ဦးညွန့်လွင် ဘယ်အချိန်မှာ စအိပ်ပါသလဲ၊ မအိပ်ခင်မှာ ဘာထူးထူးခြားခြား လုပ်ခဲ့မိသေးသလဲ''

''ကျွန်တော် ပုသိမ်ညွန့်သင်္ဘောပေါ် ည(၇)နာရီလောက်ကတည်းက ရောက်နေတာပါ။ ဦးလူအေးတို့နဲ့ အတူတူပေါ့ဗျာ။ ကျွန်တော်တို့ ဘုရားခန်းထဲမှာ အတူလိုက်တဲ့ ဦးအောင်စိန်ကတော့ အခုမှပဲ မြင်တွေ့ဘူးတာပါ။ ည(၁၀)နာရီ မထိုးခင်အထိ သုံးဦးသားစကားစမြည် ရောက်တတ်ရာရာ ပြောကြပါတယ်။ ည(၁၀)နာရီလောက်ရှိတော့ ဦးလူအေးကပဲ ''အေးလာပြီ တံခါးတွေပိတ်၊ အိပ်ကြမယ်''လို့ ပြောပါတယ်။ ကျွန်တော်ကပဲ အခန်းတံခါးတွေကို ပိတ်ပါတယ်။ မင်းတုံးချပိတ်ပါတယ်။ အဝင် တံခါးမကြီးကိုတော့ ပိတ်ရုံ ပိတ်ပြီး မင်းတုံးမချပါဘူး။ ၁၀ နာရီကျော်လောက်မှာ ကျွန်တော်တို့ စအိပ်ပါတယ်။ ပျော်လိုက် နိုးလိုက်ပါဘဲ။ ပုသိမ်က သင်္ဘောထွက်တာ သိပါတယ်။ အိပ်တော့မယ်ဆိုတော့ ဘုရားခန်းထဲမှာပဲရှိတဲ့ ဘုရားကို လက်အုပ်သုံးကြိမ်ချပြီး ရှိခိုးပါတယ်။ ရွတ်ဖတ်မနေတော့ပါဘူး။ နောက်အိပ်ရာထဲမှာ ဆက်လက်အိပ်ခါမှ လက်နဲ့ချိုးပြီး မြတ်စွာဘုရားရဲ့ ''**အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ**''ဂုဏ်တော်ကိုးပါးကို ရွတ်ဖတ်ပါတယ်။

''ဦးညွန့်လွင် သေတော့မယ်ဆိုပြီး စိတ်ဒုန်းဒုန်းချထားတဲ့ အချိန်မှာ လက်ျာဘက် ခပ်ယွန်းယွန်းမှာ မြင်ရတဲ့ အစိမ်းနုရောင်ဆိုတာ အကျယ်အဝန်း ဘယ်လောက်ရှိမယ်ထင်ပါသလဲ''

''ဟုတ်ကဲ့.... အဲဒီ အစိမ်းနုရောင်ဟာ ကျွန်တော် အထင်တော့ ဟစ်ထောင့်ထွာလောက်ပဲ ရှိမယ်''

''အဲဒီ အရောင်ရှိရာကို ရှန်းထွက်တော့ ဘာမှ အတားအဆီး မရှိဘူးနော်''

''ဟုတ်ကဲ့ ဘာအဆီးအတားမှ မရှိပါဘူး၊ အဲဒီနေရာဟာ အခန်း တံခါးပေါက်လား၊ ဘာလားဆိုတာလဲ တွေးဆလို့မရဘူး၊ သင်္ဘောကလဲ ကျွန်တော် ရေပြင်ပေါ် ရောက်တာနဲ့ စုံးစုံး မြုပ်သွားတော့တာကိုး၊ ရေထဲမှာ ကျွန်တော် ပိတ်မိနေချိန်ဟာ စုစုပေါင်း ၁၀မိနစ် ၁၅မိနစ်ထက် မပိုပါဘူး''

''ဦးညွန့်လွင် ရေပေါ်ရောက်သွားလို့ ကမ်းစပ်ရောက်အောင် ဖေးမခေါ်သွားတယ် ဆိုတာက သင်္ဘောက ဆလင်ကြီး ဆိုတာကရော သေချာရဲ့လားဗျာ''

ဦးလှရင်ကလည်း သိချင်သည့်အချက်ကို ဝင်၍မေးလိုက်ပြန်သည်။

''ဟုတ်ပါတယ် ဆလင်ကြီးပါ၊ ကျွန်တော်ရေပြင်ပေါ် ရောက်လာလာချင်းဘဲ ဦးညွန့်လွင် ထွက်လာပြီးခင်ဗျားအနားမှာ သေခေါင်းအုံးရှိတယ်။ လေခေါင်းအုံးကို ကျစ်ကျစ်ပါအောင် ဖက်ထား၊ မလွှတ်နဲ့''ဆိုတဲ့ ဆလင်ကြီး အသံကို ကြားရပါတယ်၊ ဒါပေမယ့် အသံကိုသာ ကြားရပြီး လူကိုတော့ မမြင်တွေ့ရပါဘူး။ သူ သတိပေးလို့သာ ကျွန်တော့် အနားမှာ လေခေါင်းအုံး ရှိတယ်ဆိုတာ သိတာပါ။ ဆလင်ကြီးက ကျွန်တော့် နောက်ကနေကျွန်တော့် ကိုထိန်းမပြီး ကမ်းစပ်ကို ကူးယူခေါ်သွားတယ်လို့ဘဲ ထင်ပါတယ်။ ကမ်းစပ်ကို ကိုက်၂၀လောက် ကူးရမယ် ထင်ပါတယ်''

''ဦးညွန့်လွင်အနေနဲ့ ခုလို သေရတော့မယ့် ဘေး

WWW.DHAMMARANSI.NET



ဦး ညွန့်ဖွင့်၏အာရုံတွင် ဖူးတွေ့ရသော
မြတ်စွာဘုရားပုံတော်

ဒုက္ခကနေ နောက်ဆုံး မိနစ်မှာမှ လွတ်မြောက်လာတာနဲ့ ပတ်သက်လို့ ဘယ်လို တွေးမိပါသလဲ၊ ယူဆမိပါသလဲဆိုတာ သိပါရစေခင်ဗျာ''

''ဟုတ်ကဲ့ခင်ဗျာ၊ မှန်သောစကားကို ပြောရမယ်ဆို ရင်တော့ ခုလို သေဘေးက လွတ်မြောက်ရတာဟာ ဘုရား တရား သံဃာ မိဘ ဆရာသမားဆိုတဲ့ အနန္တောအနန္တ ငါးပါးရဲ့ ဂုဏ် ကျေးဇူး ကြောင့် လို့ ပြောချင်ပါတယ်ခင်ဗျာ''

## ထူးခြားချက်

''ကျွန်တော်ရဲ့ ထူးခြားချက်လေး တစ်ခုကိုလည်း ဆက်ပြောပါရစေ၊ ကျွန်တော့် အသက် ၃၅ နှစ်အရွယ်ကပေါ့ဗျာ။ တီဘီရောဂါ အကြီးအကျယ် ဖြစ်ခဲ့ပါတယ်။ တစ်ခါတစ်ခါ ချောင်းဆိုးရင်လဲ ဝေဒနာက သေမလောက် ခံရပါတယ်။ ကျွန်တော် ခုလို ဝေဒ-နာအပြင်းအထန် ခံစားနေရမယ့်အစား တစ်ခါတည်း အသက် ဖြတ်သွားပါစေလို့တောင် ဆုတောင်းမိပါရဲ့ဗျာ။ အန်လိုက်တဲ့သွေးကလည်း တစ်ခါအန်ရင် ထွေးခံ တစ်လုံးနီးနီးဘဲ။ ဝေဒနာ ပြင်းထန်လွန်းတော့ ဝေဒနာ သက်သာရာ သက်သာကြောင်း တစ်ခုခုကို အာရုံ ပြောင်းမှဘဲလို့ ကျွန်တော် ဆုံးဖြတ်မိပါတယ်။ ဒါနဲ့ ဘုရားဂုဏ် တော်တွေကို အာရုံထဲမှာ စွဲလာအောင် ကြိုးစားကြည့်တယ်။ ချက်ချင်းတော့ မထူးခြားပါဘူး။ ရက်အတော်ကြာလာတော့ ထူးထူး ခြားခြား အာရုံတစ်ခုရတယ်။ အဲဒါက ဘာလဲဆိုရင် ကျွန်တော် ဒီစကားကိုဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး။ ကျွန်တော့်စိတ်ထဲမှာပဲထားတယ်။ အဆုံးပြောရရင်ဗျာ ကျွန်တော့် အိမ်သားတစ်ယောက်ကိုမှ မပြောခဲ့ပါဘူး''

''ခနဲတောကြီးဗျာ၊ စိမ်းစိုနေတာဘဲ၊ အဲဒီခနဲတောထဲကနေ မြတ်စွာဘုရားဟာ မတ်တပ်ကြွချီလာတဲ့ပုံကို မျက်စိထဲမှာလာပြီး ပေါ်လာတာပဲဗျာ။ အဲဒီပုံကိုမျက်စိထဲမှာ ဖူးတွေ့ရချိန်မှာကျွန်တော့် ဝေဒနာဟာ သက်သာတာဘဲ။ ပြောရရင် နောက်တော့ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီး နှစ်ဦးရဲ့ ကုသမှုနဲ့ တီဘီရောဂါ လုံးဝ ပျောက်ကင်းခဲ့ပါတယ်။ ဝေဒနာ လုံးဝ သက်သာရာ ရနေစဉ်ကာလမှာပဲ စောစောက ကျွန်တော့်မျက်စိ၊ တ နည်း ပြောရရင် အာရုံထဲမှာ ထင်ပေါ်လာတဲ့ မြတ်စွာဘုရားရဲ့ပုံတော်ကို ကျွန်တော် ကျွမ်းကျင်တဲ့ ပန်းချီနဲ့ အတတ်နိုင်ဆုံး ရေးဆွဲခဲ့ပါတယ်။

''အဲဒီ ပန်းချီပုံရော ရှိသေးလားဗျာ''

''ရှိပါတယ်၊ ကျွန်တော်ခုတင်ခေါင်းရင်းမှာ ကပ်ထားပါတယ်''ဟု ပြောပြောဆိုဆိုပင် သူ့အိမ်သားတစ်ယောက်ကို သွားယူခိုင်းလေသည်။ ထားသည့် နေရာကို သေချာစွာ ပြောမှ ရှာတွေ့ပေသည်။ ပန်းချီပုံကားရှိုးရှိုးလေးပင်။ ဖူးစကက်အရွယ် စက္ကူအဖြူခွင်ခဲတံဖြင့် ရေးဆွဲထားပြီး အဝါနှင့် လိမ်မော်ရောင်စုံ ခဲတံဖြင့် အရောင်ခြယ်ထားခြင်း ဖြစ်သည်။ (နှစ်ကာလ ကြာပြီဖြစ်၍) တချို့နေရာများတွင် ပိုးစားထားသောကြောင့် အပေါက်များဖြစ်နေပြီး စာရွက်များလည်း မဖြူတော့ဘဲ မှိန်နေတော့သည်။

WWW.DHAMMARANSI.NET



''အဲဒီမြတ်စွာဘုရားရဲ့ ပုံတော်များ၊ အခုသင်္ဘောနစ်လို့ သေဘေးနဲ့ တွေ့တဲ့အချိန်မှာ ဖူးတွေ့ရသေးလားဗျာ''

''တွေ့ရတာပေါ့ဗျာ၊ ဒါကြောင့်လဲ ဆက်စပ်မှုကို ပြောပြတာပေါ့၊ သင်္ဘောနစ်လို့ ကျွန်တော် ဘုရားခန်းထဲမှာ ပိတ်မိနေပြီး သေရတော့မယ်လို့ စိတ်ဒုန်းဒုန်း ချလိုက်မိတဲ့အချိန်မှာ အဲဒီ မြတ်စွာဘုရားပုံက အာရုံထဲမှာ လှစ်ကနဲ တခဏအတွင်းမှာ ဖူးတွေ့လိုက်ရပါတယ်။ အဲဒါနဲ့ မရှေးမနှောင်းဘဲ အစက ကျွန်တော်ပြောပြတဲ့ အစိမ်းနုရောင် အရောင်ကွက်ကလေးကိုမြင်ပြီး ကျွန်တော် ရုန်းထွက်လာနိုင်တော့တာပါဘဲ။ ဒါကြောင့် ကျွန်တော် ခုလို သေဘေးက လွတ်မြောက်ခဲ့တာဟာ အနန္တော အနန္တငါးပါး ကျေးဇူးလို့ တစ်ထစ်ချ ပြောမိတာပါ။ ။

**သိန်းဆန်းသစ်(ကြံခင်း)**

---

**စာမျက်နှာ(၆၁)မှအဆက်**

''သားကလေး ရေ.... လူကလေးရေ၊ အမေတို့ အဖေတို့မှာ ဒုက္ခတကြီးတွေမို့ သေပျော်ပါပြီ၊ သေချင်ကြပါပြီ၊ အမေတို့အနားကိုမလာနဲ့၊ လွတ်အောင်သာ ပြေးပါကွယ်။ငါ့သားလေး ဘေးအန္တရာယ်ကင်းပါစေ' လို့ အော်ပြောနေရှာပါသေးတယ်။ ဒီစကားကြားရတော့ 'ချွေးမ'မိုက်ကြောင့်လူယုတ်မာဖြစ်ရတဲ့သားဟာ 'မကြားရက်တော့ ပါဘူး၊မမြင်ရက်တော့ပါဘူး။ကျွန်တော်ဖြင့် မှားပါပေါ့အမေရယ်'လို့ တအားသာ အော်ပြီး၊ချုန်းမဲချ၍ ငိုချင်လာတော့ တယ်'တဲ့။ ဒါကြောင့် ဆောက်တည်ရာ မရတော့ဘဲ လှည်းပေါ်မှ ဆင်းပြေးတယ်။ မိဘများမကြားနိုင်တဲ့ နေရာရောက်မှ ရှိုက်ကြီးငင်ကြီး ငိုချလိုက်ရတယ်။ အားရအောင် ငိုပြီးတော့ ခါးပြတွေ ထွက်ပြေးလို့ သူက ရောက်လာသလို တငိုငို တရှိုက်ရှိုက် အဖေနဲ့အမေကို ကြင်နာစွာ ပွေ့ပိုက်လိုက်ပါတော့တယ်ကွယ်။ မောင်လှအေးရေ။

''အဲသည်မြင်ကွင်းကိုတွေးကြည့်လိုက်စမ်းပါလား။ အေး.... အဲဒီအကုသိုလ်ကံကြီးက သံသရာတစ်လျှောက်လုံး မီးခဲပြာဖုံးပါလာခဲ့တယ်''

''ကံကြွေး၊ ဝတ်ကြွေးများ ကြောက်စရာကောင်းလိုက် တာ နော်။ ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကိုတောင် အလွတ်မပေးဘူးနော် ဘဘ''

''ပစ္စေက ဗုဒ္ဓနှင့်ရဟန္တာတို့ကိုမပြောနှင့်သမ္မာသမ္ဗုဒ္ဓ ကိုယ်တော်တို့ပင် မလွတ် နိုင်ကြပါဘူးတဲ့။ 'ဝိပါကမို့ အများမရှောင်နိုင်တယ်၊ ဘုရားတောင် ဝတ်တော်နှင့် မကင်း'လို့ ဆိုကြတယ် မဟုတ်လားကွာ။ အဲသလို ဘဝဟောင်းက 'အပရာပရိယကံ' ကြောင့် ခိုးသားငါးရာတို့က ရိုက်နှိပ်တာကိုခံတော်မူလိုက်ရတယ်။ အရိုးတွေ အသားတွေ စိစိညက်ညက် ကြေကျပြီး။ 'ဆန်ကွဲအိတ်လို၊ ဖွဲအိတ်လို' ဖြစ်နေတဲ့အခါ ကျမှ ခိုးသားတို့က စွန့်ခွာ ထွက်သွားကြတယ်၊ သေလောက်တဲ့ အခြေအနေကြောင့် သေပြီလို့ ထင်သော်လည်း ဘုရား ရဟန္တာများရဲ့ အသက်ဘော်ဟာ သူတစ်ပါး၏ ပယောဂဖြင့် 'ဖြတ်ကနဲ' ပြတ်စဲခြင်း မရှိနိုင်ပါဘူးတဲ့။

''ရှင်မောဂ္ဂလာန်ဟာ သတိရ၍'ငါသည် မြတ်စွာဘုရားကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန်ဝင်စံမည်'လို့ ကြံစည်တော်မူပါတယ်။ မှုန့်မှုန့်ကြေနေသော ကိုယ်တော့်ခန္ဓာကိုယ်ကို 'အဘိညာဉ်ဖြင့် ဖွဲ့စည်းရစ်နှောင် ခိုင်မတ်အောင် ပြုလိုက်ပါတယ်။ အဲဒီနောက် ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား ထံတော်မှောက် ရောက်လာလေတယ်။

''မြတ်စွာဘုရားအားမိမိပရိနိဗ္ဗာန်ပြုမည့်အကြောင်းရှိသေစွာ ရှိခိုးလျှောက်ထားပါသတဲ့။

''ချစ်သား.... အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုမည်နည်း'' လို့ မေး တော် မူ တဲ့အခါ ကာဠသိလ်တောင်နံပါး, ကာဠသိလာကျောက်ဖျာပေါ်မှာ ပရိနိဗ္ဗာန်ပြုမည် ဖြစ် ကြောင်း ပြောကြားတော်မူပါတယ်။ အဲဒီနောက် တော့ မြတ် စွာ ဘု ရား၏ အမိန့်တော်အတိုင်း တန်ခိုးအဘိညာဉ်အမျိုးမျိုးဖြင့် ကောင်းကင်သို့ တက်ကာ တရားဟောတော်မူပါတယ်။ တရားဟောပြီးမှ ကာဠသိလာ ကျောက်ဖျာသို့ ပြန်၍ ပရိနိဗ္ဗာန်ပြုပါသတဲ့ကွယ်''။ ။

**သုခိ အတ္တာနံ ပရိဟရန္တု။**

**သုခ။**

WWW.DHAMMARANSI.NET



စာမျက်နှာ (၂၅) မှအဆက်

ကို တရားစီရင်တဲ့အသံကို ကြားရတဲ့အခါ အတော်အထိတ်တလန့်ဖြစ်ပြီး ''ငါဟာ သူခိုးသတ်တဲ့ဒီအိမ်ကို ဘယ်ဘဝကရောက်လာသလဲ''လို့ စဉ်းစားတဲ့အခါ ဇာတိဿရဉာဏ်ဖြစ်လာကာ တာဝတိံသာနတ်ပြည်က ရောက်လာတာကို သိတယ်။ နောက် ဆက်ပြီး အောက်မေ့တဲ့အခါ ဥဿဒငရဲမှာ အနှစ်ရှစ်သောင်း ဖြစ်ခဲ့ရပြီး၊ ငရဲမရောက်မီက ဗာရာဏသီပြည်မှာပဲ အနှစ်နှစ်ဆယ်တိုင်တိုင် မင်းလုပ်ခဲ့တဲ့ အကြောင်းတွေကို သိမြင်ပြီး မင်းလုပ်ရမှာစိုးလို့ စကားမပြောဘဲ နေတာ မဟုတ်လား။

''ဘုရား လက်ထက်တော်တုန်းကလဲ ဘိက္ခုနီမကလေးတစ်ပါးဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာနေတုန်း ဘုရားရှင်ရဲ့ အလွန်တင့်တယ်တဲ့ ရုပ်ပုံတော်ကို ဖူးမြင်ရလို့ ''ငါဟာ ဘဝပေါင်း များစွာ ကျင်လည်ခဲ့ရာမှာ ဒီယောကျ်ားမြတ်ရဲ့ ဇနီးမယား ဖြစ်ခဲ့ဖူးပါသလား''လို့ စဉ်းစားသတဲ့။ အဲ့ဒီအချိန်မှာပဲ ဇာတိဿရဉာဏ်ပေါ်လာပြီး ရှေ့ဘဝတစ်ခုမှာ စူဠသုဘဒ္ဒါအမည်နဲ့ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းရဲ့ဇနီးငယ် ဆင်မဖြစ်ခဲ့ရပုံနဲ့ ဆင်မဘဝက သေဆုံးပြီး ဗာရာဏသီပြည်မှာ သုဘဒ္ဒါအမည်နဲ့ ဗာရာဏသီမင်းရဲ့ အဂ္ဂမဟေသီဖြစ်ခဲ့ရပုံတွေကို သိမြင်ပါတယ်။ အဂ္ဂမဟေသီ သုဘဒ္ဒါမိဖုရားကြီးဘဝမှာလဲ ဆဒ္ဒန်ဆင်မင်းရဲ့ဇနီး စူဠသုဘဒ္ဒါဆင်မ ဖြစ်ခဲ့ပုံကိုလဲ ပြန်သိသတဲ့။

''စိတ္တသမ္ဘူတ ဇာတ်တော်မှာ လာတဲ့ ဘုရားလောင်း စိတ္တပဏ္ဍိတ နာမည်မှည့်တဲ့နေ့ကစပြီး မိမိဖြစ်ခဲ့ဖူးတဲ့ ဝံလိုင်ငှက်ဘဝ၊ သမင်ဘဝ၊ ဒွန်းစဏ္ဍားဘဝ သုံးဘဝကိုအစဉ်အတိုင်းပြန်သိတယ်။ သူနဲ့အတူတူဖြစ်တဲ့ အာနန္ဒာ အလောင်း သမ္ဘူတပဏ္ဍိတကတော့ အစဉ်အတိုင်း မအောက်မေ့မသိမြင်နိုင်ပဲ ဝံလိုင်ငှက်ဘဝ၊ သမင်ဘဝတွေကို ကျော်ပြီး ဒွန်းစဏ္ဍားဘဝကိုသာ အောက်မေ့ သိမြင်တယ်။

''သီရိလင်္ကာနိုင်ငံ၊ အနုရာဓမြို့ရဲ့ တောင်ဘက် ဘောက္ကန္တရွာသား သုမနသူကြွယ်ရဲ့ သမီး သုမနာ အမျိုးသမီးကလေးဟာ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ အမတ်ကြီးနဲ့အကြောင်းပါပြီး မဟာပုဏ္ဏရွာမှာ နေထိုင်သတဲ့။ အဲ့ဒီရွာကို မဟာအနုရုဒ္ဓါမထေရ်ဆွမ်းခံကြွလာတုန်း အမတ်ကတော်ကို တွေ့တဲ့အခါ ''ငါ့ရှင်တို့ ဝက်မငယ်ကတောင် အမတ်ကြီးကတော် ဖြစ်ရသေးတယ်။ အံ့ဩဖွယ်ကောင်းလိုက်တာ''လို့ နောက်ပါရဟန်းတွေကို ပြောကြားသတဲ့။ အဲ့ဒီစကားကို သုမနာအမျိုးသမီးကြားတဲ့အခါ ဇာတိဿရဉာဏ်ပေါ်လာပြီး ရှေ့ရှေ့က မိမိဖြစ်ခဲ့ဖူးတဲ့ ၁၂–ဘဝကို ပြန်သိတယ်လို့ ကျမ်းဂန်မှာလာတယ်။

''ပြီးတော့ မဟာနိပါတ်၊ မဟာနာရဒ ဇာတ်တော်မှာ အင်္ဂတိမင်းရဲ့ သမီးတော် အရှင်အာနန္ဒာအလောင်း ရုစာဒေဝီခေါ်တဲ့ မင်းသမီးဟာ အတိတ် ၁၂–ဘဝ၊ ပစ္စုပ္ပန် တစ်ဘဝ၊ အနာဂတ် တစ်ဘဝ ပေါင်း ၁၄–ဘဝတို့ကို ပြန်သိနိုင်တယ်တဲ့။

''ကျမ်းဂန်ထဲမှာ အဲ့ဒီလို အကြောင်းအရာတွေ အများကြီးရှိသေးတယ်။ လောကကြီးမှာ ဆန်းကြယ်တဲ့အရာတွေ အများကြီး ရှိပါတယ်။ ဆရာတို့ ဉာဏ်လောက်နဲ့မသိနိုင်တဲ့ အရာဒွေထဲမှာ ကံအကျိုးပေးရဲ့ ဆန်းကြယ်မှုဟာလဲ တစ်ခုပါတယ်။ လူဝင်စားသာ မဟုတ်ဘူး၊ ဆင်၊ သိုး၊ ရွှေဟင်္သာမင်း၊ ငှက်မင်း စတဲ့ တိရစ္ဆာန်များတောင် ရှေ့ဘဝကို ပြန်သိတဲ့အတွက် ဆင်ဝင်စား၊ သိုးဝင်စား၊ ဟင်္သာဝင်စား၊ ငှက်ဝင်စားများလဲရှိတဲ့အကြောင်း ကျမ်းဂန်ထဲမှာ ပြထားသေးတယ်။

''ကျမ်းဂန်ထဲမှာ ပါလာသလိုပဲ ဆရာတို့ နိုင်ငံမှာလဲ ရှေ့တစ်ဘဝ၊ နှစ်ဘဝ၊ သုံးဘဝတွေကို အသေအချာပြန်ပြောနိုင်တဲ့ လူတွေ အများကြီး ရှိပါတယ်။ နိုင်ငံခြားမှာလဲ ဒီလိုပြန်ပြောနိုင်တဲ့လူတွေရှိကြောင်း ဒေါက်တာ မင်းတင်မွန်ရဲ့ 'ရှေ့ဘဝ နောက်ဘဝ စာအုပ်'မှာ ဖတ်ရမှာပေါ့။ ကဲ....ဒီတော့ လူဝင်စား အကြောင်း ယုံပြီလား''

''ဟုတ်ကဲ့....အခု ဆရာရှင်းပြလိုက်တော့ကျွန်မတော် ယုံသွားပါပြီ၊ တမလွန်ဘဝနဲ့ လူဝင်စား ဆက်သွယ်နေတယ်ဆိုတာကိုလဲ သိသွားပါပြီ။ ကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာ့ကို ဦးတင်ပါတယ်''ဟု ပြောဆိုနှုတ်ဆက်ကာ ထွက်ခွာသွားပါတော့သည်။

ထိုတပည့်နှင့် လူဝင်စားဘဝအကြောင်း ဆွေးနွေးချက်များကို ဗဟုသုတပွားနိုင်ရန် ရတနာမွန် စာဖတ်ပရိသတ်အား တင်ပြလိုက်ပါသည်။ ။

**ဓမ္မာစရိယ ဦးအေးနိုင်**

WWW.DHAMMARANSI.NET



**စာမျက်နှာ(၂၃)မှအဆက်**

ကျေးဇူးရှင် ခန္တီး ဆရာတော် ဘုရားကြီး၏ ဆန္ဒတော်အတိုင်း တတိယ ခန္တီးဆရာတော် ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပဆင်နွှဲနိုင်ခဲ့ကြပါသည်။

### ထေရုပ္ပတ္တိ ကျောက်စာတော် စိုက်ထူ

ကျေးဇူးရှင် (အဘိဓဇ မဟာရဋ္ဌဂုရု) ခန္တီးဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို နောက်သားနောင်လာ တပည့်ဒါယကာဒါယိကာမတို့ကောင်းစွာ သိရှိကြည်ညို နိုင်ကြစေရန်အတွက် ရန်ကုန်ရောက် ဆရာတော်ဘုရားကြီး၏ တပည့် သံဃာတော်များက စံတော်ဝင် ထေရုပ္ပတ္တိ ကျောက်စာတော် မော်ကွန်းကို ၁၃၄၈-ခု၊ တန်ခူးလဆန်း ၁၂-ရက် (၁၀-၄-၈၇)နေ့တွင် ခန္တီး စာသင်တိုက် အတွင်း၌ အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ကြပါသည်။ အမြင့်ပေ ၁၃-ပေခန့်ရှိပြီး၊ တာရာဇိုဖြင့် ပြုလုပ်ထားသဖြင့် သာသနာတော် အဓွန့်ရှည်သမျှကာလ ပတ် လုံး တည်တံ့နေမည့် မော်ကွန်းကျောက်စာ တိုင်ကြီး ဖြစ်ပါသည်။ အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇတံဆိပ်တော်များ ပါရှိပြီး နှစ်ဘက်ချော ပြုလုပ်ထားပါသည်။

ကျောက်စာတော် စာ သား များ ကို လည်း တာရာဇို သွင်း၍ လုပ်ဆောင်ထားခြင်း ဖြစ်ပါသည်။ ကျောက်စာတော်နှင့် ပတ်သက်၍ အထွေထွေ ကုန်ကျစရိတ် စုစုပေါင်း (တစ်သောင်းခြောက်ထောင်)ကျပ်ခန့် ကုန်ကျပါသည်။

### စံတော်ဝင် ဗီဒီယိုတိတ်ခွေ

ကျေးဇူးရှင် အဘိဓဇ ဆရာတော် ဘုရားကြီး ခန္ဓာဝန် ချတော်မမူမီ ၄-လခန့်က (နောက်ဆုံးခွင့်ပြုတော် မူချက်အရ) ကိုမျိုးညွန့် (ဗုဒ္ဓဂယာ) ရိုက်ကူး၍ မြန်မာ့အသံ-မင်းခေါင်ကျော် တည်းဖြတ်ပြီး မြန်မာ့အသံ-ဦးဇော်ဝင်း နောက်ခံစကားပြောဖြင့် မှတ်တမ်းတင် ဗီဒီယိုတစ်ခွေ ရိုက်ကူးပြီးစီး အောင်မြင်ခဲ့ပါသည်။ဆရာတော်ဘုရားကြီး စစ်အတွင်းကာလ တရားအားထုတ်ခဲ့သည့် နေရာများ၊ သိတင်းသုံးတော်မူသည့် ဒေသများ၊စိတ်ဝင်စားဖွယ်၊ တရားသံဝေဂရဖွယ်၊ ကြည်ညိုအားကျဖွယ်ရာများဖြင့်စီစဉ်ရိုက်ကူးထားသဖြင့် ဆရာတော်ဘုရားကြီး၏ သီလ၊သမာဓိ၊ ပညာဂုဏ်ကို အာရုံပြု၍ အစဉ်ထာဝရ ကြည်ညိုလိုသူများ၊ ကုသိုလ်ပြုလိုသူများ ရတနာမွန် မဂ္ဂဇင်းတိုက်နှင့် ဆက်သွယ်၍ ဓမ္မဒါန ပြုနိုင်ကြပါသည်။

### အန္တိမဈာပန ပူဇော်ကြ

ရှေ့လာမည့် ၁၃၅၀-ခု၊ ဝါဆို လဆန်း ၈-ရက်နေ့သည် ဆရာတော် ဘုရားကြီး၏ ရုပ်ကလာပ်တော် ပူဇော်ခွင့်၂-နှစ်တိတိ ပြည့်မြောက်ရာ အချိန်အခါဖြစ်သကဲ့သို့ ဝန်းသိုမြို့ ခန္တီးစာသင်တိုက်ကြီး စတင်တည်ထား ဖွင့်လှစ်တော်မူခဲ့သော (၈၅-နှစ်ပြည့်) စိန်ရတုနှစ်လည်း တိုက်ဆိုင်နေပေတော့သည်။ (၁၃၄၅-ခုနှစ်က စိန်ရတုအကြိုပွဲ ပြုလုပ်ပြီး ဖြစ်ပါသည်။)

သို့ဖြစ်၍ အန္တိမ အဂ္ဂိ ဈာပနဖြင့် ပူဇော်ကြရန် စောင့်စား မျှော်လင့်တောင့်တ အာသီသဆန္ဒပြင်းပြနေကြသော တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့ စုပေါင်းညီညာစွာဖြင့် အန္တိမ အဂ္ဂိ ဈာပနဖြင့် ဆရာတော်ဘုရားကြီးအား နောက်ဆုံးပူဇော်ကန်တော့ကြပြီးလျှင်၊ ဆရာတော်ဘုရားကြီး ချမှတ် ဆောင်ရွက် ထားတော်မူခဲ့သော စာသင်တိုက်ကြီးနှင့် ရိပ်သာ နှစ်ဌာနအား ဆက်လက်တည်တံ့စေရန် ဆောင်ရွက် နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။ ။

ဖိုးတြ

WWW.DHAMMARANSI.NET



စာမျက်နှာ (၁၇) မှအဆက်

အဘိညာဉ် ငါးပါးတို့တွင် ကာမဝစရ အဘိညာဉ်ဖြင့် ''တစ်ပါးတည်း ဖြစ်လျက် အများ ဖြစ်ခြင်း အများဖြစ်ရာမှ တစ်ဖန် တစ်ပါးတည်း ဖြစ်ခြင်း'' ဟူသော တန်ခိုးကို ပြသရာ၌ ထူးချွန်သော ပုဂ္ဂိုလ် တစ်ပါး မြတ်စွာဘုရား လက်ထက်က ရှိခဲ့သည်။ ထို ပုဂ္ဂိုလ်ကား အရှင် စူဠပန်ဖြစ်လေသည်။

အရှင် စူဠပန်မှာ အလွန် ဉာဏ်ထိုင်းသဖြင့် အစ်ကို ဖြစ်သူ အရှင် မဟာပန်က ကျက်ခိုင်းသည့် ဂါထာ တစ်ပုဒ်ကို လေးလတိုင်တိုင် ကျက်သော်လည်း မရဘဲ ရှိခဲ့သည်။ ထို့ကြောင့် အရှင် မဟာပန်က သူ့ကို ''သာသနာတော်မှာနေရန် မသင့် လူထွက်ပေတော့'' ဟု နှင်ထုတ်လိုက်သည်။

လူမထွက်လို၍ ကျောင်းဝင်းတံခါးအနီး၌ ငိုနေသော ရှင်စူဠပန်ကို မြတ်စွာဘုရားက တွေ့၍ အဝတ်ပိုင်း တစ်ခုဖြင့် ကမ္မဋ္ဌာန်း ရှုရန် နည်းပေးတော်မူသည်။ အရှင်စူဠပန်သည် အဝတ်ပိုင်းကို လက်ဖြင့် အထပ်ထပ် ဆုပ်နယ်သောအခါ တဖြည်းဖြည်း ညစ်နွမ်းလာသည်ကို တွေ့ရ၍ မိမိ၏ ခန္ဓာကိုယ်ကိုလည်း ထိုအဝတ်ပိုင်းနှင့် ဥပမာပြု၍ ဆင်ခြင်သုံးသပ်သည်။

ယင်းသို့ ဆင်ခြင် သုံးသပ်ရာမှ အနိစ္စ၊ ဒုက္ခ သဘောများ ထင်မြင်၍ စျာန်အဘိညာဉ်တို့နှင့် တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ထိုနေ့တွင် သမားတော်ကြီး ဇီဝကက မြတ်စွာဘုရားနှင့် တကွ ရဟန်းသံဃာ ငါးရာတို့ကို မိမိနေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်သည်။ ဆွမ်းခံကြွရန် သံဃာစာရင်းကို စီစဉ်ညွှန်ကြားရသူကား ရှင်မဟာပန် ဖြစ်၏။ ရှင်မဟာပန်သည် ညီဖြစ်သူ စူဠပန်ကို ထို သံဃာစာရင်း၌ မထည့်ဘဲ ချန်ထားခဲ့သည်။ ထို့ကြောင့် သံဃာအားလုံး ဇီဝကအိမ်သို့ ဆွမ်းခံကြွချိန်တွင် ရှင်စူဠပန်မှာ ကျောင်းတိုက်ထဲ၌ တစ်ပါးတည်း ကျန်နေသည်။

ဇီဝကက ဆွမ်းကပ်ရန် ပြင်သောအခါ မြတ်စွာဘုရားက ဆွမ်းကိုခံယူခြင်း မပြုသေးဘဲ ကျောင်း၌ ရဟန်း တစ်ပါး ကျန်သေးကြောင်း မိန့်ကြားတော်မူသည်။ ဇီဝကက ထိုရဟန်းကိုပင့်ရန် ကျောင်းသို့ လူတစ်ယောက်လွှတ်လိုက်သည်။

ထိုလူ ကျောင်းသို့ရောက်သွားသောအခါ ရဟန်းများ ကျောင်းနှင့်အပြည့် ရှိနေသည်ကို အံ့ဩစွာတွေ့ရသည်။ ထို ရဟန်းတို့တွင် အချို့က သင်္ကန်းလျှော်နေကြသည်။ အချို့က သင်္ကန်းချုပ်နေ ကြသည်။ အချို့က တရားစာ ရွတ်နေ ကြသည်။ အချို့က ကမ္မဋ္ဌာန်းထိုင်နေကြသည်။ အလုံးအရပ် မျက်နှာသွင်ပြင် အသားအရောင် စသည်အားဖြင့်လည်း တစ်ပါးနှင့်တစ်ပါး မတူကြကြောင်း တွေ့ရှိရသည်။

အပင့်လာသောလူသည် ဘယ်ရဟန်းကို ပင့်ရမည်ဟု မသိသောကြောင့် အိမ်သို့ ပြန်သွားပြီး ဆရာ ဇီဝကအား ပြောသည်။ ဆရာဇီဝကက မြတ်စွာဘုရားအား လျှောက်သည်။ မြတ်စွာဘုရားက ''ငါစူဠပန်ပဲ'' ဟု ရှေးဦးစွာပြောသော ရဟန်းကို ပင့်ခဲ့ရန် မိန့်ကြားတော်မူသည်။

ထိုလူသည် ကျောင်းသို့တစ်ဖန်ပြန်သွား၍ ''အရှင်စူဠပန် ဘယ်ကိုယ်တော်လဲ'' ဟု မေးလျှောက်ပြီး ''စူဠပန်ဆိုတာ ငါပါပဲ'' ဟု ရှေးဦးစွာ ပြောသော ရဟန်းကို သင်္ကန်းစတွင် ဆွဲ၍ ပင့်ခေါ်ခဲ့သည်။ ထိုအခါ အခြားရဟန်း အားလုံး တပြိုင်နက် ပျောက်ကွယ်သွားလေသည်။

ကာမဝစရ အဘိညာဉ် ရရှိသော ရဟန်းအများ ရှိသော်လည်း အခြားသော ရဟန်းတို့သည် အရှင်စူဠပန်ကဲ့သို့ များပြားသော နိမ္မိတ ရုပ်ပွား တို့ကို မဖန်ဆင်းနိုင်ကြ။ လေးပါးငါးပါးမျှလောက် ကိုသာ ဖန်ဆင်းနိုင်ကြသည်။ ရှင်စူဠပန်ကား ရာထောင်များစွာသော နိမ္မိတရုပ်ပွား တို့ကိုလည်း ဖန်ဆင်း နိုင်သည်။ တစ်ပါးနှင့် တစ်ပါး မတူအောင်လည်း ဖန်ဆင်းနိုင်သည်။ ထို့ကြောင့် နိမ္မိတရုပ်ပွားတို့ကို ဖန်ဆင်းရာ၌ အရှင်စူဠပန်သည် အထူးချွန်ဆုံးဖြစ်၏ ဟု မြတ်စွာဘုရားက ချီးကျူးတော်မူခဲ့ပါသည်။

ဤသို့ အရှင်စူဠပန်က မိမိတန်ခိုးကို ထုတ်ပြခြင်းမှာ မှတ်ဉာဏ် အလွန်ထိုင်းသူပင် ဖြစ်လင့်ကစား မြတ်စွာဘုရား၏ မှန်ကန်သော လမ်းညွှန်မှုဖြင့် စျာန် အဘိညာဉ် တန်ခိုးများကို ရရှိနိုင်ကြောင်း ရဟန်းရှင်လူ အများတို့ သိရှိသွားကြစေရန် သက်သေပြလိုက်ခြင်း ဖြစ်ပါသည်။ ။

ဓမ္မာစရိယ ဦးမောင်မောင်လေး

WWW.DHAMMARANSI.NET



**စာမျက်နှာ (၃) မှအဆက်**

ကြီးသော အန္တောင်အဖွဲ့, မြမြသော အန္တောင်အဖွဲ့, ခိုင်ခံ့သော အန္တောင် အဖွဲ့သာ ဖြစ်ပါသည်, ဟု လျှောက်၏။

''ဥဒါယိ........ဤအတူသာလျှင် ထိုအချို့သောယောကျ်ားတို့အား ထိုနည်းနည်းပါးပါး ကလေးသည် အားကြီးသော အန္တောင်အဖွဲ့, မြမြသော အန္တောင်အဖွဲ့, ခိုင်ခံ့သော အန္တောင်အဖွဲ့ သာလျှင် ဖြစ်ခဲ့ပေသည်'' ဟု ဟောကြားတော် မူခဲ့ပေသည်။ (မဇ္ဈိမ ပဏ္ဏာသပါဠိတော်လဋုကိကောပမသုတ်)

ဤကား အသေးအဖွဲ့၏ အရေးကြီးပုံကို ဥဒါယိအား ဘုရားမြတ်စွာ ဟောမြွက်တော်မူပုံ ဖြစ်ပါသည်။ ဘာမျှ မဖြစ်စလောက်သော အချက်ကလေး (ဝါ) အသေး အဖွဲ့ကလေးကို သတိမပြုမိ၍ ဘဝတစ်ခုလုံး ဆုံးရှုံးနစ်နာရခြင်းရှိသလို၊ ထိုသာမန် အချက်ကလေးကိုပင် သတိပြုဆင်ခြင်မိ၍ ဘဝတစ်ခုလုံး တိုးတက်ပြောင်းလဲခဲ့ရသော ဖြစ်ရပ်များလည်း အများအပြားပင် ရှိခဲ့ဖူးသည်။

မြန်မာ သက္ကရစ် ၁၀၈၆-ခု၊ နယုန်လ အတွင်းက ဖြစ်သည်။ အင်းဝနေပြည်တော်တွင် နယုန်လဆန်း ၁ ရက် နေ့မှစ၍ လပြည့်နေ့အထိ စာပြန်ပွဲကြီး ကျင်းပလျက် ရှိသည်။ ထိုနှစ် စာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုသူ သုံးရာကျော်ရှိသည်။ ရဟန်း မဖြစ်သေးသော အသက် နှစ်ဆယ်အောက် သာမဏေများသာလျှင် ဖြေဆိုခွင့် ရှိသည်။ သာမဏေများ ဖြေဆိုလိုလျှင် လူဝတ်လဲပြီးမှ ဖြေဆိုရသည်။ စာမေးပွဲဖြေဆိုပြီးလျှင် သာမဏေအဖြစ်သို့ ပြန်လည် ကူးပြောင်းကြရသည်။

သက္ကရာဇ် ၁၀၈၆-ခု၊ နယုန်လ စာပြန်ပွဲကြီးတွင် ထူးချွန်စွာ အောင်မြင်သူ နှစ်ပါး ပေါ်ထွက်လာသည်။ အာဂုံရော သဘောရေးဖြေပါ ဖြေဆိုပုံချင်း တန်းတူရည်တူ ဖြစ်နေသည်။ အစဉ်အလာ အားဖြင့် ပထမကျော်ဘွဲ့ကို တစ်ပါးသာလျှင် ပေးအပ်ရမည် ဖြစ်ရာ စာပြန်ပွဲကြီးကို ကြီးကြပ်ကွက်ကဲရသည့် ဆရာတော်ကြီးများအဖို့ အခက်ကြုံကြရတော့သည်။

ထိုအရှင် နှစ်ပါးမှာ ပခန်းကြီးမြို့နယ် ပိုက်သင်၊ရွာဇာတိဖြစ်သော အရှင် ဉာဏဝရနှင့် ရွှေဘိုမြို့နယ် စမွန်းရွာ ဇာတိဖြစ်သော ရှင်ဂမ္ဘီသာရတို့ ဖြစ်လေသည်။ သူတို့နှစ်ပါးလုံးသည် အင်းဝမြို့၊ အောင်မြေစံလွတ်ကျောင်းတိုက် မိုးထိဆရာတော်ထံ၌ ပညာသင်ကြားနေကြသည့် ဆရာတူတပည့်များလည်း ဖြစ်သည်။

စာပြန်ပွဲကြီးကို ကွပ်ကဲကြီးကြပ်သော ဆရာတော်ကြီးများသည် ပထမကျော်ဘွဲ့ ချီးမြှင့်ရေး အတွက် အခက်ကြုံနေရာမှ နောက်ဆုံးအကြံတစ်ခုရလာသည်။ အရှင် နှစ်ပါးကို လက်ရေးချင်း ယှဉ်ပြိုင် ခိုင်းပြီး လက်ရေးလက်သား ပို၍ ကောင်းသူကို ပထမကျော်ဘွဲ့ ပေးအပ်ရန် ဖြစ်သည်။ သို့နှင့် သူတို့ နှစ်ဦး၏ အဖြေလွှာထဲမှ စာပိုဒ်အချို့ကို ကူးယူ ရေးသားစေသည်။

အရှင် နှစ်ပါးသည် တစ်ချိန်တည်း ရေးကူးကြ၊ တစ်ချိန်တည်းမှာပင် ပြီးဆုံးသွားကြသည်။ ဆရာတော်ကြီးများသည် ပုရပိုက်နှစ်ခုကို ယှဉ်၍ တိုက်ဆိုင်ကြည့်သော အခါ အံ့သြဖွယ် ကောင်းလောက် အောင်ပင် လက်ရေးလက်သားချင်း အရည်အသွေး တူညီနေပြန်သည်။ နောက်ဆုံးတွင်မူ မျဉ်းချပြီး ရေးသားသော ရှင်ဉာဏဝရအား ပထမကျော်ဘွဲ့ အပ်နှင်းရန် ဆုံးဖြတ်တော်မူကြလေသည်။

ယခုခေတ်တွင် မျဉ်းကြောင်း မပါဘဲ လက်ရေးကောင်းကောင်း ညီညီညာညာ ရေးနိုင်ခြင်းကို ဂုဏ်ရည်တစ်ရပ်ဟု ထင်ကောင်း ထင်ကြမည် ဖြစ်သည်။ ရှေးခေတ်ကမူ ထိုသို့ မဟုတ်ပါချေ။ ပုရပိုက်ပေါ်၌ ကံ့ကူဆံဖြင့် ရေးသည် ဖြစ်စေ၊ ပေရွက်ပေါ်၌ ကညစ်ဖြင့် ရေးသည် ဖြစ်စေ။ မျဉ်းသား ရေးရမြဲဖြစ်သည်။ စာရေးရာ၌ မျဉ်းချပြီးမှ ရေးရန်လည်း သတ်မှတ်ချက်ရှိသည်။ 'လက်ရေးကောင်း မျဉ်းကြောင်း မလွတ်စေနှင့်' ဟု ပင် ဆိုရိုးရှိခဲ့သည်။ မြန်မာစာရေးရာတွင် စည်းစနစ်ရှိသည်။ ရေးချင်တိုင်း ရေး၍ မရ။

မြန်မာအက္ခရာ အသတ် တံခွန် အပင့် အရစ်စသည်တို့ ရေးသားရာ၌ အချို့ကို အပေါ် တင်၍ ရေးရသည်။ အချို့ကို အောက်ချ၍ ရေးရသည်။ အချို့ကိုမူ အလယ်ထား၍ ရေးရသည်။ ထိုသို့ ရေးနိုင်ရန် အတွက် 'မျဉ်း' သည် 'စိ' ဖြစ်သကဲ့သို့ 'စည်း' လည်း ဖြစ်သည်။ ရှင်ဂမ္ဘီသာရနှင့် ရှင်ဉာဏဝရ တို့သည် စာပေ ပရိယတ္တိ တတ်ကျွမ်း သည့် အရည်အချင်းလည်း တူပါ၏။ ဆရာတူ တပည့်ချင်း

WWW.DHAMMARANSI.NET



လည်း ဖြစ်ပါ၏။ သို့သော် စာပြန်ပွဲတွင် ရှင်ဉာဏဝရက 'မျဉ်း' ကို သာမန် အသေးအဖွဲ့ ဟူ၍ သဘောမထားဘဲ စာပေရေးသားခြင်း၏ ဥပဒေသနှင့် ကိုက်ညီစွာ ဖြေဆိုခဲ့သည်၊

ရှင်ဂမ္ဘီသာရကမူ 'မျဉ်း' ကို သာမန်အသေးအဖွဲ့ ဟူ၍ မှတ်ယူကာ မျဉ်းမပါဘဲ စာပေရေးသားခဲ့လေသည်။ သို့ဖြစ်လေရာ သာမန်အမြင်အားဖြင့် အသေးအဖွဲ့ဟု ထင်မှတ်ဖွယ် ရှိသော 'မျဉ်း' ကြောင့်ပင် ရှင်ဂမ္ဘီသာရသည် ပထမကျော်ဘွဲ့နှင့် လွဲခဲ့ရရှာလေသည်။ တနည်းဆိုရသော် အသေးအဖွဲ့ကို ဂရုမပြုမိသဖြင့် တစ်ဘဝလုံးအတွက် ဆုံးရှုံး နစ်နာခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့် လောကတွင်မည်သည့် အမှုကိစ္စမဆို အသေးအဖွဲ့ဟူ၍ ဂရုမပြုဘဲ မနေအပ်ချေ။ 'ပျားတစ်စက်ကြောင့် ပြည်ပျက်' ရခြင်းမှာလည်း အသေးအဖွဲ့ကို ဂရုမပြုဘဲ နေသောကြောင့် ဖြစ်သည်။ သို့ဖြစ်လေရာ လောကီ ရေးခွဲသော် လည်းကောင်း၊ လောကုတ္တရာ ရေးခွဲသော် လည်းကောင်း အသေးအဖွဲ့ကို ကြီးကြီးမားမား ဖြစ်မလာအောင် 'သတိတမန် ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့အုပ်' ဆိုသကဲ့သို့ အမြဲမပြတ် သတိပြုဆင်ခြင်ရမည် ဖြစ်ပေသည်။ ။

တင်အောင်သွင်

---

● မြန်မာပြည်တွင် ပထမဆုံးသော အရေပြားရောဂါ ပါရဂူ
● အရေပြားရောဂါ သုတေသနလုပ်ငန်းတွင် အင်္ဂလန်တော်ဝင် သမားတော်များ အဖွဲ့ကဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့် ခြင်းခံရသော ...

အရေပြားရောဂါပါရဂူ ဆရာဝန်ကြီးဦးသာလှ

ထံမှရရှိသောဆေးနည်းဖြင့် ဖော်စပ်ထားသော

ပါရ

<မှတ်ပုံတင်ပြီး>

လိမ်းဆေး

● ပွေး၊ညှင်း၊အက်၊ဂျုတ်၊နှင်းခူအခြောက်ရောဂါများအတွက်သီးသန့်ဖော်စပ်သော ဆေးဖြစ်သည်။ ● မပျောက်လျှင်ဆေးဖိုး ပြန်အမ်းမည် ●
● အသားအရောင်ပင်ကိုယ်ပကတိအတိုင်းချောမွတ်စေရမည်။
● အမာရွတ် ကျန်ခဲ့ခြင်းမဖြစ်ပါ။

ပင်ရင်းဌာန၊ ဒေါ်ခင်ညွန့် ဒေါ်စန္ဒါလှ၊ အမှတ် ၂၉၄– ထပထမပ် ဝဲဘက်ခန်း၊
မောင်ထော်လေးလမ်း၊ ရန်ကုန်၊ ဖုန်း ၇၆၀၆၉။

ရန်ရိုင်သောဌာန ၁။ ဦးတင်လတ်၊ အမှတ် ၁၄၆(ဂျေ) ပြည်လမ်း၊ ရှစ်မိုင်ခွဲ၊ မရမ်းကုန်း။ ဖုန်း ၆၂၂၆၀။
၂။ ဦးမောင်မောင်ကြီး၊ အမှတ် ၁၃၁၊ ၁၆–လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်။ ဖုန်း ၈၂၆၄၈။

WWW.DHAMMARANSI.NET

# ဝိုင်-အမ်-ဘီ-အေ သတင်းလွှာ

## အဘိဓမ္မာ သင်တန်းဖွင့်ပွဲ

ဝိုင်–အမ်–ဘီ–အေ အသင်းကြီးက ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် အခြေခံ ဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းကို (၂–၅–၈၇)ရက်နေ့၊ နေ့ ၁၂–နာရီအချိန်တွင် အသင်းတိုက်၌ ဖွင့်လှစ်ရာ သင်တန်းသူ/သား (၁၂၅)ဦး တက်ရောက်၍ အသင်းအကျိုးဆောင်၊ ဘဏ္ဍာရေးမှူး ဦးကိုကိုမိသားစုတို့က ရေခဲမုန့်၊ အဆော့တစ်ကိတ် မုန့်တို့ဖြင့် ဧည့်ခံလှူဒါန်းသည်။

## စာစစ်ဆရာ ပူဇော်ပွဲ

(၃၈)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် မေးခွန်းထုတ်သည့် အသင်းနာယကကြီးများ ဖြစ်ကြသော ဆရာကြီး ဦးကျော်ထွတ်၊ ဆရာကြီး ဦးအေးနိုင်တို့နှင့်တကွ မင်္ဂလာ စာစစ်ဆရာ (၁၅)ဦးတို့အား ပူဇော်ပွဲကို (၉–၅–၈၇)ရက်နေ့၊ ညနေ ၅–နာရီအချိန်တွင် အသင်းတိုက်၌ ကျင်းပရာ အသင်းကြီးက ငွေသား ၃၇၀၀ိ/ဖြင့် ပူဇော်၍ ဥက္ကဋ္ဌကြီး ဦးသန်းမောင် (မဥ္ဇူသက)က ညစာစားပွဲဖြင့် တည်ခင်း လှူဒါန်းသည်။

---

စာမျက်နှာ (၃၄) မှအဆက်

(–) လောကမှ မကောင်းသော ဘဝသို့ ရောက်မှန်း မသိ ရောက်လာတော့သည်။

အစ်မ၏ ဖြစ်အင်ကို မြင်ရသော အဖေမှာလည်း စိတ်ပျက်လက်ပျက်ကြီး ဖြစ်ကာ မိချောင်းအိုင်တွင်ပင် မနေချင်တော့ဘဲ မိမိ ဘိုးဘွား၊ ညီကိုမောင်နှမများ သိုက်သိုက်ဝန်းဝန်း ခေါင်းချရာ ဖြူးမြို့နယ် မုံးရွာသို့ ပြောင်းရွှေ့နေထိုင်ရန် ကိုပင် စိတ်ကူး ဆုံးဖြတ်လာမိယင်းမှ အစ်မ၏ စိတ်ကြောင့် တစ်ကြောင်း သက်ရှယ်ကြီးရင့်မှုကြောင့် တစ်ကြောင်း ရုတ်တရက် ကောက်ရသလို နာမကျန်း ဖြစ်လာခဲ့တော့သည်။

နောက်ဆုံး ထို လူကြီးရောဂါ စိတ္တဇနာဖြင့်ပင် ကွယ်လွန်ရပြန်ကာ သုသာန်တဲကျောင်းကလေး တစ်ခု ထန်းပင်တစပင် တောအုပ် ချုံနွယ် အချို့ ဖုံး၍ နေသော မိချောင်းအိုင် သုသာန်သချိုင်းတွင်ပင် မြှုပ်နှံလိုက်ရပေသည်၊ ဤတွင် မင်းကျောင်း ဒါယိကာမကြီးနှင့် ကျောင်းဘုရား သံတန်ဆောင်းကြီး ဒါယကာ ဖြစ်သော အစ်မ၏ ဇာတ်လမ်းတား မဆုံးသေး။

မိမိ၏ ယောက္ခမကြီးများနှင့် ချစ်သော ခင်ပွန်းတို့ ခေါင်းချရာ သံတန်ဆောင်းကြီးကို ရည်မှန်းထားသော အစ်မသည် နောက်ဆုံးတစ်ခေါက် သားဖြစ်သူရှိရာ သက်နိုးကျွန်းရှိ အလွန်ခေါင်လှသော အရပ်၌ သွားယင်းလာယင်း ရုတ်တရက် မကျန်းမာ ဖြစ်ရာမှ ကွယ်လွန်ပြန် ရှာသည်၊ မိမိ မည်သည့် အချိန်တွင် မည်သည့်နေရာတွင် ခေါင်းချ သေဆုံးရမည်ကို မသိခြင်း သခ်ါရစစ်လှသည်တကား၊ တရားရဖွယ် ရင်နာဖွယ် ကောင်းသည်ကား အဖေနှင့် အစ်မတို့၏ သေခြင်းတရားမှာ သံတန်ဆောင်း အုတ်ဂူနှင့် လွမ်းစေတီသာ မဟုတ်၊ သာမည အမှတ်အသား အုတ်တိုင် ကျောက်တိုင်လောက်မျှပင် မကျန်ရစ်ခဲ့လေခြင်းပေတည်း။

ဤဆောင်းပါး ဇာတ်လမ်းကို အဆုံးသတ်လျှင်ကား စာရေးသူ၏ မိခင်ကြီးက ကြည့်မြင်တိုင် ကြံတောသုသာန်တွင် လည်းကောင်း၊ အစ်ကို တစ်ယောက်ကား တာမွေ သင်္ချိုင်းတွင် လည်းကောင်း၊ ညီမတစ်ယောက်ကား သာကေတ သင်္ချိုင်းတွင် လည်းကောင်း၊ အသီးသီး သေဆုံးမြှုပ်နှံခဲ့ကြပေရာ–

''မိမိလားရာလဲမသိ၊ သွားရာလဲမသိ၊ မိမိ မည်သည့် အသက်အရွယ် အချိန်အခါတွင် သေဆုံးရမည်လဲ မသိ၊ မည်သည့်ရောဂါ မည်သည့် နေရာတွင် ကွယ်လွန်ရမည်ကိုလဲ မသိ စသော သခ်ါရ တရားငါးပါး စသည်တို့ကို ယခင် ငယ်စဉ်က ဘုန်းတော်ကြီး ဟောပြောခဲ့သည့်အတိုင်း ယခု ဤစာရေးသူနှင့် စာဖတ်သူတို့အဖို့လဲ သိကြပါရဲ့လား ဟူသော မေးခွန်းဖြင့် အဆုံးသတ်နိဂုံးချုပ်ကြပါစို့။''

သစ်ါ



ရုပ်ရှင်၊ ရုပ်လုံး အရုပ်မရှေးသုံး ဆောင်ပေးက-

ရုပ်ပျို သတ်ရှည် တျန်းမာစေသည့်

ဆရာဦးကျော်မြင့် ၏-

ချို-ဆိမ့်-မွှေး-ရသာယန

သဘာဝသတ္တိ


ဝတုမရှိတယ်

ဗုဒ္ဓရှင်တော်ခွင့်ပြုတော်မူခဲ့သည့် ဆေးတော်ကြီး

- စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ကျန်းမာခြင်း၊ ဆီး၊ ဝမ်း၊ လေမှန်ခြင်း။
- ရုပ်ချောခြင်း၊ ရုပ်ပေါ့ခြင်း၊ အမောအပန်း ခံနိုင်ခြင်း၊ အားတိုးခြင်း၊ အသက်ရှည်ခြင်း၊
- စိတ်ဓာတ်ကြည်လင်ခြင်း၊ လေနာ၊ ရင်နာ၊ ဗိုက်နာ၊ ကျောအောင့် ပျောက်ကင်းခြင်း။

အမြို့မြို့ရှိ ဆေးမျိုးစုံဆိုင်များနှင့် မုန့်ဆိုင်ကြီးများတွင် ရနိုင်ပါသည်

ပင်ရင်းဌာန-သဘာဝသတ္တိဆေးတိုက် နှင့် ပရဆေး၊ အမှတ်-၁၁၄၊ ၃၁ လမ်း နှင့် ၂၃၂/၂၃၄၊ ကုန်ဈေးတန်း၊ ရန်ကုန်



အရွယ်တင်၍ နုပျိုလိုသလား?

- အားနည်းနေတဲ့ - အဘိုး-အဘွားပဲစားစား
- အိမ်ထောင်ရှင် - အမောင်-အမိတို့ပဲ စားစား
- ဓမ္မတာမမှန်တဲ့ - အပျိုကြီး-အပျိုလေးတွေပဲစားစား
- သွေးဆုံးနေတဲ့ - အရွယ်လွန်သူတွေပဲစားစား
- ကျား-မ ကြီးငယ် - ဘယ်အရွယ်ပဲ စားစား

စားသမျှတော့-အားရလောက်အောင်

ဆေးစွမ်းပြနိုင်တဲ့

သဘာဝသတ္တိ အားတိုးဆေးရှိတယ်

★ အသေးစိတ်ညွှန်ကြားချက်စာအုပ်ငယ်ပါပါသည်။ ★

အမြို့မြို့အနယ်နယ်ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းတွင်ရနိုင်ပါသည်။

သဘာဝသတ္တိဆေးတိုက်

WWW.DHAMMARANSI.NET




R.645